# ဗုဒ္ဓဓမ္မစကြာတရားတော်

(အနှ-ဥက္ကာ)

J

တောင်တွင်းကြီးမြို့

မြို့သူ မြို့သား နှင့် ဈေးသူ-ဈေးသား, တို့သည်

၅ ရက်တပါတ် ဈေးလွန်တရက်နေ့ကို

၅၉၉၈ -သီတင်းနေ့ သတ်မှတ်၍-

ကျောင်းသို့ လာရောက် သီလ,ဆောက်တည်ကြရာတွင်

၁၃၁၂ ခုနှစ်၊ ဝါတွင်း၌

ဗုဒ္ဓတက္ကသိုလ်-မှ

# သျှင် ဥက္ကဋ္ဌ ဆရာတော်

သီတင်းပါတ်စဉ်

ဟောကြားတော်မူအပ်သော

# ဓမ္မစကြာ

တရားတော်။

သီရိမင်္ဂလာစာပုံနှိပ်တိုက် နှင့် စာအုပ်တိုက်

ယာယီ မှတ်ပုံတင် အမှတ် (၇)

ဖြ-လွမ်း ပေါင်းတည်မြို့-တင်

# နိဒါန်း

“ဓမ္မစကြာ”ဆိုတဲ့ပုဒ်ကို ခွဲလိုက်တဲ့ အခါမှာ “ဓမ္မ” တပုဒ် “**စကြာ**” တပုဒ်ဟူ၍ နှစ်ပုဒ်ကွဲလာသည်၊ ၎င်း နှစ်ပုဒ်တွင် “ဓမ္မ” ဟူသော ပဌမအလုံးကား ကပ္ပါသုံး ဖြစ်သည်၊ သို့ဖြစ်ရာ ၎င်းက ဟောထွက်သော အနက် အဓိပ္ပါယ် လည်း အလွန်မတန် ကျယ်ဝန်း လေ သည်၊ ထိုသို့သောပုဒ်တွင် **ဗုဒ္ဓက**,စက္က(ဝါ)စကြာဆိုတဲ့ စကား တလုံးကို ထပ်၍ ထပ်ဆင့် ခဲ့လေသည်။

**စကြာ၏ သဘောမှာ အမြဲတစေ လှုပ်ရှား၍ နေမှုပင်တည်း**

ဤ နှစ်ပုဒ်ကိုတွဲစပ်ပြီး ထားတဲ့ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က ဗုဒ္ဓ, ကိုယ်တိုင် စတင်၍ လှည့်ခဲ့တဲ့ ဤ “ဓမ္မစကြာ” သည် ယနေ့တိုင် လှုပ်ရှား အသက်ဝင် လျက်ပင်ရှိသည်၊ လူမျိုး အသီးသီးတို့က ဘာသာမျိုးစုံ ပြန်ဆိုပြီး လေ့လာနေကြသည်၊ဥပမာ- မြန်မာနိုင်ငံ တဝှမ်းလုံးမှာပင် ပုဂ္ဂိုလ်အသီးသီးတို့၏ ဘာသာ ပြန်ဆို ချက် အဓိပ္ပါယ် ကောက်ယူချက် အမျိုးမျိုး ပါဝင်သော “ဓမ္မစကြာ”ကျမ်းစာ အမြောက်အများကို တွေ့နိုင်လေ သည်။

ယခု ကျွန်ုပ်တို့ ရိုက်နှိပ်ထုတ်ဝေမည့် ဓမ္မစကြာ,ကား **တောင်တွင်းကြီးမြို့ နတ်မှီတောရ ဆရာတော်၏ ဟောပြောချက် များဖြစ်ပါသည်**။၎င်းတောရ၌ ဈေးကျော်တရက်တိုင်း ဓမ္မ စကြာ,တရားပွဲ ရှိသည်၊ ဥပါသကာကြီး“ဦးလေးမောင်” သည်၊ ၎င်း တရားများကို လက်ရေးနှင့် အမှီလိုက်ခဲ့၊ ကူးယူထားခဲ့သည်၊ ၎င်းမူကို တည်းဖြတ် သုတ်သင်၍ စက်တင် ပုံနှိပ်လိုက်ပါသည်၊

# နိဒါန်း

"ဓမ္မစကြာ"ကား ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုလေလေ ကမ္ဘာ့လူသား အတွက် အကျိုး ရှိလေလေ ဖြစ်လိမ့်မည်၊ ဘာသာတမျိုးတည်းကို မြို့-ရွာ-ပြည်-နယ် အသီးသီးက အကြိမ်ကြိမ် ထပ်ခါထပ်ခါ ပုံနှိပ်၍ ဖြန့်ချိနိုင်လေလေ ထိုလူများအတွက် ထက်မြက်သော အမြင်မှန်ဉာဏ် ပိုမိုပြောင်လက်၍ လာလေလေ ဖြစ်နိုင်သည်။

ထို့ကြောင့်-

ကျွန်ုပ်တို့သည် အဘိုးနည်းဝန်ပါ ဤ ဓမ္မစကြာ ဟောစဉ်ကို လူများစု အမြင်မှန်ပေါက်ရေးကို အာရုံ ရှေးရှုကာ ပုံနှိပ်ထုတ်ဝေလိုက်ပါကြောင်း။

'ပုံနှိပ်ထုတ်ဝေသူ'

---


၁၉၆၄-ခု၊ စက်တင်ဘာလ

ပဌမ, အကြိမ် ရိုက်နှိပ်ခြင်း၊

အဘိုး(၂-ကျပ်)

✻

ထုတ်ဝေသူ "ဒေါ်သန်း"

(မှတ်ပုံတင် ဒီ-အီး ၀၀၀၇၄၀)

အမှတ် (၁၇၂) ၆-လမ်း ပေါင်းတည်မြို့။

✻

ပုံနှိပ်သူ "ဒေါ်သန်း"

သီရိမင်္ဂလာစာပုံနှိပ်တိုက် (မှတ်ပုံတင် အမှတ် ၀၇)

၆-လမ်း၊ ပေါင်းတည်မြို့။

★



နမော တဿ-ဘဂဝတော-အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

•••○○○•••

၁၃၁၂ ခုနှစ်

## တော်သလင်းလဆန်း (၄) ရက်နေ့ဟောသော

# ဓမ္မစကြာ,တရား၊

လူတွေဟာ ငါတို့ဖြစ်နေရတာ-ဘာလဲ ဘယ်လိုလဲ ငါဘယ်က ဖြစ်လာခဲ့-သလဲ၊ သေသောအခါ ဘယ်ကို ရောက်ဦးမလဲ အစရှိသဖြင့်၊ အတိတ်,အနာဂါတ်,ပစ္စုပ္ပန် ထိုသုံးတန်သော ကိစ္စတို့ကို၊ မည်သူမျှ မတွေးတောဘဲ ကြောက်ရမှန်းမသိကြဘဲ၊ ဖြစ်လေရာ ဘဝအတိုင်းသာ ဖြစ်သလို အမှတ်မဲ့ နေလာခဲ့ကြတယ်၊ ထိုအထည်းတွင် ဘုရားမပွင့်မီ ရှေးကမ္ဘာတည်ကတည်းက ဝါဒကြီး ၂-ခု ရှိလာခဲ့တယ်၊ တခုက ဘယ်လိုလဲဆိုတော့ အာရုံငါးပါး ကို ပျော်ပျော်ပါးပါးကြီး ခံစားနေမယ်၊ ထိုအာရုံတို့ကို ခံစားခြင်းကြောင့် ငရဲကြီးတယ်၊ ကုသိုလ်ရတယ်ဆိုတဲ့ တရားဟာ သူတို့မှာ မရှိတဲ့။ တခုကတော့ ဘုရားကိုသာ အားကိုးနေခြင်း၊ ဘာမဆို ဘုရားသခင် ဖန်ဆင်း

ပေးလိမ့်မယ်-ဟု စွဲလန်းယုံကြည်၍၊ ဘုရားကို အားကိုးနေသော အယူဝါဒက တမျိုး။ အဲ—ဤကဲ့သို့ ရှေးက ဝါဒကြီး ၂-ခု ရှိလာခဲ့တယ်၊ ဓမ္မစကြာတရား နှလုံးပြုတော့မယ်ကြံရင်၊ထိုဝါဒ အစွန်း ၂ တန်း၂ စားကို၊တွေးတောစဉ်းစားကြရမယ် ယခုလူတို့ကတော့မေ့မေ့ပျောက်ပျောက်နဲ့ နေ့စဉ်····အလဟဿ အချိန်ကုန်လာခဲ့ကြတဲ့ လူတွေချည့်ပါဘဲ။ထို-အထက်ပါ ရေစီးကြောင်းအတိုင်း မျောချင်တိုင်း မျောလာခဲ့ကြခြင်း ဖြစ်နေကြ၏၊ လူ သတ္တဝါဟာ မိမိ-ဖြစ်နေရတဲ့ အဖြစ်ကို မသိကြခြင်းသည် အခြား ကိစ္စတို့ကို မသိခြင်းမှာ သက်သာသော်လည်း ကိုယ့်အဖြစ်ကို ကိုယ်မသိကြတာဟာ အလွန် အပြစ်ကြီးခြင်းဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ ကိုယ်ရောက်နေတဲ့ နေရာမှ ကိုယ်မသိဘဲကိုး၊ ထိုကဲ့သို့ မသိဖြစ်နေကြလျှင် ဟိုဘက် သည်ဘက် ရန်သူ-ဝိုင်းထားခြင်း ခံရသူသည် ထွက်ပေါက်ရှိလျက်နှင့် ထွက်ပေါက်ကို မသိသောသူနှင့် တူနေတော့၏။

ဓမ္မစကြာ····ဆိုတာ ကလေးများ ထမင်းဆီဆန်း လုပ်ကစားတဲ့-အခါ ဖြစ်ပေါ်လာသကဲ့သို့ဘဲ၊ ကလေးများဟာ ဟင်းရွက်ကလေးတွေ ခူးပြီး တွင်းကလေးထဲ ထည့်၍ ပိတ်ပြီးလျှင်၊ အပေါ်က လက်နှင့်များများ ပုတ်ပေးသလောက် အတွင်းက ဟင်းရွက်ကလေးတွေ နူးနပ်စိုရွှဲ လာဘိသကဲ့သို့၊ ထို့အတူ့ဓမ္မစကြာတရားမှာလဲ ရွတ်ပါများလာလျှင် အနက်အဓိပ္ပါယ် ပေါ်-ပေါ် လာရတယ်။

ယခုတော့ လူတွေရော,ဘုန်းကြီးတွေပါ၊ အများအားဖြင့် ဘာကိုမျှ မစဉ်းစားကြဘဲ၊ စားခမ်း-သောက်ခမ်းတွေနဲ့ နေ့ကုန် သွားကြတာဘဲ။ နေ့စဉ်-နေ့တိုင်း သည်လိုနဲ့ဘဲ အချိန်ကုန်လာခဲ့ကြတော့၏။ မွေးတဲ့နေ့က စ၍ ယခုနေ့ထိ ဘာဖြစ်နေတယ်–ဆိုတဲ့ လက်ရှိ အခြေအနေကို၊ တွေးတော စဉ်းစားကြရမယ်၊ တကယ်စုံစမ်းကြည့်တော့၊ ဘယ်သူမှ မစဉ်းစားကြပါဘူး၊ စဉ်းစားရမှန်းလဲ မသိခဲ့ကြဘူး၊ အသက်ကလေး တော်-တော်ကြီးလာတော့၊ ကျောင်းကန်ဘုရား သွားပြီးလုပ်တော့ လုပ်နေကြပါရဲ့၊ သို့ပေမဲ့ ယခု-နေရတဲ့ အချိန်ကာလကြီးဟာ အစ,အဆုံး ရှိသလား– မရှိဘူးလား– မတွေးတော မစဉ်းစားကဲ့ကြဘူးဘဲ။ အမှန်က ယ ခု နေ့ ရယ် အတိတ်က လွန်ခဲ့တဲ့ ရက်တွေရယ်၊ နောက်,အနာဂါတ်ဖြစ်လာကြအုံးမဲ့ရက်တွေရယ်၊ ၃-ပိုင်း-ပိုင်းပြီး စဉ်းစားကြရမယ်။

ယခုတော့ လူတွေဟာ အနိမ့်ဆုံး အတန်းက စပြီး အထက်တန်း ခေါ်ကြတဲ့ အမေရိကန် နိုင်ငံက ထရူးမင်းဘဲ-ဖြစ်ဖြစ်၊ ဘသူဘဲဖြစ်ဖြစ်၊ ယခုနေ့ကုန်လျှင်နောက်နေ့ ရောက်လာအုံးတော့မယ် လောက်ကိုဘဲ သိပြီး၊ မနေ့က ငါဘာလုပ်ခဲ့သလဲ၊ နောက်နေ့၌ ဘာဖြစ်လိမ့်အုံးမလဲ တို့ကို မတွေးတော မစဉ်းစားကြဘဲ၊ ယခု-ပစ္စုပ္ပန် မျက်မှောက်ဘဝကလေးအတွင်း၌သာ၊ လက်ငင်းဒိဋ္ဌ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ–တည်းဟူသော ခံစားခြင်း ကာလကလေးအထဲမှာသာ၊ ပျော်မြူးနေကြတာပါဘဲ။ အတိတ်

အနာဂါတ် အစွန်း ၂ ခုကို မသိကြ၍၊ ပစ္စုပ္ပန် ကာလ၌ မြူးနေကြ သူတို့သည်၊ ထွက်ပေါက်ကို မသိသောသူနှင့် တူနေသဖြင့် အလွန် ကြောက်စရာကောင်းတယ်၊ အများ အားဖြင့် ဘုန်းကြီးတွေကလဲ တကယ် မသိကဲ့ကြဘူးဘဲ၊ ဗုဒ္ဓဘုရားမျက်စိနဲ့ ကြည့်တဲ့အခါကြတော့မှ အစွန်း ၂ ခု ကို မြင်တော်မူသဖြင့်၊ ပဉ္စဝဂ္ဂီ-တို့အား မင်းတို့ အစွန်း ၂ ခုကို မြင်ရဲ့လား၊ မိမိတို့ ရောက်နေတဲ့ နေရာနှင့်၊ ယခု မိမိတို့ ဖြစ်နေကြတဲ့ ဘဝအဖြစ်ဟာ ဘာတွေလဲ—၊ ဘာ ဖြစ်၍ နေကြတာလဲ····သိကြရဲ့လား····ဟု မေးပြီးလျှင် လောက၌ အစွန်းကြီး ၂ ခု ရှိကြောင်းပြော၍၊ ဒွေမေ ဘိက္ခဝေ အန္တာ ယောစာယံ ကာမေသု ကာမ သုခလ္လိ ကာ နုယောဂေါ နှင့်၊ အတ္တ ကိလ မထာ နုယောဂေါ၊ အစွန်း ၂ ခုရှိတယ်၊ ထိုအစွန်း လမ်းစဉ်ကို သိချင်လျှင် မင်းတို့၏ ခန္ဓာကိုယ်ကို သိရမယ်တဲ့။ ကို့ ကိုယ် ကို သိတော့ ဘာဖြစ်သလဲ၊ လူဟာ ဘာလဲလို့ သိလာမယ်။ ဘုရားသခင်က ကောဏ္ဍည—မင်းဟာ ဘာလဲဟု မေးပြီး မင်းဟာ သတ္တဝါတယောက် ဖြစ်တယ်၊ သည်တော့ မင့်မှာ ဘာတွေရှိသလဲ သိရမယ်····တဲ့၊ တကာမကြီးတို့ လဲဘဲ ကို့ကိုယ်ကို ငါဘာတုံးလို့ မေးပြီးလျှင်၊ ငါဟာ ဘာလဲလို့ မျက်စိထဲမှာ မြင်လာရမယ်—မြင်ကြရဲ့လား···· ဝဇီယာတို့ ဝဋ္ဋကြတော့ အခြားဟာတွေ စဉ်းစားမနေ ဘူး၊သတ္တဝါဟာဘာလဲလို့တန်းသိတာဘဲ။ တကာမကြီး ဒေါ်စံရှား သတ္တဝါဟာ ဘာလဲလို့ မေးလျှင် ဘယ်လို ဖြေမလဲ ခါတ်ရှစ်ပါးဘာဘုရား အဲဒီလို ခါတ်ရှစ်ပါးလို့

ဖြေလျှင် လွဲတော့ မလွဲပါဘူး၊ သို့သော်.... အသေးစိပ် စစ်ကြည့်တော့ မမှန်သေးဘူး ဖြစ်လာလိမ့်မယ်၊ မပြည့်စုံသေးဘဲကိုး။ သေချာစွာ မသိတဲ့ လူအတွက်၌၊ ဘာမှ နားမလည်ဘူး ရှိလိမ့်မယ်၊ သတ္တဝါဟာ ခေတ်ရှစ်ပါးဘာလိုသာ ဘုရားက ဝဂ္ဂီဘို့ကို ဟောလျှင်၊ မုချ ဘုရားနဲ့ ဝဂ္ဂီတို့နဲ့ စကားများနေကြမှာဘဲ၊အမှန်ကာ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယ-တို့ စက်လည်နေတာ ကို သတ္တဝါလို့ ခေါ်တာဘဲ၊ ထို စ, သ, ဃ, ဇ, က, ဟ, တို့ အားလုံးပေါင်းစီး၍ အလုပ် လုပ် နေစဉ်အခါ သတ္တဝါ ခေါ်၏။ကောင်းပြီ ၎င်းတို့၏ လုပ်ငန်းစဉ်ကို ကြည့်ကြစို့ မျက်စိက ဘာလုပ်သလဲ ကြည့်တယ် မြင်ချင်တယ်၊ နားက ကောင်းတာကလေး ကြားချင်တယ်၊ အစရှိသဖြင့် ကျန်သော ဃာန ဇိဝှါ ကာယ ဟဒယတို့-ကလဲ သူတို့ သဘောကြ သူတို့အကြိုက်ကို လိုက်လုပ်နေကြခြင်းဟာ ကာမ သုခလ္လိကာ နုယောဂ အစွန်းတခု ခေါ်တယ်၊ နောက်,တခုက ကိုယ်ကိုညှင်းပန်းတဲ့ အတ္တ ကိလ မထာ နုယောဂ အစွန်း တခုပါဘဲ၊ ကိုယ်ကို ညှင်းပန်းတယ် ဆိုတော့၊ဘယ်သူ့ ကိုဘယ်သူက ညှင်းပန်းသလဲ၊သတ္တဝါ ခေါ်ရတဲ့ စ,သ,ဃ,ဇ,က,ဟ-တို့ အကြိုက် လုပ်ချင်တဲ့ အလုပ်ကိုလုပ်မရအောင်အတင်းပိတ်ပင်ခြင်းပါဘဲ၊ ဘာကြောင့်လဲ အတွင်းမှာရှိတဲ့ ဟဒယ အတ္တကောင် နိုင်းစေရာကို လုပ်နေရသဖြင့် ဒုက္ခဖြစ်တယ်၊ ထို ဟဒယ အတ္တကောင် နိမ့်သွားအောင် သူခိုင်းစေတဲ့ လက်ပါးစေ အစေတပါးတည်းဟူသော မျက်စိ နား လက်ခြေ ကိုယ်ကာယ

No. 2

တို့ကို ညှင်းဆဲပေး····တဲ့ အတ္တ ကိလ မထာ နုယောဂ အလုပ်ပါဘဲ၊ အမှန်က ကာမဂုဏ်ကို အ ကုန် ခံ စား ရအောင် အလုပ်နဲ့။ မခံစားနိုင်အောင် နှိပ်စက် ညှင်းဆဲ ပေးတဲ့ အလုပ်၊ ထို ၂ လုပ်ကိုဘဲ လုပ်နေကြတာ မဟုတ် လား။ အဲ–ဒီလို ခံစားချင်တဲ့ ပဉ္စာမျိုး-တို့ကို ပိတ်ထား ခြင်းသည် အတ္တ ကိလ မထာဘဲ၊ ခံစားချင်တိုင်း ခံစားဟု လွှတ်ထားခြင်းသည် ကာမ သုခလ္လိကာ နုယောဂဘဲ။ အဲ–ယခု လုပ်နေကြတဲ့ အလုပ်ကိုလဲ သိပြီ၊ ၎င်းကိုပင် အစွန်း ၂ ခုဟုလဲ နားလည်ပြီ၊ ယခု ငါဟာ ဘာလဲနဲ့ သတ္တဝါ ဆိုတာကိုလဲ သိကဲ့ကြပြီ၊ ယခု ပစ္စက္ခထဲ ရောက် နေတဲ့ စ, သ, ဃ, ဇ, က, ဟ, တို့ စက်လည်မှုကိုလည်း သိရန်အရေးကြီး၏သေသည်၏အခြားအမဲ့၌သတ္တဝါဟု ခေါ်ရတဲ့ စက္ခု သောတ ဃာန ဇိဝှါကာယ ဟဒယ တို့ ဟာ အမွေအစရှာမရအောင် ပျောက်ပျက်ကုန်သလား မပျောက်မပျက်ဘူးလား သိရန် လိုလာ၏။

. သတ္တဝါဆိုဘာထဲက ချက်လုံးကို ထုပ်ကြည့်ရမယ် ကို့ကိုယ်၌ ရှိတာတွေဟာ ဘာတွေလဲ-ဟု တိကျ သေချာ စွာ မသိကြ၍ လိုက်ကြိုက်နေ၏၊ ဘာတွေလဲဟု အမှန်ကို သိလာကြလျှင် မကြိုက်တော့ဘူး မလိုချင်တော့ဘူး ရှိလာကြပါလိမ့်မယ်။ ယခုတော့ အလွန် အရုပ်ဆိုး–တဲ့ တကာမကြီး တယောက်ဟာ နူနာစွဲကပ်၍ သွေးပုတ် ပြည်ပုတ်တွေ တရွှဲရွှဲ လက်တို–ခြေတို ခန္ဓာကိုယ်ကြီးနဲ့ တွဲနေရစေကာလည်း၊ ဟောဒီ စိန်နဲ့သံပုရာရည် ဖျော် ထားတဲ့ခဲဆေးကို သောက်လိုက်ပါ၊ သေသည်၏ အခြား

မဲ့၌၊ ပစ္စည်း ဥစ္စာ ပေါတဲ့ အပျိုချော ကလေး ဘ၀ သို့ ရောက်ပါစေ့မယ်—ဟု ၀န်ခံသော်လဲ၊ လက်ရှိခန္ဓာကိုယ် ကိုစွဲ၍ သေပွဲသို့ မ၀င်၀န့်ဘဲ ရှိနေကြ၏။ အဲ....ဒါ ဘာ ကြောင့်လဲ ကို့ကိုယ်ကိုဘာလဲဟု မသိမှုပါဘဲ သေမှုသာ မခွဲနိုင်သလား မဟုတ်သေး၊ ရှင်တုံးလဲ တကာမကြီးတို့ အမေရိကန်နိုင်ငံကို လိုက်ခဲ့ကြပါ။ ဟိုကြတော့ အထပ် ၁၀ ရှိတဲ့တိုက်ကြီးပေါ်မှာ အလိုရှိတာတွေအကုန်ပေး၍ အေးဆေးစွာ နေပါစေမယ်ဟု ၀န်ခံလေသော်လဲ၊ ယခု တရားနာ နေကြတဲ့ တကာမကြီးတို့ အထဲက ဘယ်သူ လိုက်နိုင်ကြပါမလဲ၊ တကယ်ဆိုတော့ မြေးကလေးနဲ့ သမီးထွေးကြောင့် ဘာကြောင့် ညာကြောင့်နဲ့ ကြောင့် အမျိုးမျိုးတွေ ဆင်ခြေပေးပြီး မလိုက်နိုင်ဘူး ရှိကြလိမ့် မယ်၊ အဲ—ဒါ ဘာကြောင့်လဲ စင်စစ်တော့ ကို့ကိုယ်ကို ဘာလဲဟု သေချာစွာ မသိမှုကြောင့်ပါဘဲ။

အကယ်၍ ထောင်ထဲကျခံနေရတဲ့ သူများလို ငါတို့ သည် ထောင်ထဲကျခံနေရတဲ့ အကျဉ်းသားတွေပါလား လို့ ထောင်သားတို့ သိပုံမျိုး သိကြလျှင်၊ မြန်မြန်လွတ်တဲ့ နည်းနဲ့ထွက်ပေါက်ကိုရှာကြမှာပါဘဲ၊မသိကြသေးခြင်း ကြောင့် ကိုင်မိကိုင်ရာဆိုသလို၊ရောက်မိရောက်ရာ ဖြစ်နေ ကြတာတွေဘဲ၊အဲဒါဟာအတ္တဥပါဒါန် တွေဘဲ၊ပဥ္စမ,မေး ခြင်းမှာ သတ္တ၀ါဟာ ဘာလဲတဲ့၊ သတ္တ၀ါသည် စ,သ ယ,ဇ,က,ဟ-တို့ ပေါင်းစပ် ဖွဲ့ဆီးထားတာကို ခေါ်၏။ ၎င်း ၆ ခုဟာ ဘာတွေလဲဟု သိရန် မျက်လုံး တလုံးကို ချွတ်၍ ခွဲထုပ်စစ်လိုက်တော့ ပ,အာ,၀ါ,တေ ဓါတ်ကြီး

၄ ပါးဘာဘဲ၊ ကောင်းပြီ ထိုမျက်လုံးကို ကြာရှည်စွာ ထားကဲ့လျှင်၊ ခြောက်သွေ့ပြီး အမှုန်အမွှားတွေဖြစ်လာ၍ ကြာတော့ ကောင်းကင် အာကာပြင်ရှိ အနန္တကာလ ရုပ်-ပစ္စည်းတွေနဲ့ ပေါင်းစပ်၍ သွားတော့မည် အမှန် ဖြစ်၏။ ထိုမျက်လုံးတည်းဟူသော ရုပ်—ပစ္စည်းကလေး သည်ကြာရှည်လာသောအခါ အထက် အနန္တကာလသို့ ရုပ်ဓါတ်အဖြစ်သို့ ပြန်၍ ပေါင်းစပ် သွားသည် ဆိုလျှင် မူလ,ဇာစ်-လာခဲ့သော ရင်းမြစ်သည်လည်း အနန္တကာလ အာကာသထဲကပင် လာခဲ့သည်ဟု အဖြေပေးနိုင်ပေလိမ့် မည်။သို့လျှင် ယခုပြန်၍ ရောယှက်ပေါင်းစပ်သွားသော နေရာမှ တနေ့သောအခါ အကြောင်း အပေါင်း တိုက် ဆိုင်၍ ဓါတ်ကြီး ၄-ပါးအဖြစ်နှင့်၊ လူသတ္တဝါ၏ မျက် လုံးလာရောက် မဖြစ်နိုင်ဟု မည်သူပြောဆိုနိုင်ပါအံ့နည်း တိုက်ဆိုင်လာလျှင် ဖြစ်နိုင်ပေ၏။ ထို့ကြောင့် မိမိမှာရှိတဲ့ စ-သ-ဃ-ဇ-က-ဟ, ရုပ်-ပစ္စည်းတွေဟာ ဗဟိဒ္ဓ နှင့် ဆက်သွယ်လျက် ရှိခြင်း၊ သိကြဘို့ အရေးကြီး၏။ အနန္တ ကာလ အတိတ်,အနာဂါတ်,ပစ္စုပ္ပန်-တို့နှင့် ဆက်လျက် ပါလားလို့ သိနေကြရမယ်။ မိမိဘို၌ ရှိသော ရုပ်ပစ္စည်း တွေဟာ ဘယ်ကလာတယ်၊ နောက်,ဘယ်ကိုသွားအုံး မယ်တို့ကို မသိကြခြင်းနှင့်၊ ယခု ငါဘာဖြစ်၍နေသည်ကို မသိကြတာ အဆိုးဝါးဆုံးဘဲ။ ကောင်းကင် အာကာပြင် သို့ ဒေါ်သန်းတင်ရဲ့ မျက်လုံးက ဓါတ်ကြီး ၄ ပါးဟာ ရောက်သွားနိုင်ခြင်းကို သိပြီ၊ မူလက လာတာကော အနန္တ ကာလ အာကာသက လာ၍၊ သံထာန ဂနတွေ

ယူပြီး မျက်လုံးလို့ဖြစ်လာကြတာပါဘဲ ယခုလူ့သတ္တဝါ ကိုယ်မှာရှိတဲ့ စ-သ ဃ-ဇ-က-ဟ,တို့ကို သွားတဲ့နေရာနဲ့ လာတဲ့ နေရာကို ဘုရားက ပြပြီ မိုယ်းရွာတာလို ပါဘဲ အမှန်မှာ သည်က သွားတဲ့မိုယ်းရေတွေ ပြန်လာ၍ ရွာချ သလိုပါဘဲ ကာမ သုခလ္လိကာ နုယောဂ ခံစားချင်မှု ထို ၅-ခုတို့၏ အဆက်အသွယ်တွေဟာ ဟိုဘက်က လာ တဲ့ဓါတ် သည်ဘက်က ပြန်သွားတဲ့ ဓါတ်ရုပ်တွေဘဲလို့ သိကြရမယ် မိမိခေါင်း၊ကဆံပင်တချောင်း ချွတ်ပြီးတော့ မိ ရှု၊ကြည့်လျှင် အနန္တကာလထဲ ရောက်သွားတာ သိရ လိမ့်မယ် ထိုသို့ဖြစ်လျှင် ခေါင်း၌ ကျန်ရှိနေတဲ့ ဆံပင်တွေ ကော ဘယ်ကလာသလဲ ထို အနန္တကာလထဲက လာ တာဘဲလို့ လင်းလာလိမ့်မယ် ၎င်းတို့ကို သိရန် အတိတ် အနာဂါတ်,ပစ္စုပ္ပန်-တို့ကို ၃ ပိုင်း ပိုင်းပြီး ကြည့်ခြင်းဘဲ ၂၄-ပစ္စည်းဆိုတာလဲ ဘုရားသခင်က အနန္တ ကာလကို ၂၄-ပိုင်း-ပိုင်းပြီး ကြည့်ခြင်းပါဘဲ ၂၄-ပိုင်း-ပိုင်း၍ကြည့် ဦးမည် ဆိုလျှင် အလွန် အသေးစိပ် သွား၍ မမြင်နိုင်ဘူး ရှိကြလိမ့်မယ် သုံးပိုင်းမျှလောက်တောင် မမြင်နိုင်ကြဘဲ ကိုး တရားအားထုတ်ကြတဲ့ ယောဂီ ပုဂ္ဂိုလ်တို့ဟာ မိမိ တို့နှင့် ဆိုင်သာ၍ သိသင့် သိထိုက်သော တရား တို့ ကို သိအောင်ကြိုးစား၍ မိမိတို့နှင့်မဆိုင် မိမိတို့ မမှီနိုင်သော တရားတို့ကို တွေးတော စဉ်းစားနေရန် မလိုချေ။

နတ်မှီကျောင်း ဦးဥက္ကဋ္ဌ-က စာတတ်တိုင်း ထင်ရာ မြင်ရာတွေ ဟောနေသည်ဟု မထင်ကြနှင့် ဘုရား ကိုယ် တိုင်က ပုဗ္ဗကောဒိ နု,နာယတိ-တဲ့ ရှေးအဘိုကတည်းက

ရှိနေသော ရုပ်-ပစ္စည်းတွေကို ဘယ်ကစ၍ ဘယ်ပုံ ဖြစ်ပေါ်တယ် ဆိုသည့် အကြောင်းကို ကျုပ်တို့ စဉ်းစား၍ နေရန်မလို အဘယ်ကြောင့် ဆိုသော် ကျုပ်တို့ အဖို့မှာ အဖြစ်တရားကိုသာ မှုတည်လျက် ထွက်လမ်းကို ရှာရ မှာကိုး အဲ-ဒါကြောင့် ပစ္စုပ္ပန်ဟာ ကျုပ်တို့နှင့်ဆိုင်တယ် မဇ္ဈိမာ ပဋိပဒါကို ဟောရမယ် ပဋ္ဌာရုံတို့ကို လိုက်စား ခံစားခြင်းဟာ ကာမသုခလ္လိကာနုယောဂ ဘဲ ၎င်းတို့ကို မလိုက်စား မခံစား ရအောင် နှိပ်စက် ပိတ်ပင်ခြင်းသည် အတ္တ ကိလ မထာ နုယောဂ-ဘဲ ထို ၂ စွန်းကို ဖယ်ကြ ပါယ်ကြတဲ့။

စာရဝါကျ ဘုရားလက်ထက်တုံးကတော့ ထိုအာရုံ ငါးပါးကို လိုက်စားချင်သမျှ လိုက်စားကြ အပြစ်မရှိဟု ဟောခဲ့ဘူး၏။

ထို နှစ်စွန်းကို အား ထုတ် လုပ် နေ ကြ ခြင်း သည် အမှန်ကတော့ ချမ်းသာ သုခ ကို လိုလား၍ လုပ်နေကြ ခြင်းပါဘဲ သို့သော် အမှန်မဟုတ်သဖြင့် ဘယ်အစွန်း လုပ် သူတွေမှ သုခ-ချမ်းသာကို မရခဲ့ကြဘူး ကာမ သုခလ္လိ ကာ နုယောဂ စိတ်အလိုကိုယ်အကြိုက် အာရုံငါးပါးကို အဆုံးအထိ လိုက်စားသူတို့ကို ကြည့်လိုလျှင် ဆေးရုံ သွား၍ကြည့်က မြင်ရလိမ့်မယ် ကိုယ်ကို ညှင်းပန်း... တဲ့ အတ္တ ကိလ မထာ နုယောဂ သမားတွေဟာလဲ တော တောင်ထဲ၌ သစ်ရွက်တွေကို စားပြီး ကျင့်ကြတာ ကြာ တော့ ချိုးစိမ်းပြီး သေ ကြ ရ တာ ပါ ဘဲ ဘာမျှမဖြစ်ကြ ထို အတ္တ ကိလမထာပဲ ဘယ်လိုလဲဟု ဥပမာပြရလျှင်

မြို့ထဲကပါလာကြတဲ့ တွေ့လာကြတဲ့ အကောင်းကလေး တွေ အလှကလေးတွေ မျက်လုံးထဲပါလာလျှင် နတ်မှီ ကျောင်းက ဆေးရွက်ကြီးနှင့် ထုံးနဲ့ တေပြီး မျက်စင်း ခပ်ပေး၍ ဖျောက်ဖျက်ပြစ်တဲ့နည်းပေါ့ စိတ်အလို ကိုယ် အကြိုက် ကာမ သုခလ္လိ ကာ နုယောဂေါ အစွန်းကို ဘုရားက ဟီနော၊ ယုတ်သော။ ဂမ္မော၊ ရိုင်းသော။ ပေါထုဇ္ဇနိကော၊ ရွာသူတို့၏ အလေ့ဆိုးတွေဟုနှိမ်ချ၍ ဟောတော်မူ၏။ အတ္တ ကိလ မထာ နုယောဂေါ၊ ကိုယ် ကို ညှင်းပန်းတဲ့ အလုပ်ကြတော့ ယုတ်သောဟု မဟော ဘဲ ဒုက္ခောနှင့် အရိယာတို့ မပြုအပ်ကြောင်းကိုသာ ဟောတော်မူ၏ သို့သော် ထို ၂ စွန်းသည် ဘယ်အစွန်းမှ မမှန် ပါယ်ကြ—ဟု မိန့်ဟ၍ နိဗ္ဗာန်ကို အမှန်ရနိုင်သော မဇ္ဈိမာ ပဋိပဒါ အလယ် မဂ္ဂလမ်းကို ဟောတော်မူပေ သတည်း။

**တော်သလင်းလဆန်း (၉) ရက်နေ့ ဟောသော ဓမ္မစကြာတရား**

**ဒုက္ခသစ္စာ၊** တရားနာလာကြတဲ့ ပရိသတ်တို့ကို လဲ ပန်ချာပီ လောကမှာ ဆေးလိပ် မသောက်ရဟု မီးရထားပေါ်မှာ ရေးထားသကဲ့သို့ စာ ရေးကပ်ထားအုံးမှာဘဲ ထင်တယ် ဒါတွေလဲ ဉပါဒ်ါန်တွေ ဘဲ နဂိုကမောဟတိမ်ဖုံးနေသောမျက်လုံးကလေး ၂-လုံး ထဲ၌ တိမ်ဖုံးနေကြတာဘဲ ဆေးလိပ်သောက်ထာဟာ အငွေ့တိမ်တွေ မျက်လုံးကိုဖုံးလွှမ်းခြင်းဘဲ အဲ-ဒါကြောင့်

၄၇၅၀

တရားနာခဲပေမဲ့ အမှန်ကို မမြင်နိုင် မသိနိုင်ကြဘူးဖြစ်နေ တတ်တယ် တရားနာပြီးတော့ ထိုင်သောက်ကြတာပေါ့ တရား နာနေတုံးတော့ ဆေးလိပ်ကို ချထားကြပါအုံး မနက်စောစောတုံးက ဆေးပေါ့လိပ်ကြီးကို တခါတည်း ဝအောင် သောက်လာကဲ့ကြလျှင်လဲ ပြီးတာဘဲ သက္ကတ ကျမ်းကြီးများကြတော့ လူ့ပြည်မှာ ဘာကောင်းတယ် ညာကောင်းတယ်နဲ့ ပြောကြပါတယ် အထက် ဗြဟ္မာ ပြည်က ဗြဟ္မာကြီးကို ဘယ်ဟာသည် အကောင်းဆုံးလဲ ဟု မေးတော့ ထိုမျက်နှာ ၄ ဘက်နဲ့ ပါးစပ်ပေါက် ၄-ခု ရှိသော ဗြဟ္မာကြီးက "တမာလံ-တမာလံ-တမာလံ" ဆေးလိပ်သောက်ထာ အကောင်းဆုံးဘဲလို့တော့ ပြော သွားသတဲ့····

ကိုင်း····တရားကြေစို့ အရင်အပတ်က မေ့စကြွာ တရား အစွန်း ၂-ပါး ပြီးသွားပြီ တေခေါ် ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိ သမ္ဗုဒ္ဓါ၊ အဲ့-အစွန်း ၂-ပါးပါယ်ပြီး အလယ်လမ်းကို လိုက်ရလိမ့်မယ် မဇ္ဈိမာ ပဋိပဒါက တထာဂတ ဖြစ် အောင် လုပ်ရတာ့ဘဲ တထာဂတကို မြန်မာပြန်က ဘုရား လို့ ပြန်ထားတယ် အမှန်က အဘိ သမ္ဗုဒ္ဓါ ထိုးထွင်း၍ တထာဂတ ဖြစ်အောင် ဘယ် သူ ဘဲ ဖြစ် ဖြစ် ထိုးထွင်း၍ သိသော တထာဂတ—ဘွဲ့ ရသူကိုခေါ်တာပါဘဲ တရား အစဉ် အတိုင်း ဆိုလျှင် အလယ်လမ်း မဂ္ဂလမ်းစဉ်ကို ဆက်ဟောရလိမ့်မယ် သို့သော်လဲမဂ္ဂလမ်းစဉ်က ၂-ဆင့် ပါနေသဖြင့် နောက်,တဆက်ကျမှ ထို မဂ္ဂလမ်းစဉ်ကို

ဟောမယ် ၎င်းကို ကျော်လိုက်ကြစို့ ထို နောက်ဘာလဲ သစ္စာ ၄ ပါး အနက် ပဌမ-ဆုံး ဒုက္ခသစ္စာကို ဟောထား ခဲ့၏ ၎င်းဒုက္ခသစ္စာကို ယခုနေ့ ဟောရလိမ့်မယ် ဒုက္ခ ဆိုတာ….ဘာလဲ ဆင်းရဲဘဲ ဆင်းရဲအမှန် ဖြစ်သည်-ဟု ဆိုထား၏ ဆင်းရဲဆိုတာ ဘာတွေလဲ ဇာတိပိ ဒုက္ခာ ဆင်းရဲ၏ ဇာတိပိ ဘာတဲ့တုံး ဒေါ်သန်းတင် ဇာတိပိ ဒုက္ခာ ဆင်းရဲပါဘုရား ဆင်းရဲဟာဘာကို ဆင်းရဲသလဲ ဆင်းရဲကို သည်အထဲ အကြိုးဝင်လာအောင် ပြောရမှာ ကိုး ဆင်းရဲတယ်ဆိုတာကို ဘယ်သူက တပ်သလဲ အမှန် ကို လိုက်ကြည့်တော့ ပဋိသန္ဓေနေခြင်း ဒုက္ခလို့ ပြောနေ ကြ၁ပမဲ့ ပဋိသန္ဓေနေခြင်း၏စိတ်တရားထဲမှာ ဒုက္ခတရား မပါပါဘူး သို့-ဘာကြောင့် ဇာတိပိဒုက္ခာ ပဋိသန္ဓေ နေရခြင်း ဒုက္ခာလို့ ဘုရားဟောထားသလဲ ပဋိသန္ဓေ နေ ရတာ ဒုက္ခလား တကာမကြီးတွေမှာ ပဋိသန္ဓေ ဒုက္ခ ရှိသလား ဗိုက်ထဲက ကလေးက ဒုက္ခလား သို့မဟုတ် မိခင်ဖြစ်တဲ့ အမေမှာ ဒုက္ခဖြစ်သလား ဘယ်သူ ဒုက္ခဖြစ် သလဲ ကျုပ်တို့ ဘုန်းကြီးတွေတော့ တခါမှ ပဋိသန္ဓေ ဒုက္ခ မဖြစ်ခဲ့ဘူး-ပါဘူး အဲ-ဒီ မြန်မာလိုပြန်တဲ့ ဇာတိပိ ပဋိ သန္ဓေ နေရခြင်း ဒုက္ခလို့ ပြန်လိုက်ခြင်းကြောင့် မသိ မသာ မှားလိုက်ခြင်းဟာ ချာလပါတ် လယ်သွားတာဘဲ ပဋိ သန္ဓေ ဒုက္ခဆိုတာ လူကြီးမှာလား ကလေးမှာလား ကိန်းအောင်းနေရလို့ ဒုက္ခဆိုမလား သည်လို မဟုတ်ပါ ဘူး ဦးဥက္ကဋ္ဌက အဓိပ္ပါယ်ပြန်ပေးလိုက်လျှင် လက်မခံနိုင် ကြပါ့မလား ဦးပဋ္ဌင်း-ကများများ ရှည်ရှည်တော့ မပြန်

ပါဘူး ဇာတိပိ ဖြစ်မှုသည် ဒုက္ခာ ဆင်းရဲ၏ ဟု ဟော လိုက်မယ် ဇာတိပိ ဖြစ်မှုသည်ပင် ဒုက္ခာ ဆင်းရဲ၏ ဟု ဟောထားခဲ့ခြင်းဖြစ်၏ ဗိုက်ထဲက ကလေး ပဋိသန္ဓေ နေတာကို ဟောခြင်းမဟုတ်ဘူး ဗြဟ္မာလောကမှာ….ရှိတဲ့ ဘုန်းကြီးတွေကစပြီး အညံ့ဆုံး ဘိုးသူတော်အထိ အများ အားဖြင့် မှားနေကြတယ် ပြောကြသေးတယ် ပညတ် ပရမတ်ပေါက် နိဗ္ဗာန်ရောက်တဲ့ ပညတ် ပရမတ်ကွဲလျှင် နိဗ္ဗါန်ရတယ်ဆိုတာ ါဘဲဦးထွန်းဇံ ပညတ်ပရမတ်မကွဲဘူး လားကွဲပါတယ်ဘုရားရောက်ကဲ့လားမရောက်ပါဘုရား သည် ပညတ်,ပရမတ်ကွဲ၍ အာသဝေါကုန် နိဗ္ဗာန်ရမယ် ဆိုလျှင် **အ**နောက်နိုင်ငံက လုံကြီး-လုံငယ်,တွေနဲ့ ခေါ်တ်ခွဲ နေတဲ့ လောကဓာတ်ဆရာတွေဟာ သူတို့ထက် ဓာတ်ကို ခွဲသိတာ မရှိတော့ဘူး သို့သော် ဘာမှ အာသဝ မကုန် ကြပါဘူး အဲဒါဟာ ဘာ့ကြောင့်လဲ ကျုပ်က မိန်းဆွစ်ကို အခမ်းအနားနဲ့ ဖွင့်ပေးချင် (မိန်းဆွစ်)ဆိုတာ မီးလင်း ပေးတဲ့ ခါတ်စက်ရုံဇာ မူလ အလင်းရောင်ကို ပဌမ ဖွင့် ပေးတဲ့ မူရင်း ခလုပ်ကို ခေါ်သည် ဟဲ့—ဟိုဘက်က ကလေးမတွေ နင်တို့ အဘိဓမ္မာ သင်တန်းက ဘာတွေ သင်ရသလဲ ဆိုစမ်း ထိုအခါ သင်တန်းသူတို့က ပထဝီ အာပေါ်, တေဇော, ဝါယော, အစရှိသော ရုပ် ၂၈-ပါး တို့ကို ဆိုပြကြ၏ အဲဒါ ပရမတ်တွေဘဲ မဟုတ်လား သူတို့ ဒါတွေသိရက်သားနဲ့ အာသဝေါ ကုန်လို့လား အိမ်ပြန်ခါနီး သူတို့ ဘိနပ်-ပျောက်လျှင် ထိုင်ငိုအုံးမှာဘဲ ကျုပ်တို့ အဘိဓမ္မာ ရိပ်သာ၌ အဘိဓမ္မာ ရိပ်သာနဲ့

ဘူအောင် စာအုပ် အမျိုးမျိုးသော စာပေတွေ ကြည့်ဘို့ ထားရမယ် အိန္ဒိယ ရောက်နေတဲ့ ဦးဇဝန-ထံ ဆွစ်ဇာ လံပြည်က လူတယောက် ရောက်လာသတဲ့ သူက ဗုဒ္ဓ ဘာသာ အစစ်အမှန် တရားများကို သိလိုကြောင်း လျှောက်ထားသတဲ့ သည်တော့ ဦးဇဝန-က မြန်မာပြည် သို့ ရောက်တဲ့အခါ တောင်တွင်းကြီးမြို့ နတ်မိကျောင်းကို ရောက်အောင်သွားလို့ ညွှန်လိုက်သတဲ့ တကယ်လို့များ ထိုသူလာလျှင် ဘာမှ ပြစရာ မရှိကြဘူး ယခုရှိတဲ့ အဘိ ဓမ္မာ ရိပ်သာကလဲ ဈေးကလူတွေ စုဆောက်ထားတာ ဖြစ်လေတော့ သူတို့ ရိပ်သာမှာ ပိုးဟပ်တွေနဲ့ ဂျပိုးတွေ ဘဲ ရှိနေတယ်။

ပရမတ်သဘောနဲ့ ပညတ်သဘော သည် ၂-ခုနဲ့ဘဲ ကျုပ်တို့ မြန်မာနိုင်ငံမှာ မှားနေကြတယ် တခါက ကျုပ်ဆီ လာ သွားတဲ့တကာကြီး ၂-ယောက် ပြောသွားတာ မမှားဘူး မှန်တယ် အမဲသား, ဝက်သား, စားတာ ဘာဖြစ်သလဲ ဓါတ်ကြီး ၄-ပါးက ဓါတ်ကြီးလေးပါးကို စားတာဘဲတဲ့ မှန်တယ် တကယ်အမှန်သာ ပရမတ်ပေါက်၍ ပညတ်ပျောက်လျှင် ခွေးရူးတက် ကြောက်စရာ ကောင်းတယ် ပညတ်ပျောက် ၍ ပရမတ်ပေါက်နေလျှင် ဘုန်းကြီးမရှိ ဘုရားမရှိ အမေ မရှိ နှမ,မရှိ မယားမရှိ ဖြစ်ကုန်ကြမှာပေါ့ မြန်မာပြည်မှာ တကယ်ပညတ်,ပရမတ်,မပေါက်ကြသေးလို့ တော်သေး တယ် ဘုရားက သည်-ပညတ်,ပရမတ် ၂မျိုးထဲဘဲ ဟော သလား မဟုတ်ဘူး (၁) ပညတ်(၂)ပရမတ် (၃)ပဋိစ္စ သမုပ္ပါဒ် သဘောလို့ ဟောခဲ့တယ် ၎င်း-သဘောတွေ

အဓိပ္ပါယ်ပြန်ဆိုဘို့က ဦးဥက္ကဋ္ဌ တာဝန်ဘဲ တာဝန်ခံ ပြန်ပေးမယ် ပရမတ် သဘောဟာ အရှိသဘောတရား ပဋိစ္စသမုပ္ပါဒ် တရားဟာ အဖြစ်သဘောဘဲ ပညတ်,သဘောတရားဟာ အထင်သဘော-ဟု အဓိပ္ပါယ်ပြန်လိုက်မယ် ပညတ်ကို နတ်မှိုဦးဥက္ကဋ္ဌက အထင်သဘောလို့ ပြန်တယ် ဘယ်သူ့မှ မကြောက်ဘူး အထင်သဘောတွေပေတယ်လို့ သူမရှိလျှင်လဲ မဖြစ်ဘူးဘဲ ပဋိစ္စ သမုပ္ပါတ် အဖြစ်သဘောတရားတွေဟာ တကယ်တော့ ရှိတဲ့ တရားမဟုတ်လို့မှတ်လိုက် ဤကဲ့သို့ မည်သူချ မဟောသေးပါဘူး အဖြစ်ဆိုဘာ ဘာကြောင့် အဖြစ်လို့ ပြောရသလဲ ခရမ်းချင်သီး ညှစ်ထာတောင် လက် ၂ ချောင်းနဲ့ တွဲ၍ဖြစ်မှ အကြေအခွဖြစ်အောင် ဖြစ်ပေးရသော အဖြစ် ဖြစ်လာသလို ၂-ခုရှိမှ အဖြစ်တရား ဖြစ်နိုင်ခြင်းကိုလဲ နားလည်ကြရမယ် လက်တချောင်းထဲနှင့် ခရမ်းချင်သီး ညှစ်လို့မဖြစ် အဖြစ်သို့ မရောက်နိုင် တချောင်းထဲနဲ့ဆို ထိုးလို့ သာ ခေါ်ရ သည် အဖြစ် သဘော တရား ဆိုတာအလွန်ဆန်းကြယ်ဘယ် ဘယ်လောက် ဆန်းကြယ်သလဲဆိုလျှင် ဥပမာ ၄+၅=၉ အဲဒီလို လေး-အပေါင်း လက္ခဏာ ငါး-ညီမျှခြင်း ကိုး-ဖြစ်လာတော့ ဤကဲ့သို့ ၉-ဖြစ်လာတာဟာ ဘယ်ကလာသလဲ Where does it come? ၄-က,လာသလား ၅-က,လာသလား ၎င်း၏ပစ္စည်း ပရော်ပါတီက တစ်-လေးခု စုပေါင်းထားတာ၄-ဘဲ,ဖြစ်နေ၏ ၅ ၏ ပရော်ပါတီ ပစ္စည်းကလဲ တစ်တစ်, တစ်, လို့ ငါးခါ စု ပေါင်း ထား တာ ဘဲ ရှိတယ်

၄-နဲ့ ၅-တွင် ၉-နဲ့တူတဲ့ဟာ တခုမှ မပါဘူးဘဲ ၉-နှင့် အမျိုးပင် မတူသော်လဲ ၄-နှင့်-၅, မရှိလျှင် မဖြစ်ပေါ်နိုင် သော ၉-တည်းဟူသော ဇာတိကလေး ပဋိစ္စ သမုပ္ပါဒ် နည်းအားဖြင့် ဖြစ်ပေါ်၍လာကဲ့ချေပြီ သည်ပုံကလေးကို နောက်က ၃-ကို ထပ်ထည့်လျှင် သံသရာရှည်သွားအုံး မယ် ဖြစ်သဖြင့် ရှေ့ကို မဟောသေးဘူး သည်အနေ သောက်ဘဲ နားလည်ထားကြအုံး အဲဒီတော့ သည့်၉ဟာ အဖြစ်သဘော ဖြစ်လာပြီ ဒီ ၉ လာခဲ့တဲ့ ၄ တော့ မကောင်းဘူး ၅ ကျတော့လဲ မကြိုက်ဘူး သဘောမကျ ဘူးဘဲ ဟော-ယခု ၉ ကလေးတည်းဟူသော တကာမ ကြီး ဒေါ်သန်းတင်၏ ဇာတိပိ ဒုက္ခာဆိုတဲ့ ဇာတိ အဖြစ် တရားကလေးဖြစ်လာကဲ့ပြီ သူ့ကိုဖျက်ဘို့ မလွယ်လှဘူး ၎င်း ၉ ကို ဥပါဒါန်ကလေး အထင်သဘောကို စွဲနေကြ တာဘဲ ၎င်းဟာ အရှိသဘောမဟုတ် အဖြစ်သဘောဘဲ ဖြစ်တယ် အရှိသဘောက ၄+၅-ဘဲ ဥပမာ ပ-အာ-ဝါ တေ အရှိသဘော အနုမြူ ပရမာ နုမြူကလေးတွေကို ဘယ်ကိုဘဲ-ဖို့-ဖို့ ပျောက်ပျက်မသွားဘူး ပရမတ် အရှိ သဘောကို ဖျက်လို့မရဘူး အဖြစ်သဘောကို ကိုင်မ နိုင်မ ကိလေသာ အာသဝကုန်မယ် အထင်သဘော ပညတ်,ကတော့ အလကားပါဘဲ အဖြစ် သဘောကို ပိုင်လျှင်အသိသို့ ကိစ္စပြီးသွားမှာပါဘဲ သူ့ကိုငါနဲ့မဆိုင် ဘူးဆိုပြီး ဖယ်ထားလိုက်ပါ မောင်ဘမြိုင်-၌ ရှိလာတဲ့ အရှိတရားတွေကို ဖျက်လို့ရပါ့မလား မင်းနဲ့ ဆိုင်တဲ့ အဖြစ်တရား တို့ကိုသာ သိရမယ် လူတွေက သတ္တဝါ

ကလေးဖြစ်မှုမှာ ဓါတ်ကြီး ၄ ပါးကို ရှောက်တွက်နေကြ တယ် အမှန်က ၄+၅=၉ ကိုးဟာ ဇာတိ ဘဲ သတ္တဝါ ဖြစ်ထာလဲ မ-ဓါတ်,ဖို-ဓါတ် အမေနဲ့အဖေ ၂ ဦးပေါင်း မိလို့ ဖြစ်လာမှ သတ္တဝါကလေးအစ အဖြစ်ကလေးကို ဇာတိပိ ဒုက္ခာလို့ ဘုရားသခင်က ဟောခဲ့ခြင်းဘဲ ဒေါ် သန်းတင် အမိဝမ်း၌ ပဋိ သန္ဓေ နေရခြင်း ဆင်းရဲဆိုတဲ့ ဒုက္ခ ပျောက်သွားပလား ဟိုဘက်က တကာကြီးတွေ သဘောမကျ ကြသေးဘူးထင်တယ် ပဋိ သန္ဓေ ဇာတိကို ဟောတာမဟုတ်ဘူး အဖြစ်တရား ဇာတိ ကလေးကို ဒုက္ခ-ဘဲ ဆင်းရဲနဲ့ ဇာတိနဲ့တွဲထားတော့ နားမလည်ဘဲ ဖြစ်နေကြတယ် ယခု အနက်ကတော့ ဇာတိပိ ဖြစ်ရခြင်း သည်လည်း ဒုက္ခာ ဆင်းရဲ၏ဟု-မှတ် ဇာတိဆိုတဲ့ တရား ဟာ ဒုက္ခ-တဲ့ ဇာတိနဲ့ ဒုက္ခ အတူတူလား တခြားစီလား ဘာကိုဆိုတာ ကျုပ်လဲ မဖြေတော့ဘူး အရိမဒေးယ ဘုရားပွင့်မှ လျှောက်ရမယ် ဟောရင်း-ဟောရင်းနဲ့ တရားက ခက်လာတယ် ဇာတိနဲ့ ဒုက္ခဟာ ဇာတိဟာ ဒုက္ခလား ပဋိသန္ဓေ နေရခြင်းဟာ ဒုက္ခလား ဘယ်ဟာ သည် ဒုက္ခလဲ ဒါကို တော်ရုံပြောလို့ နားမလည်နိုင်ဘူး ဇာတိကို ဘယ်သူက ဒုက္ခ တပ်သလဲ ပင်ကိုက ပါလာတဲ့ ဒုက္ခလား မြင်ရလို့ လိုချင်တာကို မရတာ ဒုက္ခပါဘုရား ဟု ဒေါ်သန်းတင်-က လျှောက်သဖြင့် အော်-ဒီလိုလား မျက်စိက မြင်ရလို့ဆိုတော့ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ သည်လိုဆို ဟိုဘက်က ဇာတိဖြစ်လာတယ် ဇာတိတခြား ဒုက္ခတခြားကော ဖြစ်မနေပေဘူးလား သဘောတရား

၂ မျိုးဖြစ်လာတယ် သည်လိုဆို မမှန်တော့ဘူး ဒုက္ခ ဆင်းရဲဆိုတာ ရှိသလား ဒေါ်သန်းတင် ပြောစမ်း အရှိတရားလား အဖြစ်တရားလား ကိုင်း....ဒေါ်စံရှား တွေးစမ်း ဒေါ်သန်းတင် က အရှိတရားတဲ့ ဒေါ်စံရှား က အဖြစ်တရားဟု ဖြေကြ၏ ထို ဒုက္ခကို ဘယ်သဘော တရားထဲ ထည့်မလဲ အဖြစ်သဘောတရားထဲ ထည့်လို့ မရဘူး အမှန်က အထင်သဘောတရားနဲ့မှ ကိုက်လိမ့် မယ် ဒုက္ခဟာ အဖြစ်တရားပေါ်မှာ အထင်တရား ပေါ် လာတာဘဲ တကယ်တော့ ရှိတာမဟုတ်ဘူး ကိုရွှေ-က လျှောက် မရှိဘူးလားဘုရား မရှိပါဘူး ဘာကြောင့်လဲ ဆိုတော့ ကိုရွှေက ဝက်သား,ကြိုက်ပေမဲ့ ကျုပ်က မကြိုက် ကျုပ်က မကြိုက်တော့ အကြိုက်ခြင်းမတူ သည်လိုမတူ တော့ မမှန်ဘူး မရှိဘူးပေါ့ ကျုပ်သက်နှင်းကြီး တထည် ဟာ ကျုပ်ခွဲ ကောင်းနေရက်သားနဲ့ ကိုရင်တွေက မကြိုက်ဘူးဆိုပြီး ထပ်ဆို ပြစ်ကြတယ် သူတို့တော့ ထပ် ဆိုးထားတာ ကောင်းလို့ ကျုပ်မတော့ မကောင်းတော့ ဘူး အဲဒီလို အထင်သဘောတရားကလေးတွေကို ဘုရား က ဒုက္ခ-ဒုက္ခလို့ တပ်တပ်သွားတာဟာ ပါယ်လို့ရတဲ့ ဒုက္ခ အထင်သဘော တရားကလေးတွေဘဲ မဟုတ်လား ဥပမာ မောင်ဘမြိုင်၏ နာမည်ကို ဘဆိုင်လို ပဌမတန်း ကောင်းတဲ့ မုန့်ဟင်းခါးကို ကြွေ ပြီး ပြောင်းလိုလျှင် ရတယ် သို့သော် ဖွဲ့ဆီးထားတဲ့ ရုပ်တရားတွေကို ခွဲခြား ပုံဘို့ လုပ်ရန်မလွယ်ဘူး တာတွေဟာ ဒုက္ခ နဲ့ အရှိ သဘောတရားနဲ့ ကိုက်ကြည့်တော့ မမှန်ဘူး သို့သော်

မောင်ဘမြိုင် မောင်ထွန်းဇံခေါ်ရမလားလို့ တရား
စွဲမလား အဲဒီ အထင် သဘော တရားကို လိုက်လိုက်
နေကြတာဘဲ သည်လို နာမ ပညတ် ကပေမဲ့ တော်တော်
ခက်တယ် အကယ်၍ ပွဲကြည့်လိုသဖြင့် ပွဲငှားခိုင်းလိုက်ရာ
မင်းသမီးက ဘယ်သူတဲ့တုံးလို့ မေးတဲ့အခါ ဟို-ကျောက်
ပန်တောင်း အနောက်ဘက်က ငှားခဲ့သော အသားမဲမဲ
မျက်ခမ်းစပ်ကြီးနဲ့ စိန်မာတင်တူးဆိုတဲ့ မင်းသမီးဘဲဆိုလျှင်
ကြည့်ချင်ရန်ဝေးလို့ ထမင်းစားတောင် ပျက်ကြသေးရဲ့
မဟုတ်လား ထိုအဖြစ်သဘော တရားတွေကို ဖျက်ကြရ
မယ် ဥပမာ— သရက်သီးကို မစားချင်တော့ဘူးဆိုပြီး
အစေ့ကို မီးပုတ်ထားလျှင် အလွန်ကောင်းတဲ့ ခင်တဲ
အုပ်ဖိုနားက ကောင်းတဲ့—မြေနဲ့ ပြန်စိုက်တောင် အပင်
မပေါက်တော့ဘူးရှိလိမ့်မယ် အရှိသဘောတရားပြောင်း
လဲပေးလိုက်တော့ အထင်သဘောပါ ပြောင်းလဲလာနိုင်
တယ် အရှိသဘောတရားသည် ကိုနဲ့ဆိုင်သလား
တကာ-တကာမကြီးတို့နှင့် မဆိုင်ဘူး ပ-အာ-ဝါ တေ
ထို အရှိသဘောဟာရားတွေ ဘာဖြစ်နေနေ ကျုပ်တို့နဲ့
မဆိုင်ပါဘူး အရှိသဘောတရားတွေကို သိတော့ကော
ဘာထူးသလဲ နတ်မှီက ခွေးမကြီးနဲ့ ဝိတိုရိယ ဘုရင်
မကြီးနဲ့ အရှိသဘောတရားတွေဟာ အတူတူဘဲလို့
ပြောလျှင် ရူးသလားလို့တော့ ပြောမှာဘဲ သို့သော်
မမှားဘူး တူတော့ တူတယ် ဘုရားက အဲဒါတွေဟာ
သင်တို့မပိုင် သင်တို့နှင့်မဆိုင်တဲ့ အဲဒီ အရှိသဘောတရား
တွေကို ဘာမှ လုပ်လို့မရဘူး အဖြစ်သဘော တရား

[library stamp]

အဖြစ်ပျောက်အောင်  အဖြစ်တရားပျောက်အောင်သာ ဖျောက်ကြပါလို့ နိုင်းခဲ့တယ်  သည်နေ့ ဟောတာ (၁) အရှိတရား (၂)အဖြစ်တရား (၃)အထင်သဘော တရား ၃ ပါးကို ဟောလိုက်တယ် ပါဠိလို(၁) ပရမတ္ထ (၂) ပဋိစ္စ သမုပ္ပါဒ် (၃) ပညတ္တိက သဘောတရားတွေ ဟောလိုက်ထာဘဲ  လောက လူတွေ စကားများနေကြ တာဟာ  အထင်သဘောတရားတွေမှာ စကားများနေ ကြတာဘဲ အရှိက အခြေခံပြီး အဖြစ်တရားတွေကို ဖျက် နိုင်ကြရမယ် မြို့သင်က အဘိုးကြီး ဘိုးညိုတုတ်က အိုရ ချေသေး, နာရချေသေးကိုဘဲ ရွတ် ရွတ် နေတယ် သေရ ချေသေးတော့  ကြောက်လွန်းလို့  မရွတ်ချင်ဘူးတဲ့ လူအားလုံးတို့ဟာလဲ  သေမဲ့အနာရောဂါကလေးတခု ကျရောက်လာလျှင် ဟိုအိမ်ပြောင်းကြ ဟိုရွာပြေးကြနဲ့ ဇာတိ-ဇရာ  ဗျာဓိ-မရဏာ ဒုက္ခလေးမျိုး ရှိသော်လဲ မရဏာမှိသေရခြင်းဆိုတဲ့ဒုက္ခလောက်ကိုဘဲ ကြောက်ကြ တယ် ဇာတိဟာ ဒုက္ခလို့ဆိုပေမဲ့ ထို ဇာတိ ပဋိသန္ဓေ ကိုဘဲ ကြိုက်နေကြတယ် ဇရာကိုလဲ တယ်ပြီး မကြောက် ဘူး အာခံလာတယ်  ဆံပင်ကလေးဖြူလာလျှင် ဟဲ့ ကောင်မကလေး ဆံပင်ဖြူတွေကို နုတ်ပစ်လှဲ့စမ်းလို့ နိုင်း ပြီး အာခံနေတယ် ဗျာဓိပိ ဖျားနာတာကိုလဲ မကြောက် ပါဘူး ၄-ခု-စလုံး ဒုက္ခချည့်ဘဲလို့ဘုရားက ဟောခဲ့ပေမဲ့ ဇာတိ ပဋိသန္ဓေကို မကြောက်တဲ့ပြင် ကြိုက်ကြလွန်းလို့ ဇာတိ ပဋိ သန္ဓေ နေရအောင်ဟာ ငွေကုန်ကြေးကြခံပြီး တောင် လိုက်နေကြသေးတယ် သေတဲ့ မရဏာမှိ ဒုက္ခ

No. 6
၇၉၉၈

တော့ကြောက်ကြပြီး ဇာတိကို မကြောက်ကြတာ ဘာကြောင့်လဲ သေရတာသည် ဘာ့ကြောင့်လဲဟု မစဉ်းစားကြ သို့ဘဲ အမှန်က ဇာတိဖြစ်လာလို့ သေရတာဘဲ ဇာတိမဖြစ်ခဲ့လျှင် သေတဲ့တရား မရှိနိုင်ပါဘူး ထို့ကြောင့် ဇာတိတရားဟာ ပဌမဆုံး ကြောက်ရမဲ့ တရားဘဲလို့ နားလည်ကြရမယ် ဥပမာ- အဝါနဲ့ အစိမ်း ပေါင်းခြင်းကြောင့် အပြာဖြစ်လာတာ အဲဒီ အဖြစ်သဘောတရားကလေးဟာ ဒုက္ခလို့ဟောခဲ့တာဘဲ မရဏမှ သေခြင်းကို ကြောက်နေကြသော်လဲ ဥပမာ-စက္ကူ ၂-ချပ်ကို ကော်သုတ်ပြီး ကပ်ထားတာ ကော်အစေးအာနုဘော် တဖြေးဖြေးရော့သာပြီး ကွာသွားသော်လဲ နောက်,တမျိုးမျိုး ဖြစ်လာ၍ ပြန် ပြန် ကပ်နေကြတာပါဘဲ အဲ- ၎င်းကဲ့သို့ အခါခါ ဇာတိ ပြန်ပြန် ဖြစ်ရတာကို ဒုက္ခလို့ခေါ်တာဘဲ နောက်,လာသေး အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော-တဲ့ အပ္ပိယေဟိ မချစ်မကြိုက်သူတို့နှင့် သမ္ပယောဂေါ ပေါင်းသင်းရခြင်း ဒုက္ခ ပိယေဟိ ချစ်ကြိုက်သူတို့နှင့် ဝိပ္ပယောဂေါ မပေါင်းမသင်း ကွေကွင်းရခြင်း ဒုက္ခ ဆင်းရဲ၏-ဟု ပြောနေကြ၏ သိနေကြ၏ နားလည်နေကြ၏ သည်လောက်ခလေး ထင်ရှားကိုး ဒါလောက်တောင် မှားလာခဲ့ကြတာ ဒါနဲ့တောင် နိဗ္ဗာန်မဂ်ဖိုလ်ကို မရကြသေးတာ အံ့သြပါရဲ့ ချစ်သူနဲ့ ကွဲရခြင်း မုန်းသူနဲ့တွဲရခြင်း ဒုက္ခကို သိဘို့လောက်သိရန် ဘုရားသခင် လေးသချေနှင့် ကမ္ဘာတသိန်း ကျင့်နေရလျှင် မခက်သေးဘူးလား အမှန်က အပ္ပိယေဟိ ဆိုတာ

မတွေ့ တွေ့ ဓါတ်ခြင်း မီးနဲ့ ရမ်းနဲ့ တွေ့ရသလို ဖြစ်ထာကို ဒုက္ခဘဲ ဓါတ်မီးထဲ ဖန်သီးမရှိ၍ အလင်းရောင် မရသဖြင့် ကိုယ်အလိုရှိတာမရတာလဲဒုက္ခဘဲ ဓါတ်သဘာဝ မတွေ့မှု ကို ဟောတာ အရှိသဘော အဖြစ်သဘောတို့မှ ကိုယ် လိုသလို မရတာကို ဒုက္ခလို့ ဟောတာဘဲ မိမိ မတွေ့-တွေ့ လူနဲ့ တွေ့ရခြင်းလောကကို ထင်နေကြသလား ဆွမ်းခံ ကြွရာ ဆွမ်း-မရခဲ့တာလောကနဲ့ ဒုက္ခမဆိုနှင့် ဥပမာ– အရိပ်အမြွက်ပြောပြမယ် ဝမ်းထဲက ပါစက တေဇော ပူလာတဲ့ခေတ်ကို ဒုက္ခလို့ ဟောတာဘဲ ချစ်သူနဲ့မရလို့ ကြိုးဆွဲချ သေတာကို ဒုက္ခလို့ ဟောတာ မဟုတ်ဘူး နောက်,လိုရင်းချုပ်ကြစို့ အပေါင်းလက္ခဏာ ခန္ဓာငါး ပါး ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ ဥပါဒါန်နဲ့ တကွသော ခန္ဓာငါးပါးသည်ပင် ဒုက္ခဟု ဘုရားရှင် ဟောတော်မူခဲ့ ပေတယ် ထို့ကြောင့် ဥပါဒါန်နှင့် တကွသော ခန္ဓာသည် ဒုက္ခဖြစ်ခဲ့လျှင် ဥပါဒါန်မရှိသော ခန္ဓာဘာဝနှင့် သုခ,ချမ်း သာ ရကြလေအောင် ကြိုးစား အားထုတ်ကြ ကုန်ရာ သတည်း။

**တော်သလင်းလဆန်း(၁၄)ရက်နေ့ ဟောသော ဓမ္မစကြာတရား**

**အရင်အပါတ်က တရား ဘယ်ရောက်သွားကြသလဲ?**

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ,ရောက်ပါပြီး ဘုရား....။

သံခိတ္တေန အကျဉ်းအားဖြင့် ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာလို့ဆိုတော့ ခန္ဓာငါးပါးဆိုတာ အခြားကို မတွေးနဲ့

ကိုယ့်ကိုယ်ကို တွေးရမယ် ခန္ဓာငါးပါးအနက် တခုက ရုပ်-အစုတရား နာမ်တရားက ဝေဒနာ သညာ သင်္ခါရ ဝိညာဏ ၄-ပါးရှိတယ် သူတို့လဲ ခန္ဓာ-ဘဲ သည် ၄ ခုနဲ့ ၁-ခုမယ် ဘယ်သူက ပခါနလဲလို့ သိရမယ် ခန္ဓာငါးပါး ကို သိပြီး ဝေဒနက္ခန္ဓာကိုသိသလား သာယာနှစ်သက် ခံခက်နှစ်တန် ဝေဒနာစက် ရေပွက်သဏ္ဍာန် မကောင်းဘဲမှို့ ဆင်းရဲပူပန် အကာကျ သာရ ကင်းမဲ့ပြန် ဆိုတော့ ထို-ရေပွက်ခလေးဟာ ရှိသလား မရှိပါဘုရား သညာ သညက္ခန္ဓာ ကကော ရေပွက်ခလေးခြင်း ထိတော့ မှတ်ထားတာကလေးကို သညက္ခန္ဓာ ခေါ်တယ် ကြောင်း အကြိုးနဲ့ကောင်းဆိုးမှတ်ရန် သညာနာမ်ခါတ် တံလျှပ် သဏ္ဍာန်လို့ဆိုတော့ သည် တံလျှပ်ဟာ သဲသောင်ပြင် ထဲမှာ နေပူနေတဲ့အခါ ဟာရှိန်ရှိန် တလျှပ်လျှပ်နဲ့ ရေ လှိုင်းချားကဲ့သို့ အဝေးက မြင်ရ၍ ထင်ရသော သဏ္ဍာန် ကို တံလျှပ်လို့ခေါ်တာဘဲ သူလဲဘဲ တကယ်အနားသွား ကပ်ကြည့်တော့ ရှိတာမဟုတ်ဘူးဘဲ သင်္ခါရက္ခန္ဓာက တော့ ဝေဒနာ သညာတို့မှ ကြွင်းသော စိတ်တရားတို့ကို ခေါ်တယ်တဲ့ သူလဲပြုပြင်ပြောင်းလဲ ဖေါက်လွဲဖေါက်ပြန် သင်္ခါရကျွော ငှက်ပျောသဏ္ဍာန်လို့ ခေါ်တာဘဲ ငှက် ပျောဆိုတော့ ငှက်ပျောသီးကို မတွေးနဲ့အုံး အသီးဆို လျှင် စားဘို့ အသုံးကြသေးတယ် ငှက်ပျောတုံးကို တဖတ်စီ တဖတ်စီ ခွါကြည့်တော့ အနှစ်သာရ မရှိတာ ကို ငှက်ပျောသဏ္ဍာန်လို့ ဥပမာ ပေးတာဘဲ ပြီးတော့ ဝိညာနက္ခန္ဓာ ၎င်း-ခန္ဓာဟာ အရေးအကြီးဆုံးဘဲ

ဘုရားရှင်တို့မည်သည်မှာ အရေးအကြီးဆုံးကို နောက်ဆုံးကထားစမြဲဘဲ သူ့စာကဘာတဲ့ သွင်ပြင်ဖေါက်ပြား မှောက်မှားစေရန် ဝိဉာဏ်လက်လှည့်မျက်လှည့်သဏ္ဍာန် တဲ့ မျက်လှည့်ဆိုတာ မီးရထားပေါ်၌ ကြိုးခွေကလေးကို ပြပြီး လိမ်နေတာ တွေ့ခဲ့ရဘူးတယ် သူဘို့ခွေထားတဲ့ ကြိုးကွင်းကလေးကို မိအောင်ထောက်နိုင် မထောက်နိုင် အလောင်းအစား ပြုလုပ်ကြတာပါဘဲ သူတို့ခွေထားတဲ့ ကြိုးခွေကလေးကို ဘယ်တော့မှ မိအောင် မထောက်နိုင်ဘူး ရှုံးရတာချည့်ဘဲ ဘာမိနိုင်မလဲ လိမ်ထားတာကို အဲဒီလို လိမ်ပြနေတာ မျက်လှည့်ဘဲ မျက်လှည့်ဆိုတော့ တကယ်မှ မဟုတ်ဘဲကို အဲဒီတော့ နာမက္ခန္ဓာတရား ၄ ပါးတို့ကို ရှောက်ကြည့်တဲ့ အခါ ဘယ်ဟာမှ ရှိတဲ့ တရားမဟုတ်ကြောင်းကို တွေ့ရတယ် အရင်အပါတ်က အရှိသဘောတရား အဖြစ်သဘောတရားနဲ့ အထင် သဘောတရား ၃-ပါးကို ဟောလိုက်တယ်မဟုတ်လား နောက်, အပျက်သဘောတရား-တခု တိုးလာအုံးမယ် သည် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ နာမ်ခန္ဓာ ၄-ခု ရဲ့စာကို ရွတ်ကြည့်တော့ ဝေဒနာစက် ရေပွက်သဏ္ဍာန် သညာနာမ်ဓါတ် တံလျှပ်သဏ္ဍာန် သင်္ခါရကွော ငှက်ပျောသဏ္ဍာန် ဝိဉာဏ်လက်လှည့် မျက်လှည့်သဏ္ဍာန် လို့ ဆိုထားတယ် သည်တော့ ထို နာမက္ခန္ဓာ တရား ၄-ပါးကို ဘယ်သဘောတရားထဲ သွင်းရမလဲ ဒီမှာ- အရေးကြီးလာတယ် နွားဝယ်ရာမှာ ငွေချေဘို့က အရေး မကြီးဘူး အထီးလား အမလား သိဘို့က အရေးကြီး

သလိုဘဲ သည်နေရာမှာ အရေးကြီးလစ္စတယ် နာမ်ခန္ဓာ တရားတို့ကို ဥပမာပြ၍ ရေပွက်နဲ့တူတယ် တံလျှပ်နဲ့ တူတယ် ငှက်ပျောနဲ့တူတယ် မျက်လှည့်နဲ့တူတယ်လို့ ရွတ်ပြနေတာ သာမာန် ပေါ့ပေါ့ ဆဆ မအောင်းမေ့ ကြနဲ့ ဘုရားဟော ပါဠိတော်အရလဲ သည်လိုအတိုင်းဘဲ ဥပမာပေးထားတယ် သည့်လို ဥပမာပေးထားသည့် အတိုင်းဆိုလျှင် အထက်ပါ သဘောတရားကြီး ၃-ချက် ထဲတွင် ဘယ်သဘောတရား ထဲ့သွင်းကြမလဲ တဘက်က တရားနာနေသူ သူငယ်တယောက်က အထင်သဘော တရား ထဲ့သွင်းပါတယ်ဘုရား-ဟု လျှောက် ၏ အဲ-အဲ သည်ဘက်က သူငယ်ကတော့ အထင်သဘောတဲ့ ကိုင်း....ဦးမောင်ကြီး့တို့ဘက်ကကော ဘယ်သဘော ဘက်က နေကြမလဲ အထင်သဘောတရားဘက်ကိုဘဲ သဘောတူကြပါသတဲ့ ဘုရား ကိုင်း-ဒါဖြင့်ရင် သည်- နာမ်ခန္ဓာ ၄-ခုကို အသာတခြားထားလိုက်အုံး ဟောဒီ ဘက်က ရုပ်တရားစုတွေကို အရင်စစ်ကြည့်ကြဦးစို့.... သူတို့ဟာ ဘာလဲ ဦးပဉ္စင်း-က ရုပ်ခန္ဓာနဲ့ ရုပ်-သတ္တဝါ လို့ ပြောလိုက်လျှင် တကာ-တကာမကြီးတို့က ဘာကို မြင်လိုက်ရမလဲ စ-သ-ဃ-ဇ-က-ဟ,တို့ကို မြင်လိုက်ကြ ရမယ် ၎င်း-တို့ဟာ ဘာတွေလဲ ယောက်ျား မိန်းမ, ကျွဲ နွား,စသော သတ္တဝါတွေမှာ စ-သ-ဃ-ဇ က-ဟ,တို့ တချက် ချက် နဲ့ အလုပ်-လုပ်နေ တာ မြင်ရလိမ့်မယ် အလုပ်-လုပ်နေတယ်ဆိုတာ ဘယ်လိုလဲ အဇ္ဈတ္တနဲ့ဗဟိဒ္ဓ နဲ့ တွဲဖြစ်နေကြတာကို ဆိုသည် အဇ္ဈတ္တ စက္ခုနဲ့ဗဟိဒ္ဓ

ရူပနဲ့တွဲတော့ ဘာဖြစ်လာသလဲ ဖဿ,ဝေဒနာ,သညာ တဏှာတရားတွေ ပေါ်လာပြီ မဟုတ်လား သည်တော့ နာမ်ခန္ဓာ ၄-ခုဟာ ဟောဒီ စက္ခုရုပ်နဲ့ ရူပရုပ်ကို အမှီပြုပြီးဖြစ်ပေါ်လာတဲ့ အဖြစ်တရားတွေဘဲ မဟုတ်လား တချို့က ပြောကြသေးတယ် နာမ်အရင်းခံ နာမ်ရှေ့ဆောင်ဘဲတဲ့ ဘာတဲ့-ညာတဲ့နဲ့ သောတနဲ့ သဒ္ဒတွဲတော့လဲ ဖဿ-ဝေဒနာ, သညာ တဏှာဘဲ မဟုတ်လား.... ဃာနနဲ့ဂန္ဓ တွေ့တော့လဲ ဖဿ-ဝေဒနာ သညာ တဏှာ ၎င်း တရားတွေဘဲ ဖြစ်ပေါ်လာကြတာဘဲ အင်္ဂလိပ်လိုက SIX MACHINS.... ၆-ခုရှိတဲ့စက်လို့ ခေါ်ကြတယ် သူ့ဘိုဘာသာနဲ့ပြောရတာက သာရှင်းတယ် အဲဒီ စက် ၆-ခုစလုံး ရပ်သွားလျှင် သေတာဘဲ နာမ်ခန္ဓာ ၄-ခုဟာ အဖြစ်သဘောဖြစ်ကြောင်းကို တွေ့ရပြီဖြစ်သဖြင့် သည်ဘက်ကသူငယ်ပြောတဲ့ အထင်သဘောဟာ မဟုတ်တော့ဘူးပေါ့ အဖြစ်သဘောတရားလို့ မှတ်ထားကြ မြို့ထဲက ဋ္ဌုဂျီးဋ္ဌုဂေါင်း လုပ်နေတဲ့ နတ်ခမ်းမွေးတို့ကတုံးတိုတို့က ဆရာကြီး ဦးကွန့်-ကို မေးကြသေးဆိုကိုး ဘယ်လိုမေးလဲဆို ဆရာကွန့် ခင်ဗျားဟာ ဦးဥက္ကဋ္ဌ တရားကို သွားနာနေသလား သူ့လက်ဖြစ်တရားတွေ ဟောနေတယ် အမှန်မဟုတ်ဘူး ဘာဘူး ညာဘူးနဲ့ပြောတော့ ဦးကွန့်ကလဲ မျက်နှာကိုခပ်တည်တည်ထားပြီး ကျုပ်လို လူကလားဗျ ဦးဥက္ကဋ္ဌ တရားနာရမှာကျုပ်က ဦးဥက္ကဋ္ဌ တရားမနာပါဘူးဗျ ဘုရား၏ တရားစစ်, တရားမှန်တွေကို ဖေါက်သယ်ချတာ သွားယူတာပါလို့ ပြောလိုက်ရသတဲ့

သည်တော့ အဲဒီ တရားတွေ မှန်ပါ့မလား ဘုရားဟော တွေဘဲလို့ ခင်ဗျားဝန်ခံနိုင်ရဲ့လားလို့တဆင့်ဘဲ မေးနေ ပြန်တော့ ဝန်ခံနိုင်ပါတယ် မှန်ပါတယ် မမှန်လျှင် ကျုပ် မယားတောင် သွားတရားမနာရဘူးလို့ ပြန်ပြောလိုက် ရပြန်–သတဲ့ အဲဒီလို ဆရာကွန့် ပြောသည့်အတိုင်း ဘုရား,တရား ဖေါက်သယ်ချနေရတဲ့ တရားယဲက စ·သ ယ·ဇ–က·ဟ,တို့ ၆ ခု ရုပ်အစုတို့သည် စက်ဝိုင်းကလေး တွေ လည်ဒနသလို ရှိခြင်းကြောင့် လက်ရင်းကျ၍ နီး စွာသောအကြောင်းရှိသဖြင့်သာ အရှိတရား လုပ်ပြောရ သော်လည်း အမှန်ကတော့ သူတို့လဲ ဖြစ်လာတဲ့ အဖြစ် တရားတွေပါဘဲ တဖန် အရှိတရားသက်သက်ကို ကြည့် ပြီး ဒုက္ခတပ်၍ ဆိုနေပြန်လျှင်လည်း တိုင်တို့ တုံးတို့ ရေ အိုးတို့ ဖျာတို့ စာအုပ်တို့ဟာ ဒုက္ခလား ဘုရားရှင်က ဥပါဒါန်နဲ့တကွသော (ဝါ) အပေါင်းလက္ခဏာ ကော် အစေးနဲ့တကွသော ရုပ်ခန္ဓာတို့ဟာ ဒုက္ခလို့ ဟောခဲ့ ခြင်းဖြစ်၏ ဥပမာ တောင်ဘက်က–၁။မြောက်ဘက်က ၁ အလယ်က အပေါင်းလက္ခလိုဘဲ ငါ့·ခန္ဓာမှာ ဘယ်က အပေါင်းလက္ခဏာ တပ်သလဲဆိုတာ သိရမယ် တကာ ကြီး ဦးထွန်းဇံ အလယ်က အပေါင်းလက္ခဏာ ဒေါ်စန်း ဆိုတော့ ဒုက္ခဘဲ အဲဒီလို လူသတ္တဝါတို့မှာ ၄ မျက်နှာက အပေါင်းလက္ခဏာတွေပိုင်းနေလို့ ဒုက္ခဖြစ်နေကြတာဘဲ ၎င်း အပေါင်းလက္ခဏာတို့ကို ဖျက်နိုင်လျှင် ယခု လက် ငင်း သုခ–ချမ်းသာ ရမယ်အမှန်ဘဲ အဲဒါ ပဋိလောမာ ဒေသနာခေါ်တယ် အဲသည်တော့ နတ်မှီ·ကျောင်းက

တရားကြားရတာ တန်ဘိုးမရှိပေဘူးလား ဦးဥက္ကဌ-က ပဋ္ဌ|ပါဒါနက္ခန္ဓာပီ ဒုက္ခာဖြစ်လျှင် ပဋ္ဌာနုပါဒါနက္ခန္ဓာ၁၀ သုခါ, ဖြစ်အောင် လုပ်ကြ သုခ,ချမ်းသာ လက်ငင်းရကြ အောင် ဥပါဒါန် ကော်အစေး အပေါင်းလက္ခဏာတို့ကို ဖျက်ကြဟုဘုရားဟော အနုလောမာဒေသနာတော်တို့ကို ပဋိလောမာနည်းနဲ့ ပြန်ဆို၍ ဟောလိုက်ခြင်းဘဲ ကျုပ်တို့ တတွေကို ဥပါဒါန် ကော်အစေးကလေးက,ကပ်ကပ်နေ တာဘဲ သူများကိုကပ်စရာမရှိလျှင်ကိုယ့်လက်ခလေးကို ကိုယ်ကြည့်ပြီး ငါ့ လက်ဖဝါးကလေများ လှလိုက်ထာ နီလို့ သွေးချည်ကလေးများတောင် ဥလို့ နုလိုက်ထာ လက်ချောင်းကလေးများဟာလဲ ဖယောင်းတိုင်လိုဘဲဟဲ့ လက်သဲအိမ်ကလေးတွေကလဲ ပိုင်းလို့ ငါ့လက်ခလေး တွေဟာသူများလက်နဲ့ မတူဘူးဟဲ့ ဘာဟဲ့ ညာဟဲ့နဲ့ ကိုယ့်ဟာကို ကော်ကပ်နေကြတယ် အလှူသွားခါနီး များကြတော့လဲ ဘာလုပ်ကြတာလဲ မှန်ကို အ ခါ ခါ ကြည့်ပြီး ငါအလှဆုံး ငါအသာဆုံး ဟု မာန်တက်နေ ကြတာဘဲ မဟုတ်လား အကယ်၍ ပါးကလေးများ ဖိန် နေလျှင် ရှေ့နှစ်ကြ ဖေါင်းလာအုံးမှာဘဲ ဟု ကြံတင်၍ ထောပနာ နေကြသေးတယ် ဒိမိကိုယ်တော့ ဘာမဆို အကောင်း အလှ ချည့်ဘဲ သာယာ နှစ်သက် နေ ကြ ပြီး သူများကြတော့ ဟိုအလှူသွားတုံးက တွေ့ကဲ့တဲ့ မိန်းမ ကြီးလက်ကဖြင့်မဲလို့ ထမင်းတောင် အတူတူမစားချင်ဘူး ပါဘူး ညာဘူးနဲ့ ကဲ့ရဲ့ရှုံ့ချ နေကြတယ် အဆင်း ကလေးလှတဲ့ သူများဟာ သာပြီး အစွဲ များသေးတယ်

ကော်လဲအများဆုံးဘဲ အကျည်းတန်တဲ့ မိန်းမကြဲတော့ ကော်မရှိဘူး ကော်မရှိတော့ ဘယ်သူမှ မကပ်ကြဘူး သူ့ကသာ လိုက်ကပ်နေကြတယ်။

ဘုရားလက်ထက်က ဝါသဝဒတ္တ ဆိုတဲ့ မိန်းမ တယောက် ရှိခဲ့တယ် သူဟာ အလွန် ရုပ်ဆင်း အင်္ဂါနဲ့ ပြည့်စုံတဲ့ မိန်းမချော မိန်းမလှ ပြည့်တန်ဆာမပေါ့ ပြည့်တန်ဆာမ ဆိုပကောသို့ နှယ်နှယ်မမှတ်နဲ့ ရုပ်ဆင်းအင်္ဂါ ဟာ သူတကာထက် သာသည့်ပြင် 'ဒိယ-ဝါစာ' စကား အပြောအဆိုဘို့မှာလည်း အလွန်သာယာ နာပျော်ဘွယ် ပြောဆိုတတ်မှ ဘုရင်မင်းမြတ်က မြှောက်စားထားခြင်း ခံရသူ ဖြစ်သဖြင့် နေရတဲ့ တိုက်အိမ်ကြီးကလဲ အိန္ဒိယ နိုင်ငံကို ခေါင်းဆောင်လုပ်နေတဲ့ နေရူးတို့ အိမ်ထက် တောင် ကောင်းသေးတော့ သူ့အနားသို့ တော်တော် တန် တန် လူ မကပ်နိုင်ဘူးပေါ့လေ ကိုသိန်းမောင် တို့ လို ပဲလျှော်နေတဲ့ လူတန်းစားမျိုးတော့ အနားရောက် ဘို့ နေနေသာသာ အိမ်နားကပ်ထာနဲ့ တချက်ထဲ ရိုက် လွှတ်ခြင်းခံရမှာဘဲ အဲသည်လောက် အလှဂုဏ်မောက် နေတဲ့မိန်းမပေပေါ့ သူထံသို့ လာရောက်သူတို့ဟာ ငွေတခထောင် အသပြာ ပြည့်စုံအောင် ပါသော်လည်း အထက်တန်း ကျကျနှင့် ရုပ်ဆင်းအင်္ဂါ လှ-မလှကို သူ၏ "စက္ကုရီတေရီ" အတွင်းရေးမှူး အစေခံတို့အား ပဋ္ဌမ စစ်ဆေးကြည့်ရှုကြရန် ခိုင်းစေလေ့ရှိသေးဆိုကိုး အဲ- သည်လို ရှိနေစဉ်မှာ တနေ့သောအခါ ပင်လယ်သမုဒ္ဒရာ ထဲ၌ ကြေးပြဿဒ်နဲ့ နေတဲ့ ရှင် ဥပဂုတ် ကိုယ်တော်ဟာ

သူ၏ တိုက်အိမ်အနီးသို့ ဆွမ်းခံကြွလာခြင်းမြင်ရသဖြင့် ထို ရှင်–ဥပဂုတ် ကိုယ်တော်မြတ်ကလဲ ရပ်ဆင်းအင်္ဂါမှာ ဝါသဝ ဒတ္တ-ထက် အလှ အချောက သာနေလေတော့ သူ၏ အစေခံတို့အား တိုက်ပေါ်သို့ ဆွမ်းအလှူခံ ကြွရန် လျှောက်ထား အပင့်ခိုင်းလေရာ ကြွမလာဘဲရှိနေသဖြင့် သင့်တော်ရင်းနှီးသော သူတို့အား ဆွမ်းကျွေးရန်အလို့ငှာ ထပ်မံ၍ ပင့်ပေးကြပါ-ဟု ပူဆာသဖြင့်အတိုင်း သွားရောက်၍ ပင့်ကြသော်လည်း အချိန်မကျသေး၍ ငါမလာသေးဟုသာ ရှင်-ဥပဂုတ် ထေရ်မဟာကပြန်၍ မိန့်ဆိုလိုက်သတဲ့ ထိုအခါ ဝါသဝဒတ္တ သူ့ခမြာမှာ ရှင်ဥပဂုတ် ထေရ်မဟာအား ဆွမ်းကျွေးလိုသော ဆန္ဒ အလွန်လျှင် ပြင်းပြခြင်းဖြစ်နေသဖြင့် ဟိုသူ့ပူဆာ သည်သူ့ကိုပူဆာ နှင့် အခါခါ အခေါက်ခေါက် ခိုင်းစေလိုက်သော သူချင်း အချင်းများကြ၍ဓါးထိုးမှု လူသတ်ပွဲကြီးအဖြစ်သို့ ဖြစ်ပွါးသွားရောတဲ့ ထိုအခါအုပ်ချုပ်သူအစိုးရတို့က ထိုဓါးထိုးပွဲ လူသတ်မှုမှာ မည်သူလျှင် အခြေခံလဲဟု စစ်ဆေးကြ၍ မူရင်းဖြစ်သော ဝါသဝ ဒတ္တ မိန်းမလှမှာ ဖမ်းဆီးခြင်းခံရ၍ ထိုခေတ် ထိုအခါက ကြိုးဆွဲနှင့် စက်ဆင် သတ်သောနည်း မပေါ်သေးဘဲ လက်ခြေ ကိုယ်အင်္ဂါ တို့ကို ဖြတ်တောက်ခြင်း ဥပဒေသာ ရှိသေးသည့် အတိုင်း ထို-ဝါသဝဒတ္တမှာ လက်,ခြေ,နား,လျှာ,နှင့်တကွ နှာခေါင်း ကလေးပါ မကျန်ရအောင် ဖြတ်တောက်၍ သုသာန် တစ သင်္ချိုင်းဝသို့ ပို့ထားခြင်းခံရတဲ့ ဘဝသို့ ရောက်ရ ရှာရောတဲ့ အဲ–ဤကဲ့သို့ အချိန်ကြခါမှ ရှင် ဥပဂုတ်

ထေရ်မဟာ ကြွလာ၍ အောက်ပါ ပါဠိဂါထာဖြင့်ဟော ကြား ဆုမွှတော်မူ၍ သေခါနီးတွင် ကြားနာရသော တရားအရ သောတာပန် ဘဝနှင့် ခန္ဓာချုပ်သွားရ ရှာသတဲ့။

အတုရံ အသုစိံ ပုတိံ ပဿဒဗ္ဗေ
သမုဿယံ ဥဂ္ဃရံတံ ပဂ္ဃရံတံ ဗာလာနံ
အဘိပတ္ထိတံ။

ဒဗ္ဗေ ဝါသဝါဒတ္တ! အလှဂုဏ်အလွန်ထိုက်လှတဲ့ အို….အမိုက်မ။ အတုရံ၊ ၉၆ ဖြာ ဘေးဘယာတို့ဖြင့် ကျင်နာကိုက်ခဲ၍ နေထသော။အသုစိံ၊ ဘာတခုမှ သုဘ တင့်တယ် စင်ကြယ်မရှိ ပကတိ သဘော၊ မစင်တောကြီး သဖွယ်လည်း ဖြစ်၍နေထသော။ ပုတိံ၊ မွှေးမျိုးနံ့သာ လိမ်းကျံခါဖြင့်၊ မာယာရုပ်ဆောင် အပုတ်ကောင်ကြီး လည်း ဖြစ်၍နေထသော။ ဥဂ္ဃရံတံ-စက္ခု သောတ ဃာန ဇိဝှာ ကာယ တို့မှ အထက်သို့လျှံတက် ဆူပွက်၍နေထသော။ ပဂ္ဃရံတံ၊ ခန္ဓာကိုယ်တလျှောက် ဒွါရပေါက်တို့မှ အော့ချင်စဖွယ် အံချင်စရာတမျှ ယိုကျ၍ နေထသော၊ သမုဿယံ၊ ဤကိုယ်ရုပ်မျိုး အပုတ်အိုးကြီးကို။ ပဿ၊ သတိပြု၍ ကြည့်ရှုဆင်ချင် စမ်းပါလေလော့။ ဗာလာနံ၊ ပညာကင်းကွာ တဏှာဖိစီး သူမိုက်ကြီးတို့သာလျှင်။ အဘိပတ္ထိတံ၊ လှတယ် ယဉ်တယ် ခင်မင်ဘွယ်-ဟု တွယ်တာနှစ်သက် မခွါရက်အောင် စုံမက်စွဲလန်း၍ နေကြလေကုန်သတည်း။

ကိုယ့်ကိုယ်ကို ဘယ်လောက်စွဲကြသလဲဆို လက်ဘွေခြေတွေကိုဖြတ်ပြီး သုသာန်သို့ ပို့ထားခြင်းခံနေရတာတောင် ရှင်-ဥပဂုတ် ရောက်လာတော့ သူ၏ လက်တိုကလေးကို မြင်မှာစိုးသေးလို့ သူ့အစေခံမသို့အား ပုဝါကလေးနဲ့ ဖုံးလိုက်ကြစမ်းပါလို့ ခိုင်းသေးသတဲ့ အဲဒီအခါမှာမှ ရှင်-ဥပဂုတ် အရှင်မြတ်က တရားပြ၍ ဟောသေသည်မှာ ရုပ်-ဝေဒနာ သညာ သင်္ခါရတည်းဟူသောတရားတွေအပေါ်မှာ အထင်မှား၍ မာန်ထောင်လွှားနေတဲ့ ဒို….အမိုက်မ နင် အရင်က ရွှေရုပ်ရွှေခဲတွေ ထင်ခဲ့သော အဲ့ဆင်းပသာဒတို့သည် ယခုနင့်မှာရှိသေးရဲ့လားအကာယ် နင် ထင်ခဲ့သည့်အတိုင်း ရွှေရုပ် ရွှေခဲတွေ အစစ်ဟုတ်ခဲ့မူ ဖြတ်တောက်လိုက်သော လက်ခြေတို့က ရွှေထွက်၍ လာနိုင်ချေ၏ ယခုတော့မူကား နင် ထင်သည့်အတိုးမဟုတ် သူ၏ရှိရင်းစွဲ ရုပ်ထဲမှ သွေးပုတ်,ပြည်ပုတ်တွေ တရွှဲရွှဲနဲ့ ပိုးလောက်တွေခဲ၍ နေချေပြီ မဟုတ်တုံလော ထို သွေးပြည်ပုတ်တို့ကလဲ နင် ထင်သလို မဟုတ်အလွန်လျှင် ညှီဟောင်ပုတ်သိုးသော ရနံ့ဆိုးတို့သာလျှင်ရှိခလသောကြောင့် ယင်မဲယောင်း-အစ ဌင်းတနင့်ခွေးအတို့သာလျှင် နင့်-ထံသို့ လာရောက်ကြလေကုန်ပြီရှေးယခင်အခါများကလို လိစ္ဆဝီ ဆရာနှင့် ပိမ္မသာတို့လာရောက်ကြသေးရဲ့လား ငွေအသပြာတထောင်ကြေးနှင့် လာရောက်ရန်ကို လျှောက်လွှာတင်၍ မေးရသောသူများပင် ယခုအခါ နင့်-ထံက နှစ်ပြန်ပေးသော်မှ လာရောက်ရန်ဝေးစွ မေးပေါ်မှမရကြဘူး မဟုတ်လား….

ငါမှ့သာ့အချိန်ကျ၍လာခဲ့သည် အလုဂုဏ်အလွန်ထိုက်လှတဲ့ အခိုက်မဟု ရှင်-ဥပဂုတ် အရှင်မြတ်က သေခါနီးဆဲဆဲမှာ သုဿာန်သို လာရောက်၍ ထို တဂါထာမျှ တရားပြလိုက်ခြင်းဖြင့် ဝါသဝဒတ္တ တကာမသည် တရားရ၍ သောဘာပန်တည်သွားတယ် အဲဒီလိုဘဲ အမြင်မှန်မရကြသေးတဲ့ အခါမှာ ရုပ်-ဝေဒနာ သညာ သင်္ခါရာ တရားတို့က လှည့်စားချင်တိုင်းလှည့်စား၍ နေလေတော့ ဉပါဒါန် အပေါင်းလက္ခဏာ ကော်အစေးတွေ ကပ်နေကြတာဘဲ အမှန်က ရုပ်ခန္ဓာပေါ်မှာ နာမ်ခန္ဓာ အဖြစ်တရားတွေ မှီနေကြတာဘဲ ထို ကော်အစေး အပေါင်းလက္ခဏာတို့ကို ဖြုတ်နိုင်တဲ့နေ့မှာ အမှန် သုခ-ချမ်းသာရကြမှာဘဲ အဖြစ်တရားတွေဟာ မြဲတယ်လို့ ထင်နေကြပေမယ်လို ကမ္ဘာလောက၌ ရှိလာတဲ့အရှိတရားကြီးကိုက မမြဲကြောင်း သိကြရမယ် ဥပမာ ဗဟိဒ္ဓ ရေခါတ်ကြီးတွေ များနေတယ်ဆိုကြပါစို့ ဤကဲ့သို ရေခာတ်ကြီးများလာတော့ အာပေါဓါတ်ကြီး ဒေါသကြီးပြီး ၄၅ နှစ်ပါတ်လုံး မိုယ်းရွာချနေလျှင် အားလုံး ရုပ်ပစ္စည်းတွေ ကြေမွသွားကုန်နိုင်တယ် ထို့အတူဘဲ တေဇောခာတ်ကြီးလဲ တသမတ်ထည်း တည်နေနိုင်တာမဟုတ် အပူရှိန် ဒီဂရီများလာပြီး ကမ္ဘာကြီးကိုပင် ဖေါက်ပြန်ဖျက်ဆီးနိုင်တာဘဲ အဲဒီလို ကမ္ဘာ့ ဥပဒေအရ ပ - အာ - ဝါ - တေ အရှိတရားကြီးတို့ပင် သင်္ခါရ တရားအတိုင်း အမြဲမတည်နိုင်ဖေါက်ပြန်ရမြဲဖြစ်ပါလျှက် ထို အရှိတရားကို အမှီပြု၍ဖြစ်လာရသော မင်းတို့၏ ခန္ဓာကိုယ်က မျက်လုံးကလေး

ကျခါမှ မင့်အမေလင်မို့ မြဲနေရမှာလား-ဟု သည်နေရာ
မှာ ဘုရားကိုက သည့်အတိုင်း ခပ်ကြမ်းကြမ်းဘဲ ဟောခဲ့
တယ် အဲဒီတော့ လူသတ္တဝါခေါ်ရတဲ့ ရုပ် ၆-ခုဟာ အမြဲ
ဖေါက်ပြန်နေရမှာဘဲ နောက်လဲ ဖေါက်ပြန်ဦးမှာဘဲလို့
နားလည်ကြရမယ်၊ မိခင်တည်းဟူသော အရှိတရားကမှ
မမြဲပါဘဲနဲ့ မွေးထုပ်လိုက်သော သားသမီးမျက်လုံးကျမှ
မြဲပါမလား သင်္ပင်ကိုကြည့်အုံးတော့ ပဌမ အကင်း
ကလေးတွေက စပြီး တဖြည်းဖြည်းရင့်ရော်၍ မှည့်လာ
ပြီး ပုတ်ကြွေ ကျရတာဘဲ အဲသည်တော့ တောကျောင်း
နေတဲ့ ဦးဥက္ကဋ္ဌ-ကော လွှတ်အုံးမှာလား ဒါတွေ ရှောက်
ဟောနေလျှင် ရှေ့အရှည်ကြီးဖြစ်သွားလိမ့်မယ် သည်-
တွင်ရပ်၍ ရှေ့တက်ကြစို့ အပ္ပိယေဟိ သမ္ပယောဂေါ
ဒုက္ခော မချစ်မနှစ်သက်သူတို့နှင့် ပေါင်းသင်းနေရခြင်း
ဒုက္ခော ဆင်းရဲခြင်းတဲ့ သည်တရားဟာ လူတိုင်းမှာ
ရှိသလား ကျုပ်တို့လို ဘုန်းကြီး၌ ထို ဒုက္ခရှိသလား
ကျုပ်တို့တော့မရှိပါဘူး ယခုဖြင့် ရှင်းရှင်းကြီး ဝန်ခံနိုင်
ပါတယ် ယံပိစ္ဆံ န လဗ္ဘတိ တမ္ပိဒုက္ခံ ကိုယ်အလိုရှိတာ
မရခြင်း ဒုက္ခဆိုတော့ ဇိဆာကျယ်ပြီး ရိုးဂျောက်များနေ
တဲ့ လူတွေအဘို့တော့ ဒုက္ခပေါ့လေ သည်-ဘိနပ်ခလေး
မျိုးရမှ ဟို-အင်္ကျီ့လုံချည် ဟို အဆင်ခလေးမျိုး ရမှလို့
ဆိုတဲ့ လူတွေအဘို့ကတော့ ဟုတ်ထာပေါ့ ဘယ်ပန္နည်း
ဘဲ ဖြစ်ဖြစ် ဘယ်အစားမျိုး စားရ စားရ ကိစ္စပြီးလွယ်တဲ့
လူများမှာတော့ ထို ဒုက္ခမရှိပါဘူး ယခုဟောခဲ့တဲ့ ဝဋ္ဋ
ထဲမှာ ကြည့်ပါလား ဝါသဝ ဒဋ္ဌမှာ ရှင်-ဥပဂုတ်,ကို

ဆွမ်းမကြွေးရလို့ ဒုက္ခ ရှင်-ဥက္ကာဂုတ်မှာတော့ ဘာမျှ ဒုက္ခ မဖြစ်ပါဘူး ကိုယ်အလိုရှိတာကလေးကို ရတော့ ကောင်းတယ်ထင်တယ် အဲဒီလို ကောင်းတယ်ထင်နေတဲ့ အထင်သဘောတရားထဲမှာ တကာ-တကာကြီး တို့လဲ အစဉ်မျောသွားနေကြတာပါဘဲ ယံပိဋ္ဌံ ကိုယ်အလို ရှိတာမရလို့ ဒုက္ခဆိုတော့ ကိုယ့်ဆီကဟာ သူများယူ သွားတာကြမှ သာဆိုးအုံးမယ် တနေ့က တကာကြီး တယောက် ဈေးထဲမှာ ချည်ထုပ်ပျောက်လို့နေပူရှိန်ကြဲကြဲ ထဲမှာ ဘိနပ်မှ မစီးနိုင်ဘဲ ဟိုပြေး သည်ပြေး ဖြစ်နေတယ် လို့ကြားရတယ် အဲဒါ-ဘာလဲ ချည်ထုပ်ဘည်းဟူသော အထင်တရားကလေးစွဲနေလို့ ဒုက္ခဖြစ်ထာဘဲ အဲဒီတော့ ထိုအထင်သဘောတရားကို ဘုရားထဲက လူတွေ ကြား ကောင်းအောင် ခပ်ခန့်ခန့်ကလေး ပြောရလျှင် ပညတ္တိက လို့ ဆိုလိုက်ကြစို့ သံခိတ္တေန အကျဉ်းအားဖြင့် ဆိုပေမဲ့ သူ-အကျယ်ဆိုးဘဲ သူက ဘာတွေလဲလို့ဆိုတော့ စ-သ ယ ဇ-က-ဟ, ကစပြီး နာမ်ခန္ဓာ အဖြစ်တရားတွေ ဖြစ် ထွန်း ကျယ်ဝန်း လာတာကိုး အဲသည်တော့ သံခိတ္တေန အတိုအကျဉ်းနဲ့ လိုရင်းကို ဆိုရသည်ရှိသော် ပဉ္စုပါဒါ နက္ခန္ဓာပိ ဥပါဒါန်နဲ့တကွသော (ဝါ) အပေါင်းလက္ခ ဏာကော်အစေးနဲ့ ခန္ဓာသည် ဒုက္ခဖြစ်လျှင် ၎င်းကို ပဋိ လောမနည်းဖြင့် ပြောင်းပြန်လှန်၍ပဉ္စာနုပါဒါနက္ခန္ဓာဝ ဥပါဒါန်မဲ့သော အပေါင်းလက္ခဏာမရှိ ကော်ဂျေးစင်၍ လွန်သန့်စင်သော ခန္ဓာဘဝနှင့် သုခ-ချမ်းသာ ရကြလေ အောင် ကြိုးစား အားထုတ် ကြကုန်ရာသတည်း။

တော်သလင်းလပြည့်ကျော်

## ၄-ရက်နေ့ ဟောသော "ဓမ္မစကြာ" တရား

**သမုဒယ သစ္စာ**

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာ ဘိနန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော တရားတဲ့ ဘယ်လိုကြောင့်လဲ၊ တတြ တတြာ ဘိနန္ဒိနီ၊ ဟို-ဟာလဲ လိုချင် သည်ဟာကိုလဲ မလွှတ်ချင် ထပ်ခါတလဲ ခင်မင် စွဲလန်းနေသော၊ သမုဒယ တဏှာ-ကြောင့် ဒုက္ခ ဖြစ်ရသည်····တဲ့။

### ဘယ်လိုဟာတွေကို ခင်မင်နေသလဲ?

၁။ ။ ကာမ,တဏှာ···· ကာမစွဲ။

၂။ ။ ဘဝ,တဏှာ···· ) ဝါဒစွဲ။
၃။ ။ ဝိဘဝ,တဏှာ- )

၁။ ။ ကာမ,တဏှာ···· ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တို့ကို စွဲနေကြခြင်း။

၂။ ။ ဘဝ,တဏှာ···· ယခုဘဝနှင့်တကွသေပြီးနောက် ဘဝ ကိုလည်း သဿတ ဒိဋ္ဌိနှင့်

တဏှာ မျှော်လင့် တောင့်တ၍
စွဲနေကြခြင်း။

၃။ ။ ဝိဘဝ,တဏှာ···· ဥစ္ဆေဒ ဒိဋ္ဌိ နှင့် တကွ နောက်
ဖြစ်မည့် ဘဝကို မလိုချင်၊ ဘဝ
ပြတ်မှု၌သာ ယုံကြည်တောင့်တ
စွဲလန်းနေကြခြင်း။

၎င်း ၃ ချက်ကို 'စာက ကာမရူပ အ,ရူပ'ဘုံတွေဟု ပြန်ဆို၍ ခေါ်ဝေါ်နေကြ၏၊ ၎င်း ဘဝ,တို့ကို ဘယ်သူများဘုံလို့ ပြန်ခဲ့သလဲမသိဘူး၊ ၎င်း ဘဝ,တို့ကို ဘုံမဟုတ်မှ ကိုက်မယ်။

အမှန်က

၁။ **ကာမ** ....ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ တို့ကို စွဲနေတဲ့ဘဝဘဲ

၂။ **ရူပ** ....ရုပ်အစုထဲမှာ ဖြစ်တဲ့ ဘဝဘဲ။

၃။ **အ,ရူပ** .. ဘဝထဲကဖြစ်တဲ့ဘဝဘဲ ၎င်းဟာ ဥပါဒါန ပစ္စယ
ဘဝ-ကို နှားလည်လျှင် သိလိမ့်မည်။

ထို ဘဝ-တဏှာ ၃ ချက်ကို စွဲနေလို့ ဒုက္ခဖြစ်သည်ဟု-ဆို၏၊ တဏှာ့ကျွန်ဖြစ်နေကြ၏၊ ယခု တကာ-တကာမကြီးတို့ကတော့ ကာမတဏှာထဲမှာသာ မျောနေကြ၏။

ရူပနဲ့ အ,ရူပ ဘဝရှိမှု မရှိမှုကတော့ ကာမတဏှာကို ပါယ်ပြီးသော အထက်တန်း ဝါဒစွဲ ပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်၏၊ သေပြီးလျှင် နောက်ဘဝ ရှိတယ် မရှိဘူး

ဆိုတဲ့အစွဲကလဲ နှယ်နှယ်မမှတ်ကြနဲ့ သားပြစ် မယားပြစ် ပြင်ပြီး စွဲကြတဲ့ ဝါဒဘဲ။

**ဓမ္မစကြာ,တရားဟာ**....ယခုလို နားသေးတဲ့ လူတန်းစား နဲ့ ခလေးမတွေလောက်ကို ဟောတဲ့တရားမဟုတ်ပေဘူး ဘုရားရှင် မွေးဖွားစ အခါက ဘုရားဧကန်ဖြစ်လတ္တံ့ ဟု ဗေဒင်အတတ် ဟောခဲ့နိုင်သော ကောဏ္ဍည၊ဝပ္ပ၊မဟာနံ အစရှိသောဝဂ္ဂီတို့နှင့် လက်ျာ,လက်ဝဲတော်ရန် ရှင်သာရိ ပုတ္တရာ၊ ရှင် မောဂ္ဂလာန်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်တို့မှသာ လျှင် အချက်ကျ နားလည်နိုင်တဲ့ တရားဖြစ်ပေတယ်၊

ထို ကာမတဏှာကိုပါယ်ပြီးဖြစ်တဲ့ ရှင်-သာရိပုတ္တရာ နှင့်၊ ရှင်မဟာ-မောဂ္ဂလာန်-တို့ ဂေါတမ ဘုရားထံ မရောက်မှီ၊ သိဉ္စယ-ခေါ် သိမ်းစည်းဆရာကြီးထံ တပည့် ခံနေစဉ်အခါ၊ ပဉ္စဝဂ္ဂီ အသင်းဝင် အဿဇိ ကိုယ်တော် နှင့် ဆွမ်းခံရင်းတွေ့ကြသော အခါ၌ " **ယေဓမ္မာ ဟေတုပ္ပ ဘဝါ တေသံ ဟေတုံ တထာဂတော အာဟ** " ဟု အစမျှ ဂေါ တမ ဘုရား၏ ဝါဒ-ကို ပြောပြလိုက်ချိန်နှင့် ၎င်းတို့စွဲလန်း၍ နေသော ဘဝရှိမှု မရှိမှု တို့ကို စွန့်လွှတ်လိုက်ကြ၍ ကမ္ဘာလောကမှာ အကြောင်းနှင့် အကြိုးဟာရားတို့သာ လျှင် အမှန်ဖြစ်ကြောင်း ရှင်းလင်းစွာ နားလည်၍ သွား ကြသတဲ့။

ဤ သမုဒယ သစ္စာ-မှာလဲ ဒုက္ခ သမုဒယံ အရိယသစ္စံ ဆိုတော့၊ ဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာမှာ ဘယ်ဟာအရေးကြီးသလဲ သိရှိကြရန် လိုလာ၏၊ အရှိ

တရား အဖြစ်တရား အထင်တရားတို့နှင့်တွက်ဆ၍ကြည့်လျှင် ဒုက္ခသည် အရှိတရားလော၊ ဘုရားလက်ထက်က ပရိဗိုလ်ကြီး တဦးသည် ဘုရားထံလာရောက်၍ ဒုက္ခဟာ ရှိသလားဘုရား-ဟု လျှောက်ထားသော အခါ၊ ဘုရားသခင်က မရှိဘူး ရှိတယ်လဲ မဟုတ်ပါဘူးလို့ မိန့်တော်မူသတဲ့၊ ဒါဖြင့်ဘုရား ဒုက္ခဟာ မရှိတဲ့တရားလား ဘုရားဟု လျှောက်ထားပြန်တော့ မရှိတဲ့တရားလဲ မဟုတ်ပါဘူးလို့ မိန့်တော်မူပြန်သတဲ့၊ ထိုအခါ ပရိဗိုလ်ကြီးက ဒုက္ခကို ဘုရားမသိပါဘူးဟု ကဲ့ရဲ့စကားပြောသည့်အခါကျမှ····

**ဘုရားသခင်က**

**ဒုက္ခသည် ရှိ၏ဟု ယူသူက တဖက်အစွန်း**
**ဒုက္ခသည် မရှိဟု ယူသူက တဖက်အစွန်း** ) **ထို ၂ စွန်းကို**

ငါဟောနေသည်မဟုတ်၊အလယ်က တရားကိုသာ ငါဘုရား ဟောနေသည် ဟု မိန့်တော်မူလိုက်····သတဲ့ ထို့ကြောင့် တတြ တတြာ ဘိ နန္ဒိနီ၊သည်ဟာလဲ မလွှတ်ချင်၊ ဟိုဟာလဲ လိုချင်—ဆိုတဲ့ ခင်မင်စွဲလန်း နေကြသော တဏှာကိုသာ ဖြုတ်နိုင်ကြလျှင်၊ ပယ်သတ်နိုင်ကြလျှင် ချမ်းသာသုခ ရမယ်ဆိုတဲ့ တဏှာဟာ အရှိတရားလား အဖြစ်တရားလား အထင်တရားလား အရှိတရားဖြစ်ခဲ့မူ ပယ်လို့ရမည် မဟုတ်သောကြောင့် စစ်တမ်းထုပ်ကြည့်ရပေလိမ့်မည်။

တဏှာဟာ အစွဲဘဲ၊ အစွဲဟာလဲ ကိလေသာဘဲ၊ သည်ဘဏှာ ကိလေသာ တရားသုံးပါးကလဲ....

**(၁) ဝိတိက္ကမ,ကိလေသာ၊ (၂) ပရိယုဋ္ဌာန ကိလေသာ (၃) အနုသယ ကိလေသာ,** ရယ်လို့ဆိုတော့ အနုသယ ဆိုတာဟာ နဲနဲဘဲ၊ လွန်ကြူး-ဆူပွက် မျိုးမပျက် သုံးချက် ကိလေသာ ဆိုပြန်တော့ ဤ.... နဲနဲ-နဲ့ မျိုးမပျက်ဆိုတဲ့ ကိလေသာဟာ လူထဲမျှား ကိန်းနေအုံးမလား........ နန်ကြို နန်ကြား မလား ဘယ်အနား ကိန်းမယ်ထင်သလဲ ဦးသိန်းမောင်။ဟာဒယထဲ ကိန်းပါလိမ့်မယ်ဘုရား၊ဟာဒယ ဆိုတော့ ရုပ်ထဲကိန်းတယ် ဆိုလိုသပေါ့၊ မှန်ပါဘုရား ကိန်းတယ်လို့ဆိုတော့ ရှိနေတဲ့တရား ဖြစ်နေတာဘဲ။ ။ နိုင် ငံ တော် ဝန် ကြီး ချုပ် က မြင်း ခြံ က စွန်း လွန်း ကို တထောင့်,ငါးရာ ကိလေသာဟာ ဘယ်အနား ကိန်းပါ သလဲ ဘုရား-ဟု လျှောက်ထား မေးမြန်းတဲ့ အခါ ရှိတဲ့ သူတွေကလဲ ရှိနေကြတာဘဲ၊ ကျုပ်တို့ကတော့ အရေချုံ တဏှာဘဲလို့ ပြောလိုက်မှာဘဲ၊ စာနဲ့ပေနဲ့ကြည့်ချင်လျှင် နတ်မှီကျောင်းသို့ လှတ်လိုက်၊ ဘုရားက တဏှာဟာ မရှိဘူးဟော့ ဝေဒနာကြောင့်သာ တဏှာဖြစ်တဲ့ ပဋိစ္စ သမုပ္ပါဒ် တရားဘဲဟု သံယုတ် ပါဠိတော်မှာ.... ဘုရား တိုက်ရိုက်ဟောခဲ့ကြောင်း ပြလိုက်မယ်။ ထို-ကိလေသာ တဏှာတရားတို့သည် အရှိတရားလား အဖြစ်တရား လား အထင်တရားလော သေချာအောင် စစ်တမ်း ထုတ် ကြစို့....

**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**
**တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ**
**ဝေဒနာ ပစ္စယာ တဏှာ ...**

လို့-ဆိုတော့ စက္ခုနဲ့ ရူပနဲ့ တွေ့မှ ဖဿ၊ ထို ဖဿကြောင့် ဝေဒနာ၊ ထိုဝေဒနာကြောင့် တဏှာဖြစ်ရသည်ဟု ဆိုသဖြင့်၊ ၎င်း တဏှာတရားသည် အရှိတရားမဟုတ် အဖြစ်တရား သက်သက် ဖြစ်လေသောကြောင့် 'ကိန်းအောင်းနေတဲ့ ဦးသိန်းမောင်တို့၏ အရှိတရားမဟုတ်တော့ဘူးပေါ့၊ ထို တဏှာအဖြစ်တရားပေါ်မှ၊ ဒုက္ခအထင်တရားဖြစ်သဖြင့်၊ ပညတ် တည်းဟူသော အထင်ဒုက္ခတရားကို ပါယ်လို့မရ၊ ပါယ်ရန်လည်း မဟုတ်၊ အဖြစ် တဏှာ တရားကိုသာ ပါယ်သတ်နိုင်ကြပါက အထင်ဒုက္ခသို့ မရောက်တော့ဘဲ ချမ်းသာသုခ လက်ငင်းရကြ မည်ဖြစ်၏။

**ပါယ်သတ်ရမဲ့ တဏှာက ဘယ်ဟာတွေလဲ ?**

တတြ တတြာ ဘိ နန္ဒိနီ၊ သည်ဟာလဲ မလွှတ်ချင် ဟိုဟာလဲ လိုချင်"**သောက်လေ သောက်လေ ငတ်မပြေ**"ဆိုတဲ့ စကားပုံလိုဘဲ စွဲနေကြ၏၊ကိုယ်လိုချင်တဲ့ပစ္စည်းကို ရပြန်တော့လဲ နောက်ထပ်လိုချင်ရက်ဘဲ ရှိနေကြသေး၏။ ဤကဲ့သို့ အလိုချင် စွဲနေကြပေမယ်လို့ တကယ်ရလာတော့**လဲ** လက်မှခံနိုင်ကြပါဘူး။

**ဥပမာ**- ဒေါ်တင့်, ဦးမောင်ကြီး သောက်ရန် ဆေးပေါ့လိပ်ကြီးပေါင်း ၅စ်သိန်းပေးမယ်ဆိုလျှင် ထားစရာနေရာမရှိတာနဲ့ လိုချင်မှာ မဟုတ်ပါဘူး။

ဝလော့် အလုပ်-လုပ်တဲ့ ကိုစိန်ပွင့်-ဘို့ ပဲကြီး လှည်း စီးရေ ရှစ်သိန်းပို့လိုက်မယ် လက်မခံနိုင်လျှင် သေဒဏ် ပေးမယ်ဆိုလျှင် တောခိုရတော့မှာဘဲ၊ ဒေါ်အေးစိန် ဘို့ အင်္ကျီအထည်ပေါင်းရှစ်သိန်းပေးလိုက်မယ် တနာရီလျှင် တထည်ကြ လဲဝတ်ရမယ်၊ မဝတ်နိုင်လျှင် သေဒဏ် ဆို လျှင် တောခိုရမှာဘဲ၊ဝက်သားအလွန်ကြိုက်တဲ့လူ တနေ့ တကောင်ကြ သတ်ကျွေးမယ်ဆိုလျှင် မစားနိုင်ဘူးရှိလာ မှာဘဲ၊ ဘာကိုဘဲ လိုချင် လိုချင် သည်လို လိုချင်မှုကြောင့် ဒုက္ခဖြစ်နေကြတာဘဲ၊ စ-သ-ဃ-ဇ-က-ဟ,တို့က ကြည့် ချင်မှု ကြားချင်မှု စားချင်မှု ဆေးသုတ် ပေးထားတဲ့ တဏှာကျွန် ဖြစ်နေကြတာဘဲ၊တကယ်ရလာပြန်တော့လဲ မလိုချင်တော့ပါဘူး၊ ကျုပ်တို့ ဘုန်းကြီးတွေလဲ သည် တဏှာကလေးတွေထဲပါဘဲ ကိုညီငယ်-မအေးကျင်တို့က တိုက်ခလေးတလုံး ဆောက်ပေးတယ်၊ အကယ်၍ ၆၄ လုံးလောက် ဆောက်ပေးမယ်ဆိုလျှင် လက္ခံနိုင်လိမ့်မယ် မဟုတ်ပါဘူး၊ ၂-လုံး ၃-လုံးလောက်တော့ဖြင့် လက္ခံ နိုင်စရာ ရှိသေးရဲ့၊ဝက်သားအလွန်ကြိုက်တဲ့လူ အချား ကြီးသာချက်ကျွေး လန့်ထွက်ပြေးရမှာဘဲ၊ တကာမကြီး ဒေါ်စံရှား ဘုန်းကြီးတွေ လန့်သွားအောင် အဲဒီ-အတိုင်း သာ လုပ်ပေတော့နဲနဲပါးပါးရလျှင်သာ ဟိုဟာကလေး လိုချင် သည်ဟာကလေး လိုချင်နဲ့ ရှိတဲ့ ရှိပြီးသားအင်္ကျီ တော့ ကြမ်းတယ်၊ နိုင်လွန် ပိုးဖုင် ကလေး နုနုမှ ကြိုက် တယ်၊ ပိုးဖျင်ကလေး ရပြန်တော့လဲ ဟို စက်ချုပ်ထာ မကြိုက်ဘူး၊ ဖက်ရှင်ထွင်တတ်တဲ့ ဟို- ကိုသိန်းမောင်

စက်မှ ကြို့က်တယ်နဲ့၊ စက်ပြောင်းပြီး သွားရတာနဲ့ဘဲ လမ်း-မြွေကိုက်သေမှာဘဲ၊ အဲ—ဒီလို အစစ အရာရာတွေ လိုက်နေတာဟာ ကာမတဏှာဘဲ၊ ထို ကာမဏှာဟာ သေးတဲ့တဏှာ မဟုတ်ဘူး၊ မွေးတဲ့နေ့ကစပြီး သေတဲ့နေ့ အထိ လိုက်နေကြတာဘဲ၊ ဘယ်တော့မှ မရပ်နိုင်ကြဘူး ဘဲ၊ဈေးရောင်းတဲ့လူများလဲ ယနေ့ ဈေးက ဖဲ့၅ိ။ အမြတ် ရကဲ့ပေမဲ့ နောက် ၁၂၀-မြတ်အောင်ဆိုပြီး ထပ်လုပ်နေ ကြပြန်တာဘဲ၊ အရင်အမြတ်ကလေးကို အသာစားပြီး နားရင်း နေရင်းနဲ့ တရား အားမထုတ်နိုင်ကြဘူး····

အဲဒီ သမုဒယ တဏှာဟာ ဒုက္ခကို ဖြစ်စေတတ်တဲ့ အကြောင်းတရားဘဲ၊ ဘုရားသခင်က ၎င်း သမုဒယ တဏှာကို ပဟာတဗ္ဗ ပါယ်ကြလို့ နိုင်းကဲ့တယ်၊ ပါယ် နည်းကတော့ ဥပမာ ထုံးနဲ့ ဆန္ဒင်းနဲ့တွေ့လျှင် အနီ ရောင်ပေါ်တတ်၍ ထိုအနီရောင်မပေါ်အောင် ထုံးအိုးကို သောက်ရေအိုးတွင်ထား၍ ဆန္ဒင်းအိုးကို မီးဖိုချောင်၌ ထားရမည့် ပုံပမာလို ထိုတဏှာကို လက်ဦးအစ ပေါ် လေ့ရှိသော စ-သ-ယ-ဇ-က-ဟ တို့နှင့် ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ရုံတို့ မတိုက်ဆိုင် မဆုံဆီးရအောင် အကြမ်းစား စောင့်ရှောက် ထိမ်းသိမ်း ပါယ်ရှားကြ၍ သုခ-ချမ်းသာရအောင် အားထုတ်ကြပြီးလျှင် အသေးစိပ် အနုစား ပါယ်သတ်ရန်နည်းကို ရှေ့မဂ္ဂ တရားကြမှ နာ ကြား ကြဘုန်ရာသတည်း။

☆ ☆ ☆

## တော်သလင်းလပြည့်ကျော်

## ၉ · ရက်နေ့ ဟောသော "ဓမ္မစကြာ" တရား

ပဌမ-အခြေခံ ဟောသွားစဉ်မှာ နားလည်ရန် အတွက်

**နိရောဓ သစ္စာ** **ကထာဝတ္ထု ပါဠိတော်မှာ-ပါတဲ့**

အဿေ ခန္ဓာ အညံ နိဗ္ဗာနန္တိ န ဟောဝံ ဝတ္တဗ္ဗေ-ဆိုတာကို သိထားရလိမ့်မယ်။ ခန္ဓာ၊ခန္ဓာငါးပါးသည်၊အညေ၊ တပါးကုန်လော့၊နိဗ္ဗာနံ နိဗ္ဗာန်သည်၊ အညံ၊ တခြားကုန်လော၊ ဣတိ၊ ဤသို့ မေးသည်ရှိသော်၊ န ဟောဝံ ဝတ္တဗ္ဗေ၊ တခြားစီဟူ၍ကား မဆိုကောင်းတဲ့....

ဣမသ္မိံ ယေဝ ဗျာမ,မတ္တေ ကလေ ဝရေ
သ,ဝိညာဏကေ လောကဉ္စဝ လောက
သမုဒယဉ္စ လောက နိရောဓဉ္စ လောက
နိရောဓ ဂါမိနိ ပဋိ ပဒဉ္စ။(**သံယုတ်ပါဠိတော်**)

သ,ဝိညာဏကေ၊ ဝိညာဏ်နှင့်တကွသော။ သ,မဏာ ခကာ၊ စိတ်နှင့်တကွသော။ဗျာမ,မတ္တေ၊ တလံမျှလောက် ရှိသော။ ဣမသ္မိံယေဝ ကလေ ဝရေ၊ဤ ရုပ်ကောင်ပုတ် ကြီးအတွင်း၌ သာလျှင်။ လောကဉ္စဝ၊ လောကကိုရင်း၊ လောက သမုဒယဉ္စ၊ လောက၏ အကြောင်းကိုရင်း။ လောက နိရောဓဉ္စ၊ လောက၏ ချုပ်ရာဖြစ်သော နိဗ္ဗာန် ကိုရင်း၊ လောက နိရောဓ ဂါမိနိ ပဋိ ပဒဉ္စ၊ နိဗ္ဗာန်ရောက် ကြောင်း၏ လမ်းစဉ်ကိုရင်း။ငါဘုရား သမုဒ် ထားတော် မူ၏။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခ နိရောဓံ အရိယ
သစ္စံ ယောတာယာ ယေ၀ တဏှာယ အ,သေသ
ဝိရာဂ နိရောဓော စာဂေါ ပဋိ နိဿဂ္ဂေါ မုတ္တိ
အနာလယော။

ဤကား ဂေါတမ ဘုရားသခင်သည် စကား တတ်ကြောင်း ပြလို၍ ထပ်ခါတလဲလဲ ပြောဆိုခြင်းဖြစ်၏။

၎င်း၏ အဓိပ္ပါယ်မှာ.... ငါဟောခဲ့သော တဏှာ-၏ အကြွင်းမဲ့ချုပ်ငြိမ်းခြင်း သဘောတရားသည်ကား စွန့်သော လွှတ်သော လွှတ်ထားသော မတွယ်တာ မကပ်ငြိသော သဘောတရားဖြစ်၏၊ နိရောဓ သစ္စာသည် တဏှာကို ချုပ်ထားသော တရားဖြစ်၏။ ဒုက္ခသစ္စာတွင် ဇာတိပဋိ ဒုက္ခ၌ကား ဇာတိသည်အဖြစ်သဘောတရားဖြစ်၍ ဒုက္ခ ဟူသော ဆင်းရဲမှုသည် အထင်သဘောတရား ဖြစ်၏ ဇာတိသည် အဖြစ်သဘောမှန်လျှင် ဇာတိကို မဖြစ်အောင် မလုပ်နိုင်ကြဘူးလား။

အမှန်ကတော့ ဒုက္ခဆိုတဲ့ အထင်သဘောတရားသည် အဖြစ်သဘောတရားဖြစ်တဲ့ ဇာတိကို ကြောထောက် နောက်ခံပြုလုပ်၍ အမှန်စင်စစ် မုချအားဖြင့် မရှိတဲ့ ထို အထင်သဘောတရားပေါ်လာခြင်းပါဘဲ၊ဒုက္ခကို ကြောက်ကြရင် ကျုပ်တို့ ကြောက်ကြတဲ့ မလိုလားရှောင်ကျဉ်အပ်တဲ့ ထို ဒုက္ခကို ဘာကြောင့် သိမ်းဆည်းမွေးမြူထားကြမလဲ ပါယ်ပြစ်ကြရလိမ့်မယ်၊ ဘာကြောင့် သည်အထင်သဘောတရား ဖြစ်တဲ့ဒုက္ခကို ပါယ်ဖျက်ပြစ်

ရမလဲဆိုလျှင် သုခ အရေချုံလုပ်ပြီး သုခစစ်နဲ့ဝေးသည် ထက်ဝေးအောင် ကျုပ်တို့ကို ပို့ဆောင်နေတဲ့အတွက်ဘဲ။

ကောင်းပြီ ဒုက္ခကို ပါယ်ဘို့ရာ သူရဲ့ရှေ့တော်ပြေး ဖြစ်တဲ့ တဏှာကို ပါယ်ရလိမ့်ဦးမည်၊ တဏှာကို ပါယ် ပြန်တော့လဲ သူရဲ့အကိုင်းအခက်ကို သုတ်သင်ရှံ့နဲ့ ကိစ္စ ပြီးမည်မဟုတ်၊ ရေသောက်မြစ်ကိုပါ ဖြတ်ပြစ်ရမယ်၊ ၎င်းရေသောက်မြစ်တွယ်တဲ့ နေရာက ကျုပ်တို့ ခန္ဓာကိုယ် မှာရှိတဲ့ မျက်စိ,နား,နှာ,လျှာ,ကိုယ် ဟဒယတွေဘဲ၊အဲဒီ စ-သ-ဃ-ဇ-က-ဟ„တို့သည်၊တဏှာရဲ့ အစေခံတွေ ဖြစ် နေမယ်ဆိုရင်၊ ကျုပ်တို့တတွေဟာ လွတ်လပ်တဲ့ လူ မဟုတ်တော့ဘူးပေါ့။၎င်း စ-သ-ဃ-ဇ-က-ဟ,တို့အပေါ် အုပ်စိုး နေ တဲ့ တ ဏှာ ကို တော် လှန် ပြစ် မှ သာ လျှင် တကယ့်ငြိမ်းချမ်းမှု အစစ်ကို ကျုပ်တို့ရကြမယ်။

**ဒါဖြင့် ကျုပ်တို့တဏှာကို ရှာကြစို့....**

ဘယ်မှာနည်း တဏှာအကောင်အထည်ဟာ ဘယ်ဟာ လဲ တကယ်ရှာကြည့်တော့ မယ်မယ်ရရ မတွေ့ရပါ ကောင်းပြီ အမှန်ရှိတဲ့အရာဆိုလျှင် တွေ့ရမယ်မဟုတ် လား၊ ယခုတော့ အရှိမဟုတ်လို့မတွေ့တာပေါ့၊ ဒီလိုဆို ရင် တဏှာဟာ အရှိတရားမဟုတ်ဘူးဆိုတာ သိကြရပြီ

နတ်မှီကို ခင်ဗျားတို့ရောက်လာကြမှ တဏှာပျောက် ကြရင်တော့ ကြေနပ်ပြီ။

ဘုရားဟောဒေသနာနဲ့ကြည့်ရင် တဏှာရှိသူများထံ သွားလျှင် အင်မတန်မှ စက်ဆုတ်စရာကြီးပေပေါ့။အမှန်

က သည်-တဏှာဟာ အကြောင်း ၂-ခု တိုက်ဆိုင်ရင် ပေါ်လာတတ်တဲ့ အဖြစ်တရားဘဲ။ မီးချစ်ဆံနှင့် မီးချစ် ယမ်းပြား မချစ်ဘဲထားရင် မီးမတောက်ပါဘူး ထို့နည်း အတူဘဲ မျက်စိနဲ့ ရူပါရုံတွေကြတော့ တွေ့တဲ့မျက်လုံးက စက္ခုပြားကို ယမ်းသုတ်ထားသလို ဖြစ်နေရင်တော့ တဏှာဆိုတဲ့ မီးတောက်ပေါ်လာပြီးပူလောင်တယ်ဆိုတဲ့ ဒုက္ခ ဆိုက်လာမှာဘဲ၊ ပျဉ်းမနား တခါသွားတုံးက ည-ရထားမှာ ရထားကလဲကြပ် ဘယ်နေရာမျိုးမှာ ဘယ်လို လူနဲ့ ထိုင်မိသလဲ ဂရုမပြုမိ မနက်ကြတော့မှ ကျုပ်နဲ့ ကပ်နေတဲ့ တကာမကြီးက ကိုယ်တော်ဘာလို့ ကပ်ထိုင် နေသလဲမေးတယ် တညလုံးလုံး ဘာမှမသိ ဘာမှမဖြစ်ဘဲ နံက်ကြတော့ မျက်စိက အထီးဘဲ အမဘဲ ဆိုတာ ခွဲပြီး မြင်တော့မှ ရှုံးတိုး ရှမ်းတန်း ဖြစ်သွားတဲ့ သဘောက အမှန်ရှိတဲ့ တရားလား ရှိတဲ့တရားမဟုတ်ပါဘူး။အကယ် ၍ ရူပါရုံဟာလဲ မြင်သူရဲ့ မျက်လုံးထဲမှာ ရှိနေရင် ယင် ကောင်တွေ အုံနေတော့မှာပေါ့။

ဘုရားလက်ထက်တော်က ပဉ္စာတပ တရားဖြစ်တဲ့ ရေငုတ် မီးလှုံ တုံးခုန် ဇယ်ခပ်-စတဲ့ နည်းတွေနှင့် တဏှာ ကို ပါယ်သတ်ကြတယ်။ ယခုခေတ်မှာဘဲ ဧပြီ, မေ, ဇွန် ဂျူလိုင်-ဆိုတဲ့ အလွန်ပူပြင်းတဲ့ အပူဒီဂရီ ၁၁၅။၁၁၆-ထိ ချစ်ချစ်တောက် ပူနေတဲ့ သဲသောင်ပြင်ထဲမှာ နံနက် ၁၀ နာရီခန့်က စ၍ မီးပါတ်ချာဝိုင်းပြီးဖို၊ ဥပသကာတွေက မီးရှိန်မသေးအောင် မှုတ်ပေးကြ။ ထို အထက်အောက် ဘေးပါ ပူပြင်းနေတဲ့ အလယ်မှာ တဏှာဖြတ်တဲ့ ပုဂ္ဂိုလ်

က တလက်ဝါးလောက်မှ အဝတ်အစား မပါရဘဲ ဝတ်လစ်,စလစ်နဲ့ ထိုင်ပြီး ကျင့်နေကြတာ တွေ့ခဲ့ရဘူးတယ် နေစောင်းလို့ ညနေရောက်တော့ ၎င်းပုဂ္ဂိုလ်ကို တဏှာကုန်သွားပြီလား ပြတ်သွားပြီလားလို့ မေးကြည့်တော့ တဏှာ ချောက်သွားအောင် ကျင့်တာပါလို့ ပြောတယ် သူတို့က တဏှာကို အရှိထင်ပြီး ၎င်းခမ်းချောက်သွားလျှင် နိဗ္ဗာန်တော့ လှမ်းနိုင်ပြီ-ဟု ထင်ကြလို့ဘဲ သူတို့ဟာ သားကောင်အစိုကို ချောက်သွားအောင် ကင်နေသလိုပါဘဲ ဘာမှ မထူးပါဘူး၊ တဖန် ထို တဏှာကောင်ဟာ မျက်လုံးထဲ၌ရှိတယ်ထင်ပြီး မျက်လုံးဖေါက်၊ နားထဲရှိတယ် ထင်ပြန်လဲ နားဖေါက်၊ ရှိတဲ့ စ-သ-ဃ-ဇ-က, တို့ကို ၅-မျိုးစလုံး ဖေါက်တန်ဖေါက် ဖြတ်တန်ဖြတ်ပြစ်တော့ကော ကိုယ့်ခန္ဓာကြတော့ တနေရာထဲ လှ⁰းပြစ်လို့ရပါမလား သတ်ပြစ်မှဘဲရမယ်၊မသတ်ဘဲ ဒီအတိုင်းထားရင် ၎င်းကိုယ်က ဘာဖြစ်လာမလဲ၊ ထိမိသည်နှင့် အခြား၄-ခုမဲ့မှုကြောင့် တဟုန်တည်းပို၍ ပြင်းထန်တဲ့ တဏှာဒီရေဟာ စီးဆင်းလာမယ်၊အမှန်က တဏှာအစေခံရေ့သွားရုံဘဲရှိမယ်၊ အမည်အားဖြင့် ရေ့ခြင်းပါဘဲ၊ တဏှာက မရေ့ပါဘူး၊ အိမ်တအိမ်မှာ စရိတ်ငွေကြီးလွှန်းလှ၍ အစေခံ လျှော့ပြစ်သလောက် အနေမျိုးပါဘဲ၊ ၎င်းလျှော့ပြစ်တဲ့နေရာမှာ ရှိရစ်တဲ့လူက ပိုပြီး လုပ်ရမှာဘဲ၊ အလုပ်က ရေ့သွားလို့ မဟုတ်ပါဘူး၊ ဂေါတမ ဘုရားရှင်က အနာထပိဏ် သူဌေးကို ဒီကိစ္စနဲ့ စပ်လျဉ်းပြီး ပြောဘူးခဲ့တယ်၊ ဘယ်လိုပြောသလဲဆို မျက်လုံးကြီး ဖေါက်ပြစ်

တော့ အပေါက်ကြီးကျယ်လာ၍ပိုပြီးများပြားတဲ့တဏှာတွေ ဝင်မလာပေဘူးလားတဲ့၊ အမှန်က ဒီ-တဏှာဟာ အမှန် အရှိတရားမဟုတ်ပါဘူး၊ အဖြစ်သဘောတရားဘဲ ဆိုဘာကို သိတာနှင့် တပြိုင်နက် တဏှာဟာ လွင့်စင်သွားတာပါဘဲ၊

နားဆိုတဲ့ နားကလဲ မ-သံ, ဖို သံ„ကွဲသကိုး၊ သံပြင်မင်းသွီး ကန့်လန့်ကာ ခွန်နှစ်ထပ်နဲ့ စာချတော့ လူမမြင်ရသော်လဲ အသံကလေးကြားရတာနဲ့ အဖျိုသံဘဲ အဒိုသံဘဲ ခွဲခြားသိသေးတယ်၊ ဒီလို သိမှုကြောင့်ဘဲ နောက်ဆုံး စာသင်သားကိုယ်တော်နဲ့ ညားသွားရရှာတာဘဲ ဒီတော့ ကန့်လန့်ကာ ခွန်နှစ်ထပ်မှ ကာနေရရင် စာမချဘဲ နေတာက ကောင်းသေးတယ်။

ရှေ့တိုး နောက်ဆုတ်ဆိုသလို ပြုမှုသမျှ ကိစ္စအားလုံးတိုင်းမှာ သတိ ကြပ်ကြပ် ထားလျှင် စ·သ ဃ-ဇ-ဂ-ဟာက တဏှာမဝင်နိုင်ပါဘူး၊ သည်တော့ မျက်စိ,နား,နှာလျှာ,ကိုယ်„ ဟဒယ တို့က သည်-တဏှာကို တော်လှန်ကြရလိမ့်မယ်၊ ဘယ်လိုတော်လှန်ရမလဲဆိုတော့ မင်း.... ကြည့်လိုတာ မကြည့်နဲ့၊ မင်း-ကြားချင်လှတာ မကြားနဲ့ ဆိုပြီး၊ သည်လို သူတို့အလိုကို မလိုက်ပါများလာရင် ကြာတော့ အဲဒီ·တဏှာနဲ့ ဝေးသွားရော့ပေါ့၊ ဝေးလေလေ။ ၎င်း တဏှာနဲ့ အဆက်ပြတ်ပြီး နောက်ဆုံးကိုယ့်မှာ မရှိတော့တဲ့ အဖြစ်ရောက်ပြီး ကုန်သွားမှာပါဘဲ။

တချို့က လောဘ ဒေါသ မောဟ ကုန်ရင် နိဗ္ဗာန်ရောက်ကြောင်း ပြောဟောကြတယ်၊ သည်တော့ ထို- လောဘ ဒေါသ မောဟ-ဆိုတဲ့ ၃-ခုက ဘာတွေတုံး အရောင်တမျိုးစီချယ်ထားတဲ့ ခေါင်း ၃-လုံးကို ဆောင်း ထားတဲ့ တဏှာပါဘဲ။

ဘာ့ကြောင့်တုံး လောဘနိယ ဒေါသနိယ-စတဲ့ အာရုံ တို့နဲ့ တွေ့လျှင် လောဘ ဒေါသ တရားတွေ ထွက်လာ တာဘဲကိုး၊ ဥပမာဆိုသော် ပန်းတိုင်ကို မဏ္ဍိုင်ပြုပြီး၊ က နေတဲ့ မြေပိုင်းဇာတ်မှာ လူတဦးထည်းက ဘီးလူခေါင်း မင်းသား မင်းသမီး စတဲ့ ခေါင်းပုံအမျိုးမျိုးကို ဆောင်းပြီး က နေသလိုပါဘဲ အဲဒီလိုအဆင်ပြောင်းပြီး ကိုယ်တဏှာ ဇာတ်လိုက်က စခမ်းသွားနေလို့ အရှာရခက်ပြီး ထင် ရောင်,ထင်မှား ဖြစ်နေကြတာပါဘဲ၊ ထို လောဘ ဒေါသ မောဟ တို့ဟာ တဏှာမှန်းသိလို့ ၎င်း ၃-ခုကို၊ ရှောင် ကျဉ်ရင် ထို တဏှာကောင်ဟာ သေမှာ အမှန်ပါဘဲ ပြီး တော့ တဏှာ စားကြက်ကွင်း ၆-ခုဖြစ်တဲ့ စ-သ-ဃ-ဇ က-ဟ, တို့က မိမိတို့ ကွင်းထဲ ဆင်းလာဦးတော့ လက် သင့်ခံမထားဘဲ မောင်းထုပ်ကြဘို့ပါဘဲ ၎င်းပြင် ထို၆-ခု စလုံးဟာ မှန်ကြေးမုံကဲ့သို့ ကြည်လင်တောက်ပြောင် စင်ကြယ်နေစေရမယ်၊ ၎င်း မှန်ကြေးမုံဟာ ဂျေးညှော် တွေတင်ပြီးနေရင် လက်နှင့်အကြောင်းဆွဲက အရာထင် နေမယ်၊ သန့်ရှင်းကြည်လင်နေရင် ဆွဲချင်တာနဲ့ ဆွဲ၊ ဝင် ကြည့်ချင်တဲ့ သက်ရှိ သက်မဲ့တွေကြည့်၊ ၎င်း သက်ရှိ သက်မဲ့ တခြားကို ရောက်သွားတာနဲ့ တပြိုင်နက် မှန်ထဲ

မှာ မကျန်ရစ်တော့ပါဘူး၊ ဒီအတိုင်း ဖြစ်ရမှာဘဲ၊ ရှေး ယခင်ကလက်ခံခဲ့ဘူးတဲ့ညွှန်ကြားချက်ကိုတော့မေ့ခဲ့ဘိတောင်း ဘဲ၊ ယနေ့, ကျုပ် ဇီးဖြူသီးထောင်းနဲ့ ဆွမ်းစားတော့ သူရဲ့တွဲဘက်ခလေးဖြစ်တဲ့ နွားခေါင်းကို သွားသတိ ရတယ်၊ ကြို့နှိုင်လျှင် မွှမွှမြောင်းပြီး အဆိပ်က အရသာ အရေချုံထားတဲ့ တာရှည်လေးမြင့်စွာ လက်ခံကဲ့ဘူးတဲ့ ညွှန်ကြားတော်ကိုယ်တကျော့ကိုတမ်းတမိတယ်၊သို့သော် မစားဘဲ တော်လှန်လိုက်တော့ (ဝါ) လက်မခံတော့ တကျော့ကောင်ဟာ ခဏနှင့် ဆံပြုတ်ဖြစ်သွားရရှာတာပါ ဘဲ 'ဆံပြုတ် ဆုတ်ပြန်ပေါ့။'

**ကထာဝတ္ထု ပါဠိတော်မှာ....** ခန္ဓာငါးပါးသည်၊ အညေ၊ တပါးကုန်လော နိဗ္ဗာန်သည် တခြားလော-ဟု ရှင်.... မောဂ္ဂလာန်က ဂေါတမဘုရားကို မေးခဲ့ဘူးခြင်းတွေ့ရ တယ်၊ သည်လိုမေးတော့ ဘုရားက **"န ဟေဝံ ဝတ္တဗ္ဗေ"** ဤသို့ကား မဆိုကောင်းတဲ့၊ ရှင်တော် ဂေါတမရဲ့ တရား တော်အားလုံးကို ကြည့်ရင် သစ္စာ ၄-ပါးမှာ **'ယောတဿ ယေဝ တကျော့ယ'**ကလွဲပြီး **'ပဋိသေခ'**နှင့်ချည့် ဟောထားခဲ့၏ ဟောဒါဟာ နိဗ္ဗာန်ဘဲလို့ တိုက်ရိုက်ပကတိ ပြောတာက တမျိုး တနည်းက နိဗ္ဗာန်ဟာ ဒီဟာတော့ မဟုတ်ဘူး ဟော့လို့ ဆိုတာက တမျိုးရှိတယ်၊ တချက်ကို ငြင်းဆို သော်လည်း အခြားကျန်တချက်သည် မှန်သည်ဟု ပြော သောနည်းနှင့် ဒါဘဲဟု ပကတိ ထင်ရှား သေချာစွာ ပြသောနည်းဟူသည့် နည်းလမ်း ၂-ခု ပါရှိတယ်၊နိဗ္ဗာန် နှင့် ခန္ဓာငါးပါးဟာ တခြားစီ မဟုတ်ရင် ပူးတွဲလျှက်

ရှိတယ်ဟု ဆိုလိုတာပါဘဲ၊ တဆင့် တက်ကြည့်ရင် ခန္ဓာ ငါးပါးဟာ နိဗ္ဗာန်ဖြစ်နိုင်တာပေါ့၊ ဘုရားကတော့ အတိ အကျ နိဗ္ဗာန်နဲ့ ခန္ဓာ တခြားစီမဟုတ်ဘူး ဟု ဟောထား တာဘဲ၊ ကျုပ်တို့ ခင်ဗျားတို့ တတွေကတော့ ခန္ဓာနဲ့ နိဗ္ဗာန် တခြားစီထင်ပြီ ဖြစ်လေရာ နောင်တမလွန် ဘဝ မှာ ဘုရားကိုယ်တော်မြတ် ပွင့်ချိန်တွင် ဖူးမျှော်ကန်တော့ ရသောကိုယ်ဖြစ်၍ နိဗ္ဗာန် မဂ်,ဖိုလ်-ကို အဆောတလျင် ကူးပြောင်းရပါလို၏ဟု ဆုတောင်းနေကြတာဘဲ၊ သည် တော့ ဝေးသည်ထက် ဝေးသွားတာပေါ့၊ တလံမျှ လောက်သာ ရှိသော သင်တို့ရဲ့ ခန္ဓာကိုယ်တွင်းမှာ.... နိဗ္ဗာန်သည် ရှိ၏ဟု ရှင်တော် ဂေါတမက ဟောခဲ့တယ် ပြီးတော့ မင်းတို့မှာ မိဘ,ဘိုးဘွားအစဉ်အဆက်က ဆင်း သက်ပြီး အမွေခံလာကြတဲ့ ဘိုးဘပိုင် မဟုတ်သော၊သည် တဏှာကို မိဘ်ဆွေ ရင်းချာကြီး သဘွယ် လက်ခံထားကြ လို့ ငါက ဝေါက်ရတာပါကွာလို့ ပြောသေးတယ်။ လက်ခံတဲ့ အိမ်ရှင်က စ-သ-ဃ-ဇ-က-ဟ„ တို့ပါဘဲ၊ အစ ကတည်းက သတိ သံဝေဂ တရားနဲ့ မောင်တဏှာကို မလာနဲ့ မလာနဲ့-ဟု တားထားကြမယ်ဆိုရင်၊ ရူပါရုံ တွေကို မြင်ချင်တိုင်းမြင် ရပ်က ချောချင်တိုင်းချော အမ ယာ ကိန္နရီ မဒီ သမ္မာ့ူလ-တို့လို ဖြင်ပေစေ ခင်ဗျားတို့ရဲ့ စ-သ-ဃ-ဇ-က-ဟ„ တို့ဟာ ကြည်လင်တဲ့ ကြေးမှုံပြင် ဖြစ်နေရင် တဏှာ မဝင်နိုင်တော့ဘူးပေါ့၊ ပြီးတော့ စက္ခု က ရူပါရုံကို မြင်ရုံနဲ့ လဲ ဒီ-တဏှာဟာ မဝင်ပါဘူး၊ ဥပ မာ, ရူပါရုံ ခြောက်ပြစ်ကင်းကလေးကိုမှန်ဘီရိုထဲ ထည့်

ထားပြီး ကိုင်း...ကြည့်ရှုံသာကြည့်ကြ၊ ကြည့်ရတဲ့ အခ ငွေ'ခြောက်ခထောင်'ပေးကြဟု တောင်းကဲ့လျှင် ပေးမယ် မဟုတ်ကြပါဘူး၊ ဒီလို မျက်စိကမြင်ပြီး အဖြူ အမဲ တွဲလာတဲ့ မျက်စိသိမှု ပေါ်ပြီးတဲ့နောက်မှာ၊ကျန်တဲ့ အာ ရုံခံ ၅-ပါးက တခုပေါ်တခု သံကွင်းဆက်သဖွယ် အမှီ ပြုပြီး မင်းချည့်မဖြစ်ဘူး၊ ဒို့လဘဲ ပါရလိမ့်အုံးမယ်ဆိုပြီး သူပုန်ထလာကြ၍ နောက်ဆုံး ၆ခုစလုံး စုပေါင်းပါဝင်ပြီး ဆင်နွှဲလိုက်တော့ တဏှာမီးတောက်ပြီး ဒုက္ခ အပူလောင် တာပါဘဲ၊ ထို့ကြောင့် ဥပါဒါန် စွဲလန်းခြင်း ကပ်ငြိခြင်း မရှိတဲ့ (ဝါ) ကော်လူးထားခြင်း ကော်သုတ်ထားခြင်း မရှိသော ခန္ဓာငါးပါးသည်၊ သုခ အစစ်ကို တက်လှမ်း နိုင်တဲ့ ခွန်အားကို ရတာဘဲ၊ ဒါဟာ ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ၊ ဥပါဒါန် စွဲလန်း ကပ်ငြိမှုတွေနှင့် ပြည့်လျှံနေ သော ခန္ဓာငါးပါးသည်၊ ဒုက္ခာဟူသော အချက်ရဲ့ ပြောင်းပြန်သဘောပါဘဲ၊ ဒီ-ခန္ဓာ ဆိုတဲ့ ခန္ဓာ ငါးပါးက တော့ ဝိသာခါမှာလဲ ရှိတာပါဘဲ၊ ဒါပေတဲ့ ကျုပ်တို့မှာ ရှိထားပုံနဲ့တော့ ကွာခြားတယ်၊ ဝိသာခါမှာက တဏှာ ရဲ့ နေ့ကျွန်သာဖြစ်တယ်၊ ည-ကျွန်မဟုတ်ဘူး၊ ကျုပ်တို့ က ၂၄ နာရီစလုံး ကျွန်ဇာတ်ခင်ပြီး ကျွန်တွင်းနက်နေ တာက ဆိုးနေတယ်၊

တချို့က နိဗ္ဗာန်သည် အရှိသဘောတရား ပရမတ္ထ သဘောတရားဟု ထင်ကြတယ်၊ အမှန်က အရှိမဟုတ် ပါဘူး။

အရှိ သဘော တရားနဲ့ ရှိကို ရှိတယ်လို့ ဆိုလျှင် သဿတ ဒိဋ္ဌိ ဖြစ်နေမှာပေါ့၊ ကျုပ်ရဲ့ မွေးရက်ဖြစ်တဲ့ ယခုနေ့မှာ ကိုတင်မောင်, ဒေါ်စံရှားတို့က ဧည့်ခံ ကျွေး မွေးတဲ့ ကြာဆံ ၆-ပိဿာကို ဆီ, ဆား, ကြက်သွန် စုံစုံ လင်လင်နဲ့ ကျကျနန ချက်ပြီး တွေ့ရတဲ့ အရသာက ချိုတိုတို ကလေးပေကို၊ ၎င်း အရသာကို ပေးစွမ်းလိုက် ကြကုန်သော တစုစီ,တမယ်စီ,ဖြစ်ကြသည့် ကြာဆံချည့် သော် ၎င်း၊ ကြက်သွန်ချည့်သော် ၎င်း၊ ၎င်းတို့က–ရတဲ့ အရသာ ချိုချိုကလေး မဟုတ်ပါဘူး၊အားလုံးစုပေါင်း၍ ရတဲ့ အရသာပါဘဲ၊ ဒီဟာ အရေအတွက်က အရည် အချင်းဖြစ်စေခြင်း တရပ်ပေါ့၊ ဒီတော့ သူ့မူလ၏ တခု စီမှာရှိသော အရသာဟာ ပဌမ ပျက်စီးပြီးမှ ပေါ်လာတဲ့ အနှစ်ဘဲ။

နိဗ္ဗာန်ဟာလဲ အရှိ အဖြစ် အထင် တရားတို့လို မဟုတ် ပါဘူး အနှစ်သဘောတရား စစ်စစ်ဘဲ ဖြစ်ဘယ်။

သည်တော့ လူပုဂ္ဂိုလ် တဦးမှာ သတိပဋ္ဌာန် တရား ၄-ပါး၊ သမ္မပ္ပဓာန်တရား ၄ ပါး စသည်တို့ စုစုပေါင်း ၃၇ ပါးသော ဗောဓိပက္ခိယ တရားအတိုင်းနေတဲ့ လူ– ယောက်ျား လူ-မိန်းမတို့မှာ၊ နိဗ္ဗာန်တည်းဟူသော အနှစ် အရသာဟာ ကြိုးစားကြလျှင် ပေါ်လာမှာပါဘဲ။

လူတယောက်ဟာ မျက်စိရူးနေတယ် ဆိုကြပါစို့.... ထို သူသည် ကြက်သားဟင်းနဲ့ ထမင်းလျက်စားရင် မျက် စိ ပိုရူးမယ် မဟုတ်လား၊ ဆေးဆရာက သင့်တော် သီ

လျှော်အပ်တဲ့ ဆေးနဲ့ ကုပေးရင် ပျောက်သွားမယ်၊ တဖန် အစားကို မတဲ့တာပြန်စားရင် ပြန်ပြီး မျက်စိ စူး ဝေဒနာ ခံရဦးမယ်၊ ဒီတော့ အဖြစ်သဘောတရား ဟာ ဒုက္ခပေါ့၊ သတိနဲ့ အစားရှောင်လျှင် သုခ ပေါ် လာပြန်မယ်၊ ဒီ-သုခကလဲ အဖြစ်သဘောတရားဘဲ။ဆရာ သမား၏ ဆေးနှင့် အစားမတဲ့တာ မစားလို့ရတဲ့ ခဏ် သဘောနှင့်သက်ဆိုင်အံကိုက်ပြီး ဝါ-စုပေါင်းလို့ရတဲ့ အ ဘဲ၊ ဒီ-သုခ နိဗ္ဗာန်သည်လဲ တကယ် သုခမှန်း သိလာကြ တော့ လက်လွှတ်ကို မခံတော့ပါဘူး၊ သည်တော့ နိရော ဓ-သစ္စာ ဖြစ်တဲ့ နိဗ္ဗာန်ဟာဘယ်မှာမှ ထင်မနေနဲ့ အခြား မှာ မဟုတ်ဘူး၊သည် ၆ ပါးသော စ,သ,ဃ,ဇ,က,ဟ,တို့ ကို ၃၇-ပါးသော ဗောဓိပက္ခိယ တရားနဲ့ ပြည့်စုံအောင် အမြဲထုံလျက်နေရင်၊ ၎င်း နိဗ္ဗာန်တည်းဟူသော အနှစ် သည် မချွတ် ဆပ် ဆပ် ကေန် ပေါ်လာတော့မည်ဖြစ်၏။

ယခု သစ္စာ ၃ ပါးကို သိကြရပေပြီ၊ ၎င်း သုံးပါးမှာ ပင် အလွန်ကောင်းမြတ်လှ၏၊ နောက်ဆုံး သစ္စာဖြစ်တဲ့ မဂ္ဂ သစ္စာ ကျန်သေး၏။ ၎င်း သစ္စာတရား မပါရင်လဲ ကျန် ၃ ပါးသည် အချီးနှီးဘဲဖြစ်၏။ ဥပမာ.... ဆိုသော် နက်ရှိုင်း မှောင်မဲ၍ ပိုးမွှား သတ္တဝါတို့ ကိန်းအောင် နေ သော တွင်းထဲသို့ ကျနေသည့် လူဟာ ကုန်းပေါ်သို့ ရောက်လျှင် မည်မျှကောင်းကြောင်းသိ၍ နေသော်လည်း ကုန်းပေါ်တက်ဘို့ လှေခါးမရှိလျှင် အချီးနှီးဖြစ်သကဲ့သို့ ထို့အတူ မဂ္ဂသစ္စာသာ မရှိလျှင် (ဝါ) မပါလျှင်၊ ဓမ္မ စကြာဟာ လွှတ်ပစ်လိုက်ရမည့်အရာကဲ့သို့ ဖြစ်နေ၏။

စားရမည်ဆိုက သဲနှင့်ရှပ်ရှပ်၊ ဖြစ်လိုက်ရမှာကလဲ အဆီနှင့် ရွှဲရွှဲ ဆိုသော ဥပမာ ကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် မဂ္ဂသစ္စာသည် နိဗ္ဗာန်သို့ပို့ဆောင်၍ပေးမည့် လှေခါးတည်း ဟူသော မဂ္ဂသစ္စာ တရားကို ရှေ့အပါတ်ကြမှ နာကြားကြ ကုန်ရာသတည်း။

တော်သလင်းလပြည့်ကျော်

## ၁၄ · ရက်နေ့ ဟောသော "ဓမ္မစကြာ" တရား

**မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိ** မိုယ်းရွာကြီးမှာ ကြိုးစား မင်းစား လာခဲ့ကြရပေမယ်လို့ တရားကလဲ အကောင်းဆုံး ရောက်လာပါတယ်။

ဒါထက် ဒကာမကြီးတို့က နိဗ္ဗာန်ကို မသိကြသေးတာက ခက်နေသေးတယ်၊ ဥပမာ အခြားသော ဘာသာဝင်တို့က ဖြစ်စေ၊ လူမျိုးခြား ကုလားများက ဖြစ်စေ၊ နိဗ္ဗာန်ဆိုတာ ဘယ်လိုလဲလို့ မေးကဲ့လျှင် ဘယ်လိုဖြေလိုက်မလဲ ဒေါ်သန်းတင်၊ မှန်လဲ မှန်ရမယ် ဟုတ်လဲ ဟုတ်ရမယ်၊ တိုတိုနဲ့လဲ ပြောနိုင်ရမယ်။

ဦးရွှဲ-က,ကြားဖြတ်၍ အများထင်မြင် ပြောဆိုနေကြတာကတော့ နိဗ္ဗာန်ဆိုတာ ဟာလာ ဟင်းလင်းကြီး ဘာ မျှ မ ရှိ ဘူး လို့ ပြော နေ ကြ တာ ပါဘဲ ဘု ရား ဟု လျှောက်၏။

အဲဒီ နိဗ္ဗာန်ဆိုတာကို စာအုပ်များထဲမှာ သွားပြီး မကြည့်ကြနဲ့၊ ပဌမဆုံး ရွှေကျင်ဆရာတော်ကြီး ရေးခဲ့တဲ့ နိဗ္ဗာန်ဟာ စာမျက်နှာ ၃၀၀ ကျော်ရှိတယ်၊ နောက် လယ်တီက ရေးခဲ့တာ စာမျက်နှာ (၂၀၀) လောက်ဘဲ ရှိတယ်၊ သူတို့စာတွေ ရှောက်ဘတ်ကြည်တော့ ဆုံးလဲ ဆုံးရော ဘာမှ နားမလည်တော့ဘူးဘဲ၊ထို့နောက် သလုံး ဆရာတော်၊ မြဝတီ,ဆရာတော် တို့ကလဲ စာတတ်တိုင်း ရေးခဲ့ကြပါရဲ့၊သို့သော် သူတို့ကိုယ်တိုင် နိဗ္ဗာန်ကို သိကြ ပါရဲ့လားလို့ မေးရင်တော့ သူတို့ကလဲ မသိဘူးလို့ ပြော ကြမှာဘဲ စာထဲပါတဲ့ အတိုင်းသာ လူများနားလည်ကြ ပါစေဆိုပြီး ရေးကြရရှာတာကိုး၊ စာကိုကြည့်တဲ့ ဆရာ တော်ကြီးများဟာလဲ ထွေး,ထွေး,နေကြတာဘဲ၊ သူတို့ ရေးထားတဲ့ စာတွေကို ဘတ်ရတဲ့ လူမှာသာ၍ ဒဏ်ဝိ နေတာဘဲ၊ နိဗ္ဗာန်ဆိုတာ ရှိတယ်ဆိုလဲ သဿတဒိဋ္ဌိ၊ မရှိ ဘူးဆိုလဲ ဥစ္ဆေဒ-ဒိဋ္ဌိ-ဆိုတော့ လွတ်အောင် ရေးနေကြ ရရှာတာကို၊ အမှန်ကတော့ ရှင်-ဗုဒ္ဓဂေါသ,ကိုယ်တိုင် က ဘုရား၏အာဘော်ကို ရိပ်မိခဲ့ဟန်မတူဘူး၊ ဘုရားက ပေမယ်လို့ မလုပ်နဲ့-ဆိုတဲ့ ပဋိသေဒ တရားတွေသာ ဟောခဲ့တယ်၊(မ)အရင်းခံပါတဲ့၊ မလုပ်နဲ့ မခိုးနဲ့ မသတ် နဲ့ ဆိုတဲ့ တရားတို့ကိုသာ ထားခဲ့တယ်၊ လုပ်ရမဲ့ ကိစ္စက မပါခဲ့ဘူး။

အမှန်က နိဗ္ဗာန်ဆိုတာတိုတိုနဲ့ နားလည်လွယ်အောင် ပြောရလျှင် ဥပမာ- နတ်မှီကျောင်း မြောက်ဘက်က တောကြီးကို ဓါးနှင့်ခုတ်ထွင် ရှင်းလိုက်လျှင် ကွက်လပ်

ကြီး ပေါ်မလာပေဘူးလား၊ ထိုကွက်လပ်ကြီးဟာ ဘယ်သူလုပ်ထားလဲ၊ ဓါးနဲ့ခုတ်ထွင် ရှင်းတဲ့လူတွေ လုပ်ထားမထင်နှင့်၊ တောရှင်းခြင်း အကြောင်းကြောင့် သစ်ပင်မရှိသော အကျိုးသာဖြစ်တယ်၊ သစ်ပင်တွေ မရှိတော့ ထိုကွက်လပ်ကြီး ပေါ်လာ၍ သာ သာ ယာ ယာ ကလေး ရှိလာတယ်၊ တောခုတ်၍ ရှင်းသူတို့သည် ကွက်လပ်ဖြစ်အောင် လုပ်သည်မဟုတ် ဖြစ်အောင်လဲ မလုပ်နိုင်ချေ။ ထို ကွက်လပ်သည် အရင်က ရှိတယ်ဆိုလျှင်အမှား၊ မရှိဘူးဆိုလဲ အမှားဘဲတဲ့။

ဘုရားသခင်က တောကြီးကိုသာ ရှင်းကြလို့ ခိုင်းခဲ့တယ်၊ လောကမှာလဲ သတ္တဝါသမုဒ်၍ ပါတ်ဝန်းကျင် ဝိုင်းခတ်ထားတဲ့ဘောင်ကို ဖြုတ်ပြစ်လိုက်လျှင် သဘာဝအားဖြင့် အလယ်က ကွက်လပ် ပေါ်လာမယ်၊ ၎င်း.... သဘောတရားသဘာဝဖြင့် ပေါ်လာတဲ့ ကွက်လပ်ဟာ နိဗ္ဗာန်ဘဲ၊ အဲဒီလို သဘာဝ ကွက်လပ်ခလေး သက်သက်သာ ရှိတော့သဖြင့်၊ လောဘ ဒေါသနှင့် ဒုက္ခတရားတွေ ပျောက်ကုန်တာပေါ့၊ သစ္စာ ၄-ပါးမှာလဲ ဒုက္ခ၊ သမုဒယ နိရောဓ တရားတို့ဟာ သူတို့ချီတော့လဲ အကောင်းချီပါဘဲ၊သို့ပေမဲ့ ယခုနေ့ဟောမဲ့ မဂ္ဂသစ္စာ မပါလျှင် အလကားဘဲ ရှိမှာဘဲ၊ အလွန်နက်တဲ့ချောက်ထဲသို့ ကျနေတဲ့ လူတစုတို့သည် ချောက်ထဲ ကျခံနေရ တာဟာ ဒုက္ခဘဲ၊ ကုန်းပေါ်တက်ဘို့ လှေခါးရှိလျှင် ကောင်းမှာဘဲ၊ ကုန်းပေါ်ရောက်၍ ဒုက္ခက လွတ်မှာဘဲ ဟု သိတတ်သူဟာ သာ၍ ဆင်းရဲတယ်၊ တကာမကြီးတို့မှာတော့ ယခုဖြစ်နေ

ရတဲ့ ကိုယ့်အဖြစ်၊ ကိုယ့်ဒုက္ခကို မသိကြလို့ ပျော်ပျော်ပါးပါး နေနိုင်နေကြတယ်၊ ကိုယ့်အဖြစ် ကိုယ့်ဒုက္ခကို သေသေ ချာချာချား သိကြလျှင်၊ ဒီအနေမျိုးကို မနေနိုင်ကြဘူး ရှိလိမ့်မယ်၊ ချမ်းသာတဲ့ ထွက်လမ်းဟာ ဘယ်မှာလဲလို့ ရှာကြမှာဘဲ။

သစ္စာတရားတွေဥ္စလဲ ထွက်လမ်းဖြစ်တဲ့ မဂ္ဂသစ္စာကို မသိလျှင် အလကားဘဲ နေမှာဘဲ၊ မဂ္ဂ သစ္စာ ကြီးဟာ ဂေါတမဘုရားရဲ့ ခေါင်းထွက်ပါဘဲ သံယုတ်မှာ ဟောခဲ့တယ်၊ ဝိနည်းတရားတွေမှာ ဟောခဲ့တယ်၊ ထိုတရားတွေမှာ တမျိုးတမည်ဖြစ်ပေမဲ့ ကိစ္စမရှိလှဘူး၊ ယခု သစ္စာ ၄-ပါးမှာတော့ မဂ္ဂ-တရားကို မသိကဲ့လျှင် အလကားနေမှာဘဲ၊ အလွန်အရေးကြီးတဲ့ မဂ္ဂ-ကို လုပ်ပြလိမ့်မယ် လူများဟာ ကိုယ်ရောက်နေတာ ကိုမသိလို့သိချားသိကြလျှင် ဘယ်နည်းမှ နေလို့ထိုင်လို့မဖြစ်တော့ဘူး ရှိမှာဘဲတဲ့ မေ့မေ့ ရေ့ရေ့နဲ့ စိတ်ထဲက ကိုယ်သိချင်သလို အမျိုးမျိုးတွေ သိပြီး သူသိတာဟာ မကောင်းဘူး ငါသိတာမှ ကောင်းတယ်နဲ့၊ ဤကဲ့သို့ ဝါဒတွေ အမျိုးမျိုး ပေါ်နေကြတာဘဲ၊ အဲ-သည်တော့ သိရမဲ့အမှန်အစစ်က ဘာကို သိကြရမလဲ၊ ပဌမ မိမိခန္ဓာကိုယ်မှာရှိတဲ့ စက္ခု၊သောတ၊ ဃာန-ဇိဝှာ-ကာယ-ဟဒယ-တို့ကို သိကြရမယ်၊ သူတို့ဟာ ဘာလုပ်သလဲ၊ ဗဟိဒ္ဓ-ရှိ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ-ဓမ္မ-တို့နှင့် တိုက်ဆိုင်ပြီး ကြည့်ချင်မှု ကြားချင်မှု စားချင်မှု ထိတွေ့ချင်မှု-တို့နှင့် စပ်ရှက်ပြီး နေကြတာပါလားလို့ သိကြရမယ်၊ ဤ-အထဲမှာ လောကီ သုခ ဖြစ်နေ

ကြတာဘဲ၊ မဂ္ဂသစ္စာ လမ်းဝင်တဲ့ အခါကြတော့ အဲဒီ ကိုယ်မှာ ရှိနေတဲ့ စ-သ-ဃ-ဇ-က-ဟ,တို့ဟာ ငါ့ဟာ မဟုတ်၊ ငါနဲ့မဆိုင်-ဟု မှတ်ရမယ်၊ ထို အဇ္ဈတ္တ ပစ္စည်း တို့မှ ငါ့ဟာမပိုင်လျှင်၊ ဗဟိဒ္ဓတွင်ရှိတဲ့ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ-တို့ဟာ ငါနဲ့သာ၍ မဆိုင်ပါကလားလို့ သိကြရ မယ်၊ ထို့ပြင် ကိုယ်မပိုင်ဆိုင်ဘဲနဲ့ ငါ့သား ငါ့သမီး ငါ့ အစ်ကို ငါ့ညီနဲ့ ဆွေမျိုးစပ်နေကြသေးတယ်၊ အဲဒီလို ဆွေမျိုးစပ်မှုဟာ ဒုက္ခ ဖြစ်ပေါ်လာဘို့တွေဘဲ၊ထိုအဇ္ဈတ္တ နဲ့ ဗဟိဒ္ဓ အားလုံးတို့ဟာ တကယ်အမှန် ကိုယ်နဲ့မဆိုင် ဘူး ဆိုထားသဖြင့်၊ ဘယ်ဟာတွေကို ဆွေမျိုးစပ်ပြီး ဆိုင်စရာရှိကြသေးသလဲ၊ နောက်တဆင့်က မြင်တဲ့ ရူပါရုံ ကလေးကို ရမှ မရလျှင် ဒုက္ခ ဖြစ်ရပါလိမ့်မယ်၊ကြားချင် တာနဲ့စားချင်တာကလေးတွေကို မကြားရ မစားရလျှင် ဖားရပါလိမ့်မယ်၊ အတွေ့ အထိ တို့မှာလဲ ထိချင်တာ ကလေး မထိရလျှင် ရိ-ရပါလိမ့်မယ်၊ အဲဒီလိုဘဲ စွဲလန်း ပြီး တောင့်တနေကြတယ်၊ ကြည့်ချင်တာနဲ့ ထိချင်တာ တွေကို ကြည့်လိုက်ထိလိုက်ရတော့ ကိုယ်ပိုင် ကိုယ့်ဟာ ဖြစ်လာတယ်လို့ ထင်နေကြတယ်၊ အဲသည်လို သတ္တ လောကကြီး တခုလုံး ထင်နေကြတဲ့ အထင်ဟာ ဘုရား သခင်က အမှန်မဟုတ် မှားသောထင်မှုတွေဘဲတဲ့။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနိ ပဋိပဒါ အရိယ သစ္စံ-အဲသည် လမ်းစဉ်က ဘာလဲ....။

သမ္မာဒိဋ္ဌိ၊ မှန်သော မြင်ခြင်း ကြားခြင်း ဖြစ်စေရ မယ်တဲ့၊ တချို့က ကောင်းသော မြင်ခြင်းတဲ့၊ ဘယ်လို

No. 16

ဟာကိုလဲ မှန်သော အမြင်ဆိုတော့ အမြင်ဆိုတာဘာလဲ ဗဟိဒ္ဓ၌အမြင်ကိုမြင်ရမယ်၊ထိုဗဟိဒ္ဓ၌ မြင်ခြင်း ကြားခြင်း ပြောခြင်းတို့တွင် မှန်သော တမျိုးတည်း၌သာ မသုံးဘဲ ကောင်းသောကိုလဲ ထည့်၍ မှန်သော ကောင်းသော ၂-မျိုးလုံးကို သင့်အောင်သုံးမှ ဟန်ကြလိမ့်မယ်၊ ဥပမာ ဦးသိန်းမောင် ခင်ဗျားအမေ့လင် ဘယ်သွားသလဲလို့ မေးလျှင် မှန်တော့ မှန်ပေမယ်လို့ မကောင်းတော့ဘူး။

အဲသည်တော့ ကောင်းသောလဲပါအောင် ခင်ဗျား…. အဘ့ဘုရားတကာကြီး ဘယ်သွားသလဲ-ဆိုတဲ့ အမေး မျိုးလဲ သုံးရဦးမယ်၊ ထို့ကြောင့် သမ္မာဒိဋ္ဌိ၊ မှန်သော ကောင်းသော မြင်ခြင်းလို့ ဆိုရမယ်၊ အရိယာတို့ အမြင် ကတော့ မှန်သော မြင်ခြင်းကိုယူ၍ အနရိယာ တို့ အဘို့ တော့ ကောင်းသောအမြင်-ဟု သုံးရလိမ့်မယ်၊ ကျုပ်တို့ ဂေါတမဘုရားရှင်ဟာ အမြဲတန်းမှန်သော အနေနဲ့နေ ပေမယ်လို့ ဒေဝဒတ်ကို ခေါ်တဲ့ အခါ၊ ငါ့ ယောက်ဖ ကြီး ဒေဝဒတ်လို့ မခေါ်ခဲ့ဘူး၊ ကောင်းသော ခေါ်နည်း နဲ့လဲ သုံးကဲ့သေးတယ်၊ မှန်သောအတိုင်းသာ အမှန်ကို ချည့် လုပ်နေပြန်လျှင်လဲ အရှုးကြီး အခေါ်ခံရမှာဘဲ။

ဥပမာ– ယခုလို ပရိသတ်တွေနဲ့ တရားဟောနေစဉ် အခါမှာ တရားဟောတဲ့ ဘုန်းကြီးက ဆီးအောင့်အောင့် ရှိတာနဲ့ လူလယ်ခေါင် သည်အနားမှာ သက်န်းလှန်ပြီး ကျင်ငယ်စွန့်မယ်ဆိုလျှင် ဘယ်လိုဆိုကြမလဲ၊ ဘုန်းကြီးရူး ကြီးလို့ ဆိုကြမှာဘဲ၊ အဲဒါ ပါနီခေတ်တွေဘဲဟဲ့။ ပါနီ ခေတ်ရေတွေ သွန်တာဘဲလို့ လုပ်လျှင် အမှန်မဟုတ်ဘူး

လား ဦးထွန်းဇံ၊ မှန်တော့ မှန်ပါတယ်၊ ကောင်းတော့ မကောင်းပါဘူး ဘုရား....၊ အဲဒါကြောင့် သမ္မာဒိဋ္ဌိ၊ မှန် သောအပြင် ကောင်းသောကိုလဲ သုံးရအုံးမယ် ဦးဥက္ကဋ္ဌ က ယခု ကောင်းသောကိုလဲ လက်ခံလာခဲ့တယ်၊ စ-သ-ဃ ဇ-က-ဟ, နှင့် ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ခမ္မ-တို့ ၆-ခု တစုံဟာ ငါနဲ့မဆိုင်ဘူးလို့ လုပ်ထားကြလျှင် တော် တော် သက်သာပါတယ်။

သို့သော်- ရူပ သဒ္ဒ ဂန္ဓ ရသ-တို့ကို ငါနဲ့ မဆိုင်ဘူး လုပ် ရ တာ က လွယ် ပေ မဲ့ ကိုယ့် အိမ် ရောက် နေ တဲ့ မယားနှင့် သားသမီးတို့ကို ငါနဲ့မဆိုင်ဘူး လုပ်ရမှာက တော်တော်ခက်တယ်၊ အဲသည်တော့ မျက်လုံးကလေး ကစပြီး ငါ့ဟာမဟုတ်ဘူးလို့ အကျင့်ရအောင် လုပ်ကြ ရမယ်၊ မျက်စိဟာ ကိုယ်ပိုင်တယ် ထင်နေကြပေမယ်လို့ သူမှုံချင် မှုံလာတာဘဲ သူနာချင်တဲ့အခါ နာလာတာဘဲ တားဆီးလို့ မရတဲ့ အတွက် ကိုယ်ပိုင် မဟုတ်ကြောင်း မထင်ရှားပေဘူးလား၊ ကိုယ်က မွေးထုပ်လိုက်တဲ့ သား ကလေးကို ကိုယ်ပိုင်တယ် ကိုယ်နိုင်တယ် ထင်နေကြပေ မယ်လို့ ကိုယ်သဘောမတူတဲ့ သူချာသားသမီးကို ခေါ် လာတတ်ကြတယ်၊ အဲဒီလို ကိုယ့်စကား နားမထောင် ဘဲ သူများသမီး ခေါ်လာတဲ့အခါ အိမ်ကနှင်ထုတ်ပြစ်လိုက် လျှင် သူတို့ဟာ ထွက်သွားကြရမှာဘဲ၊ အဲဒီအခါ သူတို့ ရဲ့ ဒုက္ခတွေလဲ အေးသွားမှာဘဲ၊ ထို့-အတူ ကိုယ်ပိုင် ထင်နေတဲ့ မျက်လုံးကိုလဲ ကိုယ့်သြဇာနှင့် မကိုက်သည့် အတိုင်း သူမြင်ချင်တာတွေမြင် သူကြည့်ချင်တာကြည့်

ငါနဲ့ ဘာမှမဆိုင်ဟု ခွဲခြား၍ ပြစ်ထားလိုက်လျှင် ကိုယ့်မှာ တော်တော် သက်သာရာ ရလာမယ်၊ သို့သော် တခု ရှိသေးတယ်၊ ဟို လူတယောက် ချော်လဲလို့ ဒူးကွဲတာ ဘာမှမဖြစ်ဘူး၊ ကိုယ့်ဒူးကွဲတော့ နာသကိုး၊ ကိုယ့်သမီး ကလေးများဖြစ်မယ်ဆို သာဆိုးသေးတယ်၊ ဆေးရုံသွား ဟဲ့ ကိုဘာသွန်းနဲ့ မဖြစ်ဘူး မုဘ်ဆိတ်ကြီးဆီသွားဟဲ့ ဘာဟဲ့ ညာဟဲ့နဲ့ အပူတပြင်း ဒုက္ခရောက်နေကြသေး တယ်၊ သစ်ငုတ်တိုကြီး တိုက်မိလို့ ဒူးကွဲဘဲ့လူကို ကိုယ့် သမီးကလေးနဲ့ စာ,ကြည့်ပြီး အတူတူ ဖြင်နိုင်မှမှန်သော ကောင်းသော မြင်ခြင်းဖြစ်ပြီး ဒုက္ခကင်းမယ်၊ တခြားစီ ဖြစ်နေလျှင် အမြင်မှန် မဟုတ်သေးဘူးဘဲ၊ အဲသည်လို အလွဲသင်မြင်မှုတွေဘာ ဟို-အရင်ဟောခဲ့တဲ့ သမုဒယ သစ္စာတုံးက တဏှာကို မှတ်မိကြသေးရဲ့မဟုတ်လား....
၎င်းတဏှာက မဂ္ဂကို အလွန်ကြောက်တယ် အကြောက် ဆုံးဘဲ၊ ဥပမာ-မိန်းမ,ယောကျ်ားတွေ ညအခါ အမှောင် ထဲ၌စုပြီး အိပ်နေကြတယ်ဆိုကြပါစို့၊ထိုနေရာသို့မီးခွက် ထွန်းယူလာမယ်ဆိုလျှင် ထိုအထဲ၌ မရိုးသားသောသူ ရှိခဲ့လျှင် အလင်းရောင်ကို မကြိုက်နိုင်ဘူး ရှိသလို၊တဏှာ သည် မဂ္ဂ-အလင်းရောင်ကို အလွန်ကြောက်၏၊ အမှန် ဖြစ်အောင် မဂ္ဂ မီးခွက်ကို ထွန်းမကြည့်လျှင် မဟုတ်ထာ တွေကို အဟုတ်ထင်ပြီး ကြောက်လန့်နေကြရမယ်၊ ည-များ လမ်းရှောက်သွားတဲ့ အခါ ကြိုးခွေတခုကို တက် နင်းမိလျှင် မြွေထင်ပြီး အကြောက်စိတ် ပေါ်လာ၏၊ မီး ခွက်နှင့် ကြည့်သောအခါ၊ ထို အကြောက်ဟာ ပျောက်

သွားတော့၏၊အဲသည့်တော့အပိုဒုက္ခပေးတဲ့ အကြောင်းဟာ ဘယ်မလဲ၊ ကြိုးခွေကို မြွေမဟုတ်ဘဲနဲ့ မရှိတာ အရှိထင်ပြီး ကြောက်နေရခြင်းဘဲ၊ အဲ-ဤကဲ့သို့ အလားတူဟောသည်၊ စ-သ-ဃ-ဇ-က-ဟ, တို့ဟာ ကြိုးခွေကြီးတက်နင်းမိနေကြတာဘဲ၊ သမ္မာဒိဋ္ဌိ မီးခွက်အလင်းရောင်နဲ့ ကြည့်တဲ့ အခါ ကြတော့မှ မဟုတ်မှန်း ထင်ရှား လာလိမ့်မယ်။ထို့ကြောင့် ဘုရားသခင်က သခ်ါရေ ပရတော သခ်ါရေ သခ်ါရ တရားတို့သည်၊ ပရတော မိမိနှင့် မဆိုင် သူများပိုင်အဖြစ်နဲ့ ရှုကြလော့ဟု ဟောခဲ့တယ်။ သခ်ါရ ဆိုတာကော ဘာလဲ၊ လူတွေက သခ်ါရဟာ ပြုပြင်တာ ပြုလုပ်ထာလို့ တွေးတော ပြောဆိုနေကြတယ် အမှန်ကတော့ စ-သ ဃ-ဇ က-ဟ, နှင့်၊ ဗဟိဒ္ဓ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ဓမ္မ တို့ တွေ့ကြုံ တိုက်ဆိုင် နေတာဟာ သခ်ါရဘဲ၊ ထို သခ်ါရ တရားတို့ကို ငါနဲ့မဆိုင်ဟု လုပ်ထားလိုက်လျှင် ကိုယ့်မှာ ဒုက္ခ ဖြစ်ပါအုံးမလား။ ထို့ကြောင့် သခ်ါရေ မျက်စိ,နား,နှာ,တို့နှင့် တကွ၊ တိုက်ဆိုင်လေ့ရှိကြကုန်သော ဗဟိဒ္ဓ တရားတို့ကို၊ ပရတော၊ ကိုယ်နှင့်မဆိုင် သူများပိုင်ဟု အမြဲရှု၍ နေကြကုန်လော့ဟု ဟောတော်မူခဲ့ခြင်းဘဲ၊ အဲသည်လို မိုင်အောင် ရှုခဲ့နိုင်လျှင် သမ္မာဒိဋ္ဌိ ဖြစ်ပြီတဲ့။

သို့သော်–အဲသည်လို မှန်တဲ့အတိုင်းကိုချည့်လဲ လုပ်မနေနဲ့အုံး၊ လူ တရာမှာ– (၉၉) ယောက် ကြိုက်နေတဲ့ ကောင်းသောကလေးနဲ့လဲ လုပ်လိုက်ပါအုံးတဲ့၊ ဥပမာ-မိမိအမေကို မိန်းမကြီး သက်သက်ဘဲလို့ ပြောဆို သုံးစွဲ

နေမယ်ဆိုလျှင် မှန်တော့ မှန်ပါရဲ့ မကောင်းဘူး ဖြစ်နေလိမ့်မယ်ဘဲ့။ သူတို့ သမုဒ်တဲ့အတိုင်း အမေလို့ဘဲ၊ ခေါ် လိုက်လို့ အပြစ်မရှိ ငရဲမကြီးပါဘူး၊ သူတို့ရဲ့ ကောင်းသောကလေးကိုလဲ လိုက်ရအုံးမယ်တဲ့၊ ဂေါတမဘုရားရှင်ပင်လျှင် ကောင်းသောကို မလိုက်ဘဲ၊ မှန်သော သက်သက် ကိုသာ လိုက်နေခဲ့လျှင် အရှုးလို့ အဆိုခံရစရာဘဲ

မြတ်စွာဘုရားလက်ထက်က ဘုရားကျောင်းတော်မှာ မိုယ်းရွာနေတဲ့ အခိုက်အခါမှာပင် ဝိသာခါ ကျောင်းအမကြီးနှင့်တကွ များစွာကုန်သော တကာ တကာမ,တို့ကို ဂေါတမဘုရား ကိုယ်တိုင်တော် တရားဟောနေသော အခိုက်အခါ၌ ကျောင်း၏ ရေတရောက်မှ ကျရောက်နေသော မိုယ်းရေတို့ကို ကျုင်တို့လို ပုထုဇဉ် ရဟန်းတောင် မဟုတ်ဘူး၊ ရဟန္တာကြီးတွေ လာရောက်၍ ရေချိုးကြရာ၌ ရေသနုပ်သင်းပိုင်ကလဲ တထည်သာရှိသဖြင့် အရင်ကိုယ်တော်ပြီးအောင် နောက် ကိုယ်တော်တို့က မစောင့်နိုင်ကြသဖြင့် ကိုယ်ပိုင် သင်းပိုင် နှင့် ချိုးရမှာကလည်း ဘုရား၏ ဝိနည်းတော်အရ အသစ်လဲလှယ်ရန် အပိုမရှိလေသောကြောင့် ရဟန္တာကြီးတို့သည် တရားနာနေကြသော ပရိသတ်တို့၏ ရှေ့မှာပင် ကိုယ်ကြီးတုံးလုံး ဗလာကျင်း၍ ရေသတ်ပယ်ကြသောအခါ တဦးနှင့်တဦး တွန်းလား ထိုးလား ပြေးလွှားကြလျက် ခလေးများ ရေကစားနေသည့်အလား ပြုလုပ်ပျော်ပါး၍ နေကြရာတွင် တိုးလို့ တန်းလန်း ရိုးရို့ရမ်း ဗလာကျင်းနေကြသောအချင်းအရာတို့ကို တရားနာနေကြသောပရိသတ်

တို့နှင့်တကွ၊ ဝိသာခါ ကျောင်းအမကြီးပါ အဆင်မပြေမှု တို့ကို မြင်ကြရသဖြင့် အရှင်ဘုရား လုပ်ထာ မှန်တော့ မှန်ပါတယ် ကောင်းတော့ မကောင်းပါ ဘုရား....၊ ထို့ ကြောင့် တပည့်တော်မက မိုဃ်းရေခံသင်္ကန်း လှူပါရစေ သည်နေ့ကစ၍ အမိုသင်္ကန်းထားနိုင်ရန် ခွင့်ပြုတော်မူပါ ဘုရား-ဟု လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကျင့်ခဲ့ရသော မြတ်စွာဘုရားပင်ဝိသာခါကျောင်းအမက လျှောက်ထား ယူရသေးတယ်၊ အရင်ကဆို အမိုသင်္ကန်း မထားရ၊ ထို- အမြင်မတော်မှုတွေကြောင့် သင်္ကန်းအမိုထားလာရခြင်း ဟာ ဝိသာခါ ကျောင်းအမကို ကျေးဇူးတင်စရာဘဲ၊အဲဒီ တော့ မှန်သောတမျိုးထည်းတွင် မဟုတ်ဘဲ ကောင်း သော ကလေးနဲ့ တွဲပြီး မှန်သောရော ကောင်းသောပါ လုပ်ကြမှ၊ ရာကျော်ကက်ကွမ်းဆိုတော့ သာ့မကောင်း ပေဘူးလား၊ ရာကျော်ကွမ်းကြေးနဲ့ ဘိတ်ကြေးတွေပါ ရလာတာကိုး၊ အမြင်မှန်ဆိုတာ ဘာလဲ၊ ဘယ်ဟာကို မြင်ရမှာလဲ၊ စ-သ-ဃ-ဇ-က-ဟ နှင့်၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ-ဓမ္မ တို့ ၂-တွဲကို မြင်အောင်ကြည့်ရမယ်၊သူတို့က ပေမယ်လို့ တဖက်ထဲ ဘာမျှ ကိစ္စမရှိဘူး၊ မင်းသားနဲ့ မင်းသမီးလိုဘဲ ၂-ဖက်တွဲရမှ ပွဲကျတာကိုး။ လောက ကမ္ဘာဟာ လုံးတယ်ဘဲ ပြောပြော၊ ပြားတယ်ပြောပြော ကမ္ဘာတခုလုံးမှာ၊ သည် ၂ တွဲဘဲရှိတယ်၊ လူတွေကလဲ သည်လို အဇ္ဈတ္တနဲ့ ဗဟိဒ္ဓ တွဲတွဲနေရမှ ပျော်ကြ ပါးကြ တာဘဲ၊ သူတို့ကို ငါနဲ့မဆိုင်ဘူးလို့ မလုပ်နိုင်ကြဘူး၊ ပြီးတော့လဲ ဟိုဟာကလေးရမ လိုချင်တာကလေး မရ

လျှင် ဒုက္ခဖြစ်နေကြပြန်ရော၊ အဲဒီလို လိုချင်မှုလဲ ဟို ၂ တွဲ က,လာတာဘဲ၊ သည်လို လိုချင်မှုနဲ့ ကိုယ့်ဟာလုပ်လုပ် နေကြလို့ ဒုက္ခ ဖြစ်နေကြတာ မသိကြဘူး၊ ဥပမာ– မုန့် ဆိုင်က မုန့်ဝယ်လာတဲ့ ခလေးဟာ သူ့လက်ထဲက မုန့် ကို စွန်ထိုးသွားတော့ ထိုင်ပြီး ငိုတော့တာဘဲ၊ ထို မုန့် ဟာ ကိုယ့်လက်ထဲ မရောက်ခင် မုန့်ဆိုင်တုံးက ခွေးချီ သွားလျှင် ဘယ်လိုမှ နေမှာ မဟုတ်ဘူး မဟုတ်သား.... ငါ့ဟာ လုပ်လာလို့ စွန်ထိုးတော့ ဒုက္ခ ဖြစ်ရတာဘဲ၊ အဲ- သည်တော့ ဘယ်ဟာမှ ငါနဲ့မဆိုင်၊ ငါပိုင်သော ပစ္စည်း မရှိဟု မှတ်ထားကြရမယ်၊ ဒီဟာတွေလဲ ငါပိုင်တယ် ဟိုဟာတွေလဲ ငါဆိုင်တယ်လို့ လုပ်လုပ်နေကြလွန်းလို့ သူခိုး ခိုးသွားလျှင် ငိုရပြန်ရော၊ မီးလောင်သွားလဲ ငိုရပြန် ရော၊ အဲသည်လို စွန်ထိုးခံနေကြရတယ်။

တချို့များ လက်ခလေးတွေတောင် ပန်းဆီ ဆိုးပြီး ကိုယ့်ဟာလုပ် သာယာနေကြသေးတယ်၊ သည်လိုသာ သာယာစွဲလန်း နေကြရင်တော့ လူမှာ ၆-ခုတွင် မက ဘူး အသေးစိပ်ခွဲလိုက်တဲ့ အခါကြတော့၊ ၃၂ မျိုး ကောဋ္ဌာသတွေ ရှိသေးတယ်၊ များများစွဲလန်းပြီး များ များကြီး ကိုယ့်ဟာ လုပ်နေကြရင်တော့ များများကြီး စွန်ထိုးခံရပြီး ဒုက္ခနဲ့ တွေ့ကြမှာဘဲ၊ တချို့ဘာသာရေး လုပ်နေကြပေမယ်လို့ နတ်ပြည်ကို ရောက်ချင်သို့ နိဗ္ဗာန် ကို ရောက်ချင်သို့ဟု လုပ်နေကြတယ်၊ အိန္ဒိယ ကုလား တိုင်းပြည်များမှာလဲ နတ်ပြည်ရောက်ချင်တဲ့ သူတွေ များ လွန်းလို့ သူတို့ ဘုန်းကြီးတွေက ဘယ်လို တရားဟော

အဲသည် အတွင်း ၆-ခု, အပြင် ၆-ခု ကို ဘာကြောင့် တကာမကြီးတွေ စွဲနေကြရသလဲ၊ သူတို့တတွေခြင်း တွဲ ရလျှင် ပျော်မလားလို့ စွဲနေကြတာဘဲ၊ ဘယ်လိုတွဲလို့ ဘယ်လိုစွဲနေကြသလဲဆိုလျှင်ကိုယ်မြင်ရတဲ့ ရူပါရုံ၊ကိုယ်ကြိုက်တဲ့ သဒ္ဒါရုံ ကိုယ်တွေ့ထိချင်တဲ့ ဖေါဋ္ဌဗ္ဗာရုံ-တို့ကို မြင်လိုက်ရ ကြားလိုက်ရ ထိတွေ့လိုက်ရရင် ကိုယ့်ဟာ ဖြစ်လိမ့်မယ်ထင်လို့ စွဲနေကြတာဘဲ၊ အဲဒါတွေဟာ ဘာ တခုမှ ကိုယ့်ဟာမဟုတ် ကိုယ်မပိုင်ဟု အမြင်မှန်နဲ့ မြင် ကြရမယ်၊ ခန္ဓာကိုယ် အစိပ်အပိုင်းဆိုတဲ့ ၃၂ ကောဋ္ဌာ သဟာ အခြားသော ရွှေ-ငွေ, အိုးအိမ် လယ်ယာမြေ ပစ္စည်းများကဲ့သို့တောင် ကိုယ့်ကို သုခ ပေးနိုင်ရဲ့လား ကိုယ်၌ရှိနေတဲ့ ပစ္စည်းဟာ ကိုယ့်ကို သာ၍ သုခ ပေးဘို့ မကောင်းဘူးလား၊ သုခ ပေးပါတော့လား မပေးပါဘူး သုခ မပေးတဲ့အပြင် ဒုက္ခသာ ပေးနေကြတယ်၊ ၎င်းတို့ ကိုပိုင်၍ ကမ္ဘာ၌ နေရခြင်းသည်(ဝါ)ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ဓမ္မ,တို့ကို ခံစားနေရခြင်းသည် အမြတ်ဘဲ၊ သုခ ချမ်းသာဘဲလို့ထင်မှုဟာ'မာယာ'မျှသာဘဲ အမှန်မဟုတ် ဘူးလို့ အမြင်မှန်နှင့် မြင်လျှင် သမ္မာဒိဋ္ဌိ-ဖြစ်၏။

ဉပမာ– လူတယောက်ဟာ နံက်အိပ်ရာက ထ,သည် နှင့် တပြိုင်နက် ယနေ့ ငါ့ကြောနှင့် ရတ်ဘတ်ကို ကြိမ် ဒဏ် အချက် ၅၀-စီ, အရိုက်ခံရပါလို၏-ဟု ဆုတောင်း တဲ့–လူ ရှိပါ့မလား မရှိကြပါဘူး၊ လူမှန်က သုခ ကိုသာ လိုလားကြတာဘဲ၊ ထိုသူဟာ ကြိမ်ဒဏ် ၅၀-အပေါ်မှာ တဏှာအစွဲအလန်း ရှိပါ့မလား၊ ဒီလိုဟာတော့ မလိုချင်

ဘူး၊ မကြိုက်ဘူး မတွေ့မဖြစ်ချင်ကြဘူးဘဲ၊ ဘာကြောင့် အစွဲတဏှာ မရှိသလဲ၊ ဒုက္ခဘဲဟု သေသေချာချာ သိကြလို့ဘဲ၊ ထို့နည်းအတူ အဆိတ်ဆေးကို သကြားရေလူးထားသလို ဖြစ်တဲ့ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ - တို့အပေါ်မှာလဲ ကြိမ်ဒဏ်ကို ဥပါဒါန် တဏှာ မစွဲသလို ဖြစ်စေကြရမယ်၊ အမြင်မှန် ရနိုင်တဲ့ 'ပရတော ဃောသ' ဆိုတာက သူများ ပြောသံကြားသော် ၎င်း၊ ကိုယ်တိုင်နက်နဲစွာ တွေးတောစဉ်းစားမှု ထို ၂-ခုနဲ့မှ သမ္မာဒိဋ္ဌိ ဖြစ်နိုင်တယ်၊ ညများ ခရီးသွားတဲ့အခါ ချုံဘုတ်တွေကို ဖြစ်စေ၊ မိုးမိုး မတ်မတ်နဲ့ သချိုင်းကုန်းများမှာ ပေါက်လေ့ရှိတဲ့ ဆူး လက်ဝါးပင်မျိုးကို တွေ့တဲ့အခါ သာမန်ကာ ရှန်ကာ ကြည့်လျှင် တစ္ဆေ ချောက်ပြီလို့ ထင်နေတော့မှာဘဲ၊ သေသေ ချာချာ ထပ်ပြီး ကြည့်မှ မဟုတ်မမှန်ကြောင်းကို သိလာနိုင်တယ်၊ ထို့အတူ အမြင်မှန် ရအောင်ဟာလဲ စိတ်တွေကလေးနဲ့ မယုံကြည်သေးဘဲ မျက်တွေ့ ကိုယ်တွေ့ ဖြစ်အောင် လုပ်ပြီး ကြည့်ရမယ်-ဟု ဆိုလိုခြင်းဘဲ။

ဒုတိယ အပါတ်က ပြောခဲ့တဲ့ တဏှာဆိုတဲ့ အကောင်ဟာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံ တို့အပေါ်မှာ ခွစီးပြီး မမှန်အောင် လုပ်နေတာဘဲ၊ အဲဒီလို မမှန်တာတွေကို အမှန်ဖြစ်လာအောင် အထက်ပါ ယနေ့ ရေးပေးလိုက်တဲ့ တရား ၂-ခုနဲ့ စစ်တမ်းထုတ်၍ ဖျောက်ဖျက် ပြစ်နိုင်ကြရမယ်၊ ဥပမာ ဗိုလ်စား တိုက်ပုဂံ လှလှတွေနဲ့ ပြင်ဆင်ပြီး စားပွဲခုန်ပေါ်မှာ မြင်တွေ့ရတဲ့ အခါ

ထမင်း ဆာဆာနဲ့ စားလိုက်မဖဲ့လို့ အာရုံကစွဲပြီး အုပ်ဖုံးထားတဲ့ ပုဂံ များထဲ၌၊ မစင်တုံးတွေကို တွေ့မြင်ကဲ့လျှင် ထမင်း စားချင်တဲ့စိတ် ပျောက်သွားသကဲ့သို့ အလားတူ၊ ထို စွဲ၍နေသော တဏှာတို့ကိုလဲ မျက်တွေ့မြင်အောင်ကြည့်ပြီး ပျောက်သွားစေရမယ်၊ စိတ်တွေနဲ့တော့ ဂေါတမ,ဘုရားက သည် တဏှာ-ဟာ မပြတ်နိုင်ဘူးတဲ့၊ ယခုလဲ စိတ်တွေ တရားတွေကို နာကြားခဲ့ရကြပြီ မဟုတ်လား၊ ထို စိတ်တွေ တရားတွေကို နာကြားပြီးနောက် လက်တွေ မျက်တွေ လုပ်ကြည့်ကြမှသာလျှင် သမ္မာဒိဋ္ဌိ,ဖြစ်နိုင်ကြမယ်။ 'ပရဂေါသ'သူများရဲ့ ဗဟုသုတများလဲ များများ ရှိစေရမှာဘဲ၊ သို့သော်- ထို ဗဟုသုတနဲ့ မလုံလောက်သေးဘူး၊ နောက်, လက်တွေနဲ့ မျက်တွေကို လုပ်ကြည့်ကြရမယ်၊ စိတ်တွေ ဆိုတဲ့ သဘောကတော့၊ ဥပမာ ဦးထွန်းဇံ၊ မိန်းမ,တယောက်ယူမလားဗိုလ်မကလေးလိုဘဲ အလွန်လှတယ်၊ အလွန်ချောတယ်နဲ့ ဓာတ်ပုံလောက်ကို ပြပြီး ပြောတဲ့ အခါ တကယ်အမှန်ထင်ပြီး အိမ်က ဒေါ်စန်း,ကိုတောင် စွန့်ဘို့ဟာအသင့်ဘဲလို့ ဖြစ်လာတတ်တယ်။ ထို ဓာတ်ပုံရှင် လူကိုတွေ့ပြီး ဝတ်ထားတဲ့ အဝတ် အစားနဲ့ လိမ်းကျံချယ်လယ်ထားသော ကာတိ ကူတာ ပေါင်ဒါတွေဖုံးထားတာ ဖယ်ရှားကြည့်တော့မှ အတွင်းက ခရုသင်းတွေစွဲပြီး ပြည်တွေ တရွှဲရွှဲနဲ့ သွေးပုတ် ပြည်ပုတ်,တွေထဲမှာ ပိုးလောက်တွေ ခဲနေတာကို တွေ့ရတော့မှ စက်ဆုပ်ရွံရှာခြင်း ဖြစ်လာပြီး အရင်ထင်မှီ စွဲမှိတာတွေဟာ ပျောက်

ပျက်ကုန်နိုင်တယ်။ အဲသည်တော့ တရားနာပေမယ်လို့ ဟုတ်, မဟုတ်ကို သေသေ ချာချာ စဉ်းစား ကြည့်ရမယ် နာကြားကြရတဲ့ တရားများအတိုင်း အိမ်ကြတော့ လက်တွေ့ဖြစ်အောင် ကျောက်သင်ပုံးထဲမှာ စ-သ-ဃ-ဇ-က-ဟ„တို့ကို ရေးပြီး တခုစီ„နှုတ်ကြည့်ကြစမ်းပါ၊ မိန်းမဘဲ ယောက်ျား,ဘဲဆိုတာကိုပါ၊ 'ပရတော'လုပ်၍ ကြည့်ရမယ်၊ ဘာမျှမကျန်မှ တရားဟာ မှန်တယ် အမှန်ဖြစ်တယ်လို့ လက်တွေ့ ကိုယ်တွေ့ တွေ့လာကြ လိမ့်မယ်။

အဲဒီလို စေ့စေ့ စပ်စပ် တွေးတော ဝေဘန်၍ လက်တွေ့ ကိုယ်တွေ့ လုပ်ကြည့်တဲ့ အခါ မှန်ကြောင်းကို တွေ့လာတော့ စွဲနေတဲ့ တဏှာဟာ ပျောက်သွား လိမ့်မယ် ဟောဒီ စ-သ-ဃ-ဇ-က-ဟ,တို့ဟာ ငါ့ဟာဘဲလို့၊ လူတိုင်းဘဲ ထင်နေကြတယ်။ ပြီးတော့လဲ ကြည့်ချင်တာ ကြားချင်တာတွေကို မြင်ရ ကြားရတော့ ငါ့ကို အကျူအညီ ရတယ်ဆိုပြီး ကောင်းနေကြတယ်၊ ကြည့်လို့ မြင်တော့ ဘာဖြစ်လာသလဲ၊ ဘာမှ မဖြစ်ပါဘူး၊တဏှာဆိုတဲ့ အကောင်ဟာ စ-သ-ဃ-ဇ-က-ဟ,တို့ကို ခွစီးပြီး ခိုင်းနေတာဘဲ၊ သူလိမ်နေတာ ခိုင်းနေတာကို မိအောင်ဖမ်းပြီး လိမ်ကြောင်းကို ထင်ရှားအောင် သေသေ ချာချာ တွေ့လာတော့မှ သမ္မာဒိဋ္ဌိ အမြင်မှန် ဖြစ်လာလိမ့်မယ်။

မျက်စိက မြင်ရတာ မြင်ရတဲ့အခါ သုခ ထင်နေတာဟာ ဟုတ် ကဲ့ လား၊ ဒုက္ခ တောင် ဖြစ် ပါ သေး တယ်၊ အကယ်၍ ပစ္စည်းတွေ အများကြီး ရလာလျှင် သုခ ထင်တာ ဟုတ်ကဲ့လား၊ ဥပမာ ငွေ-တသိန်း ထီပေါက်

တယ်ဆိုပါတော့၊သူခမဖြစ်တဲ့အပြင် ညှ တောင့်၊ကောင်း ကောင်း မအိပ်ဝန့်တော့ဘူး၊ သူခိုးလာမလား ဓါးမြ လာမလားနဲ့ ထရံပေါက်ခလေးတွေက ချောင်းကြည့်ပြီး ဒုက္ခဖြစ်နေရတော့ ဘာဘဲ၊ ပိုက်ဆံပေါလာရင် ချမ်းသာ မယ် ထင်လို့ သူခ,ဖြစ်မလားလို့ မော်တော်ကားလမ်း တလျှောက်မှာ ကုန်သွားကူးကြတယ်၊ အကယ်၍ လမ်း မှာ ဓားမြနဲ့ တွေ့ပြီး ခြောက်လုံးပြူး ကျည်ဆံ နဖူးများ ချော်မှန်ကဲ့လျှင် အမာရွတ်ကြီးထင်နေ၍ အရုပ်ဆိုးဖြစ်ပြီး အိမ်က မယားကတောင် ကွာချင်စိတ် ပေါက်လာအုံး မယ်၊ ပစ္စည်းမရှိတဲ့လူနဲ့ ရှိတဲ့လူ ဘာများ ထူးမယ် ထင် ကြသလဲ မထူးကြပါဘူး၊ လူနဲ့လူခြင်းပါဘဲ၊ အိမ်များ မှာ သူခိုးများ ကပ်နေလို့ချွတ်ချွတ်သံ ဖြစ်စေ ဖြုံးဒိုင်းနဲ့ အသံဖြစ်စေ ကြားခဲ့လျှင် မီးထွန်းပြီး သမန်ကာ မှန်ကာ ကြည့်ရုံနဲ့တော့ သူခိုးကို တွေ့မှာမဟုတ်ဘူး၊ ကြွက်ပြေး သံလား၊ ကြောင်ခုန်ချသံလားဟဲ့နဲ့ နေမှာဘဲ၊ မီးခွက် အပြင် သေသေ ချာချာလဲ ကြည့်အုံးမှ သူခိုးကို ပေါ့မြင် နိုင်သည့် အလား၊ မီးခွက်တည်းဟူသော အမြင်နှင့် သေ သေ ချာချာ စိစိ စပဲစပ် ကြည့်ရှုမှု ထို ၂-ခု,ပြည့်စုံ၍ လာ ခဲ့လျှင် ယခုလို လိုချင်မှု အားလုံးတို့ဟာ မလိုချင်တော့ ဘူး ရှိလာ ကြပါလိမ့်မယ်။

**အဲဒါ သမ္မာဒိဋ္ဌိ,မှန်သောနဲ့ ကောင်းသော အမြင်**

# (ဤတွင် ပြီးခဲ့၏)

No. 20

ရှေ့အဆက်က

**"သမ္မာသက်ပွ" မှန်သော ကြံစီမှု ဆက်ဟောရမယ်။**

ငင်း ကတော့ ဘာလဲ ကာမ,ဝိတက် ဗျာပါဒ,ဝိတက် ဝိဟိံသ,ဝိတက်၊ အဲသည် ဝိတက် ၃ မျိုးကို ပါယ်ရမဲ့ တရားပါဘဲ၊ နေက္ခမ သင်္ကပ္ပ,ဖြစ်အောင် လုပ်ကြဘို့ဘဲ နေက္ခမ,ဆိုတာ တော်လှန်ရေးဘဲ၊ တော်လှန်ရေးဆိုတာ လုပ်ပါများလာတော့ ဆရာစံ သူပုန်တုံးက ကြည့်ပါ လား၊ အင်္ဂလိပ်ကို ချစ်နေတဲ့ လူတွေဟာ အမှန်ကို နား သွင်းပြီး မြင်အောင် ပြောလာတော့ မုန်းလာကြပြီး အင်္ဂ လိပ် အင်ပါယာကို ဓါးမတိုနဲ့တောင် တော်လှန်ပြီး သူပုန်ထခဲ့ဘူးတယ် မဟုတ်လား တော်လှန်ရေးဆိုတာ ဓါးမတိုကလေးတွေနဲ့ ပေမယ်လို့၊ အင်္ဂလိပ် အင်ပါယာ ဟာ တော်တော်ဘဲ တုံလှုပ်သွားရှာတယ်၊ အဲသည်လိုဘဲ တရား၌လဲ အမြင်မှန်ရကြပြီး တော်လှန်ရေး လုပ်ကြရ မယ်၊ ဘယ်သူကို တော်လှန်ရမလဲ အရင်ပြောကဲ့တဲ့ စ-သ ဃ ဇ-က-ဟ„ တို့ အင်ပါယာကို အုပ်ချုပ်နေတဲ့ တဏှာ-ဆိုတဲ့ အကောင်ကို တော်လှန်ရမှာဘဲ။

ယခုလဲ တကာမကြီးတို့ ကျောင်းကို လာ-လာ-ပြီး တော်လှန် တော်လှန် စမ်းတော့ နေကြပါရဲ့၊ သို့ပေမယ် လို့ ညနေကြပြန်တော့ တဏှာ-ဆိုတဲ့ အကောင်က ပြန် ပြန် ဆွဲသွားပြန်သဖြင့် သူရဲ့ဘက်တော်သား ဖြစ်သွား ကြပြန်ရောဘဲ၊ အဲဒီလို တော်လှန် စမ်းလိုက်၊ တဏှာ နောက်ကို ပါသွားလိုက်နဲ့ လုပ်နေကြရင် ရဲဖြူ ရဲနီ တို့

အခေါ်ကတော့ ရိမ်းယိုင်သော ဝါဒ-တဲ့၊ အဲဒါ ဘာ့ကြောင့်လဲ သမ္မာဒိဋ္ဌိအတန်းမအောင်သေးလို့ လမ်းစဉ်လဲ ကောင်းကောင်းမမှန်သေးလို့ဘဲတဲ့၊ရင့်ကျက်သောအမြင်မှန်ဖြစ်အောင် ကြိုးစားကြရမယ်၊ယနေ့ထိ မိမိတို့ အသက်ရှည်ကြသလောက် ဘုန်းကြီးတွေ ဟောတဲ့ တရားတွေကိုလဲနာခဲ့ကြရလှပြီ၊ဘယ်သူတဦးတယောက်မျှ ဘယ်သူဖြင့် မိန်းမကို မတိုင်ပင်ဘဲ တောထွက်သွားလေရဲ့လို့ မကြားခဲ့ရသေးဘူး၊ အဲဒါဘာ့ကြောင့်လဲရင့်ကျက်သော အမြင်မှန်ကိုမရခဲ့ကြသေးလို့ဘဲ၊သိဒ္ဓတ္ထတို့ကြတော့ နန်းမ သုံးဆောင်ကြီးနဲ့ မကလို့ မယားချော ယသော်ဓရာနဲ့ နေရဟာတောင် နေကွမ,ဖြစ်ပြီးသား ဖြစ်လေတော့ ယသော်ဓရာနဲ့ သားရာဟုလာ-တို့ အပေါ်မှာ စက်ဆုပ်စရာ မစင်ပုတ်တွေဘဲလို့ မြင်ပြီး တခါတည်း ထွက်သွားနိုင်ခဲ့တယ်၊ ဒါနဲ့တောင် တဏှာကနောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ပါအုံးလို့ တိုက်တွန်းချက်အရ ကြည့်လိုက်ရသေးတယ်၊ ဆုံးဖြတ်ချက်က ခိုင်မာလွန်းလို့ တော်တော့ပြော့ညံ့ညံ့ဆုံးဖြတ်ချက်နဲ့ဆိုရင် သည်နေ့ဟာ ထွက်ရက်မကောင်းသေးဘူး၊ နောက်နေ့များမှ ထွက်မဟဲ့နဲ့ ရက်ရွှေ့ဆိုင်းနေအုံးမှာသဲ၊အဲဒီလို ခိုင်မြဲအောင် နေကွမ,လုပ်ကြရမယ်၊ အမြဲမပြတ် မျက်စိ-နေကွမ, နား နေကွမ လျှာ-နေကွမ,အစရှိတဲ့ အာရုံတွေကို နေကွမ,လုပ်ကြရမယ်၊လျှာ-နေကွမ အတွက် အမဲသား ငါး ဖား ပုဇွန် တို့ကို မစားပါဘူးလို့တော့ လုပ်နေကြပါရဲ့၊သို့ပေမယ်လို့ သူတို့တက် ကောင်းတဲ့အရသာတွေ လိုက်ပြီး ဘုံဇာဟိ

လုပ်နေကြပြန်တော့ ထူးမခြား ဖြစ်နေကြပြန် တာပါဘဲ သမ္မာဒိဋ္ဌိ ဆိုတာမှာ ဟောသံကြားစာတွေ့လောက်တော့ ဖြစ်ကြပါပြီ။ သို့သော်လဲ လက်တွေ့ ကိုယ်တွေ့ကို ကြာရှည်လေးမြင့်စွာ လုပ်ကြရအုံးမယ်။ နေကွမ-ဆိုတာ လွယ်လွယ်နဲ့တော့ မဖြစ်နိုင်ဘူး။ သမ္မာဒိဋ္ဌိ အလွန်ရင့်ကျက်မှ ဖြစ်နိုင်တယ်၊ အဗျာပါဒ အဝိဟိံသာ တို့ကတော့ မေတ္တာ ကရုဏာ မုဒိတာ တရားတို့ကို လက်ကိုင်ထားပြီး ကောင်းသော နေထိုင်နည်းတွေနဲ့နေသွားလျှင် ဖြစ်ထာပါဘဲ။ အမှန်က နေကွမ-ဝိတက်သာ တော်လှန်ရေး ဝိတက်ဘဲ၊ စ-သ-ဃ-ဇ-က-ဟ တို့ကို အုပ်ချုပ်နေတဲ့ တဏှာကို တိုက်ဖျက်ရမဲ့ တော်လှန်ရေးက အရေးကြီးတယ်၊ မှန်သော နေကွမ သင်္ကပ္ပ-က ဘယ်လိုလဲ၊ ဥပမာ ဦးထွန်းဇံ ယခုအခါမှာ ဘယ်သူကိုမှ မပြောဘဲနဲ့ တောထွက်သွားလျှင် မကောင်းဘူးတော့ ပြောကြမှာဘဲ၊ သို့သော် မှန်တော့မှန်တယ်၊ သမ္မာ၊ ကောင်းသောသင်္ကပ္ပကတော့၊ ဥပမာ— တောင်တွင်းမြို့မှာ စားကုန် သောက်ကုန်တွေ ရှားနေတဲ့ အခါ ဦးထွန်းဇံ၊ ကိုဘမြိုင် တို့က လူအပင်ပန်းခံ၍ အောက်နယ်သို့ သွားပြီး ဝယ်ယူ လာခဲ့ပြီးလျှင် လူထု၏ သက်သာ ချောင်ချိရေးအတွက် အကျိုးအမြတ် မယူဘဲ ဖြန့်ဖြူး ရောင်းချ လိုက်တယ် ဆိုလျှင် ကောင်းသော သင်္ကပ္ပ-ပါဘဲ၊ အဲဒါဟာ ကောင်းသော သာဖြစ်တယ်၊ အမှန်တော့ မဖြစ်သေးဘူး၊ သို့သော်လဲ လောက လူတွေ သမုတ် ခေါ်နေကြတာကတော့ လူ့ကောင်း သူကောင်း တွေဘဲလို့ ခေါ်နေ ကြတာ ပါဘဲ

အဲ-သည်လိုဘဲ ကောင်းသောကို လုပ်ပါများလာတော့ မှန်သော အဖြစ်သို့ ရောက်လာနိုင်တာဘဲ၊ ရောက်လာနိုင်စေရမယ်၊ အရေးကြီးတာက တော်လှန်ရေးကို အရင်လုပ်ရမယ်လို့ လူငယ်တွေ ပြောသလို ယခုလဲဘဲ တော်လှန်ရေး နေက္ခမ ကို အရင်လုပ်ပြီး သွေးစုတ်တဏှာကို အသွင်ပြောင်း ပြစ်ရလိမ့်အုံးမယ်၊ သူတို့ကို ပဌမ မလုပ်ခဲ့လျှင် အဗျာပါဒ အဝိဟိံသာတို့ကိုပါ လုပ်နိုင်ဘဲ ရေ့ ရေ့ကုန်တတ်တယ်၊ နေက္ခမဖြစ်အောင်ကလဲ တဏှာ ရှုံကြိုးကို မနိုင်လျှင် နေက္ခမနဲ့ ဝေး-ဝေး-သွားတတ်သေးတယ်၊ တဏှာရှုံ့ကြိုးက ဘယ်လောက်များ တတ်နိုင်သလဲဆို တခါတလေ ဘုရားရှေ့တောင် ရောက်အောင် ဟုတ် သယောင်ယောင် မာယာနဲ့ ဆွဲဆောင်နိုင်တယ်၊ ကျောင်းသို့ လာရောက်၍ သီလများ ဆောက်တည်ကြတဲ့ တကာမကြီးတွေကို ဘယ်လိုများ ဆွဲဆောင်တတ်သလဲ ဆိုလျှင် တဖြေး-ဖြေး သူ့မှော်ကို သွင်းပြီး ကျောင်းကန်ဘုရား လာရတာ နေပူလို့ ခြေအေးလို့ နေထိုင်မကောင်းလို့ဆိုပြီး ဆွမ်းခံကြွလာတဲ့ ဦးပဥ္စင်းများထံ သီလယူလဲ အတူတူပါဘဲနဲ့၊ အဲသည်တရွှေရွှေနဲ့ သံဃာတော်များထံ သီလယူရတာ လှူစရာ တန်းစရာ ကလေးပါမှ ဖြစ်ပါသလေ၊ ဘုရားထံမှာဘဲ ယူတော့မဟဲ့ ဆိုပြီး အိမ်က ဖန်ပေါင်းချောင်နဲ့ ဘုရားရှေ့တော်သို့ ရောက်ပါလေရော၊ အဲသည်တော့ နေက္ခမနဲ့ သာ၍ ဝေးမသွားပေဘူးလား။ အဲဒါဟာ တဏှာ ရှုံကြိုးက ပြန်၍ ဆွဲဆောင်သွားခြင်းဘဲ၊ တဏှာရဲ့ စပိုင်ကို လူတိုင်းမသိကြ

ဘူး၊ တဈာရဲ့ စပိုင်က အမျိုးမျိုး ဝါဒ ဖြန့်ပြီး ဖျက်နေတာဘဲ မဖျက်ဘဲ နေပါ့မလား၊ နေကွမ,တော်လှန်ရေး ဆိုတော့ တဈာက အလွန်ကြောက်ထာကိုး မဖျက်ဘဲကို မနေနိုင်ဘူး၊ ဆရာစံတိုးက သေးသေးဘဲ ထင်နေရပေမယ်လို့ တော်လှန်ရေး ဆိုတာ နိုင်ငံကို တုံသွားတာဘဲ သဲညမလဲ နေကွမ တော်လှန်ရေးကို တဈာက အလွန်ကြောက်ထာပေါ့၊ တော်လှန်ရေး ပျက်အောင် ဖျက်တဲ့ လူတွေဟာလဲ အလွန်များတယ်၊ ဥပမာ ကိုဘမြိုင်,တောထွက်တော့မယ်လို့တဲ့ ဆိုသျှင် ကလေးတွေ မျက်နှာကို ထောက်ပါအုံး၊ မိခင်ရှိရင်လဲ သူများ မထောက်ချင်ရင်နေပါ၊ မအေအိုကြီးမျက်နှာနဲ့ ကိုယ်အမြဲ ဆွမ်းချက်လှူနေတဲ့ ဘုန်းကြီးမျက်နှာတွေကို ထောက်ထားပါအုံးလေဘာလေးနဲ့၊ အမြဲတန်း တဈာရဲ့ ဘက်တော်သားတွေက ဆွဲသျှက်ရှိနေတာဘဲ၊ လက်တွေ့ စမ်းသပ်ကြည့်ချင်ရင် ညှ-ကြတော့ ကိုယ့်ဟာကိုငါတောထွက်တော့မယ်လို့ စိတ်ကူးနဲ့ ထွက်ကြည့်ကြစမ်း၊ နောက်,ငါးမိနစ်မကြာဘူး ဖျက်မဲ့သူဟာ ပေါ်လာတာဘဲ၊ သူတို့ကိုယ်တိုင်လဲ မထွက်နိုင်ကြဘဲနဲ့ သူများကို လာလာ ဖျက်လေ့ရှိကြတယ်၊ သို့သော် ရင့်ကျက်သော အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်လျှင်တော့ သည်-နေကွမ,ကို ဘုရားလောင်း သိဒ္ဓတ္ထဟာ ယသော်ဓရာကို မြွေပုတ်ကြီးထင်ပြီး ထွက်လာသလိုရင့်ကျက်သော သမ္မာဒိဋ္ဌိနှင့် နေကွမ သက်ပ္ပ ဖြစ်နိုင်အောင်ကြိုးစား အားထုတ်ကြ ကုန်ရာသတည်း။

☆ ☆ ☆

သီတင်းကျွတ်လဆန်း (၉) ရက်နေ့

# ဟောသော 'ဓမ္မစကြာ' တရား

**သမ္မာဝါစာ မဂ္ဂင်** မှန်သော ကောင်းသော စကား ဆိုခြင်း၊ စကားဆိုတာ ပါးစပ်က ပြောတာပါဘဲ၊ ပါးစပ်က ပြောတာ ပေမယ်လို့ ကောင်းသောစကားပြောခြင်းတက်မကောင်းတဲ့စကား အကျိုးမရှိတဲ့ စကားတွေကို အများဆုံး သုံးစွဲ ပြောဆိုခဲလေ့ရှိနေကြတယ်၊ သေသေ ချာချာ တွေးကြည့် တော့ သည်-ပါးစပ်တည်းဟူသော တမိပေါက်ခြင်း ပေ မယ်လို့ မတူကြဘဲ မကောင်းတာလဲ သည်-ပါးစပ်က ထွက်နိုင်တယ် ကောင်းတာကိုလဲ သည်-ပါးစပ်က ထွက် ထာဘဲ။

**သမ္မာဝါစာ မဖြစ်ဘဲ၊ မိစ္ဆာဝါစာက ဘယ်ဟာတွေလဲ?**

**၁။ မုသာဝါဒ** .... လိမ်ပြောခြင်း။

**၂။ ပိသုန ဝါစာ** .... ကုံးချောခြင်း။

**၃။ ဖရုသဝါစာ** .... ကြမ်းတမ်းသော စကား။

**၄။ သမ္ဖပ္ပလာပဝါစာ-** အကျိုးမရှိသော စကား။

**ထို အထက်ပါ အခြေခံ မိစ္ဆာဝါစာတို့ကို ပြောင်းပြန်လှန်၍**

**၁။ သစ္စာဝါဒီ** .... မှန်သောစကား။

**၂။ သမဂ္ဂါရာမော** .... ညီညွတ်အောင် ပြောခြင်း။

၃။ နေလာ ကဏ္ဏသုခါ နှသောစကား နားခံသာအောင် ပြောခြင်း။

၄။ ကာလဝါဒီဘူတဝါဒီ၊ အချိန်အားလျော်စွာ ဟုတ်မှန်ရာ ပြောခြင်း။

ထိုသို့ အကျဉ်းအားဖြင့် ပြဆိုကဲ့သည့်အတိုင်း ဆင်ခြင်တိုင်းဆ၍ ပြောဆိုသုံးစွဲသွားကြလျှင် မှန်သောနဲ့ ကောင်းသော စကား ဖြစ်၏-ဟု ဆိုရတာဘဲ။

ဘာသာတိုင်းကလဲ ထို လျှာနဲ့ ပါးစပ်ကိစ္စ တို့ကို နိုင်အောင် ထိမ်းသိမ်း စောင့်ရှောက် ကြရန် အရေးတကြီး ဟောပြော၍ နေကြ၏၊

**စာက ပူရိ တဿဟိ ဇာတဿ ကုဒါရီ ဇာယ တေမုခေ-တဲ့**

ဇာတဿ၊ မွေးဖွား၍လာသော၊ ပူရိတဿ သတ္တဝါ၏။ မုခေ ပါးစပ်တွင်း၌။ ကုဒါရီ၊ ဓါးမတချောင်းကို ဇာယတေ၊ ဖြစ်ပေါ်၍ လာလေ၏။

အဲ ဤကဲ့သို့ လူတယောက် ဖြစ်ထွန်း၍ လာကဲ့လျှင် ပါးစပ်တွင်း၌ ဓားမ,တချောင်း ပါလာတာဘဲတဲ့၊ သည် ဓားမက ဘယ်သူ့ကိုခုတ်သလဲဆိုရင် မိမိကိုယ်ကို အရင် ခုတ်တဲ့တယ်၊ သည် စကားပြောခြင်းကြောင့် ဒုက္ခအလွန် ပေးလွန်းလို့ 'မွေ ကထာဝါ အရိယောဝါတုဏှိဘာဝေါ' လို့ ဘုရားရှင်က ဆုမ္မတော်မူခဲ့တယ်၊ မွေ ကထာဝါ၊ ဘုရား,တရား,စကားများကို ပြောဆိုကြခြင်းမှလွဲ၍၊ တုဏှိ

ဘာဝေါ၊ မပြောဘဲ ဆိပ်ဆိပ် နေကြခြင်းက မြတ်၏-ဟု ဟောတော်မူခဲ့၏။ စကားပြောတော့မဲ့ ကြိုလျှင် ပြောမည့် စကားသည် ကုသိုလ်ရမဲ့စကားလား၊ သို့မဟုတ် သူရောကိုယ်ပါ အကျိုးရှိမည့် စကားလား စဉ်းစားပြီးမှ ပြောရမယ်၊ ယခုတော့ ပိုက်ဆံကြေးငွေလဲမရ ကုသိုလ် လဲ မဖြစ်သော "မုသာဝါဒ ပိသုန ဝါစာ ဖရုသ ဝါစာ သမ္ဖပ္ပလာပ" စကားတို့သာ ပေါက်လွှတ်ပဲစား ပြောဆို လေ့ရှိကြသောကြောင့်၊ ဝစီကံ ၄-ပါးဟု အရင်းခံ ထားပြီး ဆုမ္မခဲ့ခြင်းဘဲ၊ မုသာဝါဒ ဆိုတော့ လိမ်လည်၍ ပြောခြင်းကို ဆိုသည်၊ပိသုန ဝါစာ ကုံးချောခြင်းတဲ့၊ ဟိုသူနဲ့ သည် လူခြားမှာ ချောပေးခြင်းဘဲ၊ ချောပေးခြင်း ဆိုတော့ ပြေပြစ် ညီညွတ်ရုံတွင် မကတော့ဘူး၊ ချောလွန်း အားကြီးကြလွန်းလို့ လဲကြ ကွဲကြ ရအောင် မတဲ့အောင် ဖြစ်ကုန်ကြတာဘဲ။ ဖရုသ ဝါစာ၊ ကြမ်းတမ်းတဲ့ စကား တဲ့။ ၎င်းကတော့ နားထောင်ရတဲ့ သူက ဆုံးဖြတ်ထား ပါဘဲ၊ ပြောသူက ကြမ်းတမ်းပေမယ်လို့ ဒေသအလိုက် ကရင် လူမျိုးများ ကြပြန်တော့ ယောက်ဖကြီးလို့ ခေါ် ပေမယ်လို့သူတို့အဘို့မှာ ချိုသာတဲ့စကား ဖြစ်နေတာဘဲ ပြောတိုင်းလဲ ဖရုသ ဝါစာ မဖြစ်၊ ဒေသအလိုက် နား ထောင်သော လူမျိုး၏စရိုက်အပေါ်မှာ အတည်ဖြစ်ထား ပါဘဲ၊ သမ္ဖပ္ပလာပ ဝါစာ-က သောင်းပြောင်း ထွေလာ ဘာအကျိုးမျှ မရှိ၊ ခေတ်သုံးစကားနဲ့ ပြောရလျှင် လေ ပန်းနေတဲ့ စကားတွေပေါ့လေ။

အဲဒီလို သူရော ကိုယ်ပါ လုံးဝ အကျိုးမရတဲ့ စကား

No. 22

တွေကို ပြောနေမဲ့ အစား မပြောဘဲ ဆိပ်ဆိပ်နေတာက မြတ်၏။ ပြောလိုလျှင်လည်း တရားစကားသာ ပြောဆိုကြမှ ကိုယ်ကျိုးရ၍ ဘုရား၏ အလိုကြသဲ ဖြစ်ပေလိမ့်မည်။

သို့သော်လဲ ဈေးစကားအရ ကုန်ဈေးနှုန်း ဘယ်လိုလဲ မော်တော်ကားခက ဘယ်လောက်လဲဆိုတဲ့ ပြောရိုးပြောစဉ် စကားကိုတော့ ကိုယ်ကျိုးအတွက် ကောင်းသောစကားဖြစ်သဖြင့် အကုသိုလ်လဲ မဖြစ်၊ ငရဲလဲ မကြီးသောကြောင့် ပြောဆိုနိုင်ကြပါတယ်၊ သည်လို ဟာတွေပါရှောင်နေရရင်လဲ လူအ, ပငိ ပဒါသာ လုပ်ဘို့ရှိတော့တာဘဲ။ သို့သော် သမ္ဘာဝါစာ၊ မှန်သော စကား အစစ်ဖြစ်အောင်ကတော့ အထက်ပါ ဝဇ္ဇီဒုစရိုက် ၄-ပါးကလွတ်မှဘဲ ဖြစ်ကြမယ်၊ သမ္ဘာဝါစာကိုသာ ပြောနိုင်ကြရင်တော့ တဦးခြင်းအနေနဲ့ ဖြစ်စေ၊ အများနဲ့ ဖြစ်စေ၊ အကျိုးအလွှန် များပါတယ်တဲ့၊ အကျိုးချုပ်ဘို့ ဆိုရင်လဲ ဘုရားသခင် ဟောကြားခဲ့ သမျှသော ဝိနည်းတော်တွေမှာ ဖြစ်စေ၊ သစ္စာတရားက လွဲ၍ မည်သည့်တရားတွေအပေါ်မှာ ဖြစ်စေ၊ ဖေါက်ဖျက်လျှင် တော်သေး၏တဲ့။ ဓမ္မစကြာရဲ့ မဂ္ဂသစ္စာ-ထဲက တပါး-ပါး-ကို ချိုးဖျက်ခဲ့လျှင် ကမ္ဘာကြီး တခုလုံးကိုပင် ပျက်စီးသွားနိုင်သည်ဟု ဘုရားရှင် ဟောတော် မူခဲ့တယ်။ စဉ်းစား ကြည့်တော့ ဟုတ်လဲ ဟုတ်နေတာဘဲ။

ယခုအခါ ကမ္ဘာကြီး တခုလုံး ဆူပွက်နေတာ ဘာကြောင့်လဲလို့ အခြေအမြစ်ကို လိုက်ရှာကြည့်လိုက်တော့

နိုင်ငံတိုင်း နိုင်ငံတိုင်းတို့တွင် '**ပရော်ပကန္ဒာ**' ခေါ်တဲ့ ဝါဒ ဖြန့်ချိရေးဌာနတို့ကို မြောက်များစွာ ငွေကုန်ကြေးကျခံ ပြီး ဖွဲ့စည်း လုပ်ကိုင်နေကြခြင်းတို့ကို တွေ့ရတယ်၊ ၎င်းတို့ အလုပ်တွေဟာ ဘာတွေလဲလို့ လိုက်ကြည့်လိုက်တော့ အကောင်းတွေဘဲလို့ ထင်မနေကြနဲ့၊ ယခု ဟောကဲ့တဲ့ သမ္မာဝါစာကို ပြောင်းပြန်လှန်ပြီး ဆန့်ကျင်ဘက် လုပ် နေတဲ့ အလုပ်တွေဘဲလို့ တွေ့ရတယ်၊ သတင်းစာများထဲ မှာလဲ စာလုံးကြီးတွေ လက်သီးဆုတ်လောက်ကြီးတွေ ထိပ်ကတပ်ပြီး ဘယ်တိုင်းပြည်က ဘယ်ခေါင်းကြီးကို လက်ပြစ်ဗုံးနဲ့ ပေါက်လို့တဲ့၊ ဘယ်စစ်ပွဲမှာဖြင့် စစ်သား တွေ အတုံးအရုန်း သေကုန်ပတဲ့နဲ့၊ သူတထူး တိုင်းပြည် ကို နိမ့်ကြအောင် ကိုယ့်တိုင်းပြည်တော့ အထင်ကြီး အောင် ဆိုတဲ့ ဝါဒ-တွေ ရေးထည့်နေကြဘာဘဲ၊ အဲဒါ အတွင်းကစာကို သေချာအောင်မဘတ်ဘဲ သမန်ကာ ရှန်ကာ ထိပ်က စာလုံးကြီးတွေတင် ကြည့်နေရင်တော့ တကယ်အမှန်တွေဘဲလို့ ထင်နေကြမှာဘဲ၊ ၎င်းကဲ့သို့ အလုပ်ကိုပင် တော်တော် အထက်တန်းကြတဲ့ ပညာရှိ ပုဂ္ဂိုလ်ကြီးတွေကိုမှ ရွေးပြီး လခ,များများ ပေး၍ ဝါဒ ဖြန့်ပွားရေး ဌာနရယ်လို့ အထူးဘဲ ထားရှိ လုပ်ကိုင် နေ ကြတယ်၊ ယခုအခါမှာ ဘုန်းကြီးတွေကတောင်သံရောင် လိုက်၍ သံဃသမဂ္ဂအဖွဲ့ ဖွဲ့စည်းပြီးဝါဒဖြန့်ပွါးရေးရယ် လို့ ထားရှိ လုပ်ကိုင်နေကြပြန်တယ်၊ အမှန်တရားတော် တို့ကိုအမှန်အတိုင်းဖြစ်အောင် ဝါဒဖြန့်ရင်တော့တော်ပါ သေးရဲ့၊လောကထဲမှာလူတွေလုပ်နေတဲ့ '**ပရော်ပကန္ဒာ**'

ရဲ့ ရည်ရွယ်ချက် အလုပ်တွေကတော့ ဟောဒီ သမ္မာဝါစာ မဂ္ဂင်ကို အုဋ္ဌမြစ်က ဖြိုပြီး ဖျက်နေတဲ့ အလုပ်တွေဘဲလို့ ဆိုလောက်စရာတွေချည့်ပါဘဲ။ ၎င်းဝါဒ ဖြန့်ရေးဌာနဟာ မှန်တဲ့ အလုပ်လား၊ ကောင်းတဲ့ အလုပ်လားလို့ သိလိုလျှင် ' တဦးနဲ့တဦး စကားပြောကြရာတွင်၊ ထိုစကားသည် ဝါဒ ဖြန့်တာပါကွာလို့ ကြားလိုက်ရတာနဲ့ တခါတည်း ပေါ့-ပျက်-ပျက် ဖြစ်သွားခြင်းများကို ထောက်ချင့်၍ သိနိုင်တာဘဲ။

**ပြီးခဲ့တဲ့ကိစ္စတွေ အပေါ်မှာ ပြန်၍ စဉ်းစား ကြည့်လိုက်ရင်လဲ ....**

ဂျာမဏီလူမျိုးနဲ့ သူတို့ရဲ့ နိုင်ငံဟာ ကမ္ဘာမှာ အထက်တန်း အကြဆုံးလောက်ဘဲလို့ ပြောလောက်တဲ့နိုင်ငံဟာ နောက်ဆုံးကြတော့ စစ်ရှုံးရတာနဲ့ ဘုံး-ဘုံး-ကိုလဲကြသွားတာဘဲ၊ အဲဒါ ဘာကြောင့်လဲ ဟစ်တလာ-ဆိုတဲ့ ခေါင်းဆောင်ကြီးက စီးပိုင်းတွေ ပိုင်းထားပြီး သူများရဲ့ စကားတွေ မကြားရ၊ သူပြောတဲ့ ဝါဒ စကားတခုကိုသာ နားထောင်ရမယ် ယုံကြည်ရမယ်-ဟု အတင်းရော အခမဲ့ ပါ ဂျက်စတာပိုတွေ ခန့်ပြီး လုပ်လိုက်ထာနဲ့ အားလုံး ပျက်စီး၍ ကုန်ကြရတာဘဲ၊ အဲဒါဟာ ဟောသည် သမ္မာဝါစာကို ဖျက်ဖေါက်ခြင်းကြောင့် ဒုက္ခတွေ ဖြစ်ရတာဘဲ မယုံ၍ စမ်းကြည့်လိုလျှင် မိုးလင်းကထဲက စ၍ ကိုယ့်အိမ်လာတဲ့ လူများကို မှန်တဲ့ စကား မပြောကြပါနဲ့လို့ လုပ်စမ်းကြည့်လျှင် သိလိမ့်မယ်၊ ထို့ပြင် ကိုယ့်အိမ်က နေပြီး တနေ့လုံးလုံးမြှင်မြင်သမျှတို့ကိုညစ်ညစ်ညမ်းညမ်း

ဆဲဆို၍ နေစမ်းကြည့်လျှင် ချက်ခြင်း ဒုက္ခ မဖြစ်ဘူးလား ဖြစ်မလား သိလာနိုင်ပါတယ်။

**'ပရေဘ်ပကန္တာ'** ဝါဒ ဖြန့်တဲ့ ဌာနက သုံးလိုက်တဲ့ စကားလုံးကလေးတွေကတော့ အလွန်သာယာ•နာပျော် ဘွယ် အသုံးအနှုံးကလေးတွေနှင့် ယုံကြည်နှစ်သက်စရာ အမျိုးမျိုးတို့ဖြင့် ဝမ်းသာ အားရ လောက်အောင် သုံးနှုံး ထားကြပါရဲ့၊သို့ပေမဲ့ တို ဌာနမျိုးရှိတဲ့ နိုင်ငံမှာ နေရတဲ့ လူတို့ဟာ အလွန် ထက်သော ဆောက်ပြားပေါ် ရပ် နေရတာနဲ့ တူတာဘဲတဲ့၊ အလွန် တည့်တည့် မတ်မတ် နေတတ်မှ တော်ရုံကြမှာကိုး၊ မြန်မာပြည်မှာလဲ အမေရိ ကန် ဖြူရို-ဆိုပြီး လာဖွဲ့ထားတယ် မဟုတ်လား၊ သူတို့ရဲ့ ဌာနက တခါတလေ အလွန်လှတဲ့ စာအုပ်ခလေးတွေကို ရိုက်နှိပ် ဝေငှ နေကြတယ်၊ အတွင်းက စာကို ဘတ် ကြည့်တဲ့အခါ အဘက်ဘက်က မြန်မာလူမျိုးများ သရိ ကြလောက်အောင် သူတို့ရဲ့ နိုင်ငံကို အထင်ကြီးပြီးသွား ချင်စိတ် ပေါက်လာအောင် ရေးထားသဖြင့် သဘောကျ တဲ့ လူနဲ့တွေ့ရင် ကောင်းတယ်ကွသို့ ပြောဘော်ရတဲ့လူ တိုးလာတာပေါ့၊ အဲဒီလိုဟာတွေ လိုလားကြ၍ ငွေကုန် ကြေးကျခံပြီး ဖွဲ့စည်း ထားရခြင်းတွေဘဲ။

**''သမ္မာ ကမ္မန္တာ မဂ္ဂင်''** ၎င်း မဂ္ဂင်-ကာလဲ....

သမ္မာ၊ မှန်သော ကောင်းသော။ ကမ္မန္တ၊ လုပ်ခြင်း မှန်သော ကောင်းသော အလုပ်တို့ကို သာလျှင် လုပ်ကြ ရမယ်သို့ ဟောတော်မူခဲ့ခြင်းဘဲ၊ လိုရင်းက ကိုယ်နဲ့ ပါတ်သက်၍ မှားတဲ့ အမှုတွေကို ရှောင်ကြဘို့ဘဲ။

အရင်းခံဖြစ်တဲ့

## ကာယကံ ၃-ပါးကတော့

(၁) ပါဏာတိပါတ .... သူ့အသက် သတ်ခြင်း၊

(၂) အဒိန္နာဒါန .... သူ့ဉစ္စာကို ခိုးယူခြင်း၊

(၃) ကာမေသု မိစ္ဆာ စာရ။ကာမ၌ မမှန်သောအကျင့်

ထို အထက်ပါ အချက်ကြီး ၃-ခု,လောက်ကိုသာ လူ-တွေက နားလည်နေကြတော့ ကာယကံမှု ဆိုလျှင် ဓါးမကြီးကို ကိုင်းပြီး ကိုယ်တိုင် ခုတ်သတ်မှ ကြူးလွန်ရာရောက်တယ်လို့ ထင်နေကြ သဖြင့် ပွဲသွား ကြည့်လျှင် ကာယကံမှု မဟုတ် ဈေးထဲက သူများသတ်ပေးတဲ့ ဝက်သားဝယ်စားတာ ငါတို့နဲ့ မဆိုင်ဟု အောင်းမေ့ကြ၍ ကြူးလွန် လုပ်ကိုင်နေကြ၏။သမ္မာကမ္မန္တ-ဆိုတော့ မဂ္ဂင်အခြေခံပြာပြရလျှင် စ-သ-ဃ ဇ-က-ဟ,တို့ပါ အသေးစိပ် ဆောက်တည် ထိမ်းသိမ်းနိုင်မှ၊ သမ္မာကမ္မန္တ , အစစ်ဖြစ်နိုင်တယ်၊ အဘယ်ကြောင့် မျက်စိက ပွဲကြည့်တာနဲ့ ဝက်သားကို ဝယ်စားတာ ကာယကံမှု ဖြစ်ရသလဲ ဟု မေးခဲ့မှု မျက်စိ,နား,လျှာ,တို့က မိမိတို့ကိုယ်မှ အခြားစီ မဟုတ်သောကြောင့် မဂ္ဂင်-၏ လိုရင်းအရ အထက်တန်း အရိယာ,တို့ကြတော့ မျက်စိကလဲ ခိုးလို့ဖြစ်ခြင်း၊ နားကလဲ ခိုးနိုင်ကြခြင်း ဖြစ်လေသောကြောင့် စ-သ-ဃ ဇ-က ဟ,အားလုံးတို့ကို သမ္မာကမ္မန္တ-ဖြစ်အောင် ထိမ်းသိမ်း ဆောက်တည်ကြရတယ်· မျက်စိ,နားလျှာ,တို့က ကြူးလွန်ရင်လဲ ကာယကံမှုတွေဘဲလို့ နားလည်ကြရမယ်။

ထို မဂ္ဂင်-ဟာ ကာယနဲ့ ပါတ်သက်၍ မကောင်း မမှန်တာတွေမလုပ်ရဟု ကာယကံ ၃-ပါး,အခြေခံထားတော့ စ-သ-ဃ-ဇ-က-ဟ„တို့ဟာ မိမိကာယမှာရှိနေတဲ့ ပစ္စည်းတွေဘဲ မဟုတ်ပေဘူးလား၊သေသေ ချာချာ စဉ်းစားပြီး သူတို့ရဲ့အလုပ်တွေကို ကိဗ္ဗနဲ့ လိုက်ပြီးကြည့်လိုက်တော့ စ-သ-ဃ-ဇ-က„၅-ဦးကော်မတီ အပေါ်၌ ဟဒယ ဌာနမှူးကြီးက အုပ်ချုပ်နေတဲ့ အင်ပါယာမှာ မင်းဘားကော်မတီ-တို့က အစီရင်ခံလိုက်၊ ဌာနမှူးကြီးက ညွှန်ကြားလွှာပို့လိုက် တွေ့ဆုံစည်းဝေးကြ၍ ဆုံးဖြတ်ချက်ချလိုက်နဲ့ ခန္ဓာကိုယ် တိုင်းပြည်ကြီးကို အဖက်-ဖက်-က ဒုက္ခဖြစ်အောင် ချေမှုန်း တိုက်ဖျက်နေကြဘာဘဲ မဟုတ်လား

ထို အထဲဘွင် ဇ-ဆိုတဲ့ မင်းဘားလူကြီးက ဇိမ်ခံမှုနဲ့ ဝါဒ ဖြန့်ချီရေးပါ ၂-ဌာန ကိုင်ပြီး အလုပ် လုပ်နေလေတော့ သမ္မာဝါစာနဲ့ သမ္မာကမ္မန္တ မဂ္ဂင် ၂-ခုဟာ ဆက်သွယ်ရေးဖြစ်နေ သဖြင့် ဇ-မင်းဘားရဲ့ အကြံဉာဏ်ပေးချက် အဆိုသွင်းချက်တို့ကို ကျန် ကော်မတီ လူကြီးတို့နှင့် ဌာနမှူးကပါ လက်ခံ သဘောတူအတည်ပြုကြလျှက် ခန္ဓာကိုယ် တိုင်းပြည်ကြီး တခုလုံး မငြိမ်မသက်ဖြစ်ပြီး ဒုက္ခဖြစ်နေကြရတာဘဲ။ထိုကဲ့သို့ အလားတူ လောက,ကမ္ဘာတခုလုံးကို ကြည့်လိုက်သော် ဝါစာ-ဆိုတဲ့ စကားနဲ့ ဝါဒ-ဖြန့်၍ မဂ္ဂင်၏ သမ္မာဝါစာကို ဖျက်ဆီးလိုက်ခြင်းကြောင့် ကာယ-ဆိုတဲ့ ခန္ဓာကိုယ်တို့ကပါ လိုက်လံ ကြူးလွန်ကြပြီး ဗုံးဒဏ် အမြောက်ဒဏ်ကို မခံနိုင်ကြဘဲ တနေ့တခြားပျက်စီးနေခြင်းကိုလဲ သိကဲ့ကြသည့်အတိုင်း

ပါဘဲ။ ထို မိစ္ဆာဝါစာနဲ့ မိစ္ဆာကမ္မန္တ အလုပ်တွေကို ရပ်တန်းကမရပ်ဘဲ ထိမ်းသိမ်း စောင့်ရှောက်ခြင်း ကင်းကြရင်တော့၊ ထို ဗုံး,အမြောက်တည်းဟူသော ပရိက္ခရာတွေကြောင့် ရှေ့အဖို့၌ ဒုက္ခက လွတ်မြောက်ရန် မျှော်လင့်ချက် မရှိသလောက်ပါဘဲ။

သို့ ထို ကိစ္စက မည်သူ့ကို အပြစ်တင်ရန်လဲ - ဟု မေးလျှင်တော့ ဘယ်သူမပြု မိမိမှုချည့်ပါဘဲ၊ ဘာကြောင့်လဲဆိုရင် ခင်ဗျားတို့ ကျုပ်တို့ တတွေဟာ ငြိမ်းချမ်း သာယာစွာ နေချင်ကြတာကိုး၊ ထိုကဲ့သို့ အေးအေးချမ်းချမ်း နေချင်ကြတော့၊ တိုင်းပြည်တခုရဲ့ ငြိမ်သက်အောင် အုပ်ချုပ်မှုတွင် ကုန်းတပ်ကြီးလဲ လိုပါသေးသည်၊ ရေတပ်ကြီးလဲ လိုပါသေးသည်၊ မည်သူပင် မဆိုငြားတော့ အမှီထားပြီး ဘုရားတောင် ပွင့်ရပါသေးသည်လို့ ဆိုပြီး ပြောဟော၍ ဝါဒ ဖြန့်လာခဲ့တော့ ညင်းပါယ်နိုင်ခွင့် မရှိတော့ဘဲ လယ်ခွန်တော် အိမ်ခွန်တော် တွေမှစ၍ အစစအရာရာ အခွန်တော်တွေကိုပါ၊ ခင်ဗျားတို့ ဘတွေက ပေးပြီး အားပေးလာခဲ့ရတော့ အားလုံး အတူတူဘဲ ဖြစ်ကုန်ကြဘာပါဘဲ၊ အစည်းအဝေး-ခေါ်တဲ့ အခါ ဖေါက်ပြန်ရေးလား၊ သွေဖီရေးဘက်ကလား-ဟု ၎င်းတို့၏ ဝါဒစကားတွေအရ မေးမှာကို ကြောက်နေရသဖြင့် အစည်းအဝေးသို့ မသွားဘဲ မနေရဲကြဘူး မဟုတ်လား၊ နားအေး-အေး-နေချင်လို့ ကျောင်းသို့ ထွက်လာခါနီးများတောင် စည်းဝေးစရာရှိတယ်လို့ ဆိုလျှင် မင်းတို့ လုပ်သလို ဒို့လဲ အတူတူပါဘဲလို့ သဘောတူချက် ပေးပြီးမှ

လာခဲ့ကြရတာဘဲ မဟုတ်လား။

ထို ဝါဒ ဖြန့်နည်း အလုပ်တွေဟာ ယခုမှမဟုတ်၊ ရှေးယခင် လွန်လေပြီးသောအခါက ကောတမျ တိုင်း၌ **ကစ္စာယန ဘုရား, ဒေါန ပုဏ္ဏား နှင့် ပန္တဝ, ညီနောင်တို့ အထုပ္ပတ္တိ မှာ....** ဝါဒ-ဆိုတဲ့ " မိစ္ဆာဝါစာနှင့် မိစ္ဆာကမ္မန္တ " တို့ ကြောင့် တပည့်နဲ့ ဆရာ၊ အဖေနဲ့ သား၊ အစ်ကိုနဲ့ ညီ၊ အချင်းချင်း သတ်ဖြတ်ရသော စစ်ပွဲမျိုး၊ ယခုလောက် ကမ္ဘာ အနှံ့ အပြား မများသော်လည်း တစိပ် တဒေသ အားဖြင့် တွေ့ဘူးခဲ့ကြရတယ်၊ ထို့ကြောင့် သမ္မာဝါစာ နှင့် သမ္မာကမ္မန္တ မဂ္ဂင်ကို ဆန့်ကျင်၍ ချိုးဖေါက်ခဲ့လျှင် ဤမျှလောက် ဒုက္ခကြီးစွာ ရောက်ခဲ့ရခြင်းများကို သိရှိကဲ့ကြရပြီဖြစ်သည့် အတိုင်း မလွဲ မရှောင်သာ၍ စကား ပြောဆိုကြရသည် ရှိသော်ငြား။ လုပ်ကိုင်ရမည့် ပေါ် ပေါက်၍ လာသော အလုပ်တို့၌ငြား။ မိစ္ဆာဝါနှင့် မိစ္ဆာ ကမ္မန္တ မဖြစ်ကြစေဘဲ မှန်သော စကား၊ ကောင်းသော အလုပ်တို့၌သာလျှင် ပြောဆိုသုံးစွဲလုပ်ကိုင်နေထိုင်ကြပြီး သကာလ"ဓမ္မံ ဘထာဝါ အရိယောဝါ တုဏှိ ဘာဝေါ" အရ ကျင့်ကြံ၍ အထူး စောင့်ထိမ်း ကြိုးစား လုပ်ကိုင် ဆိုင်နေကြ ကုန်ရာသတည်း။

သီတင်းကျွတ်လဆန်း (၁၄) ရက်နေ့ ဟောသော

**ဓမ္မစကြာ, တရား**

**သမ္မာအာဇီဝ** အာဇီဝ-ဆိုတာ ဘာလဲ အသက်မွေးဘာ

**မဂ္ဂင်** အသက်မွေးမှုဘဲ၊ အသက်မွေးမှု ဆိုတာ

No. 24

ဘာလဲ ဒေါ်ဆွဲမိ၊ ရှာဖွေစားတာပါဘုရား....

ဟုတ်ကဲ့လား.... ဒေါ်သက်ရှည်၊ ဟုတ်ပါတယ်ဘုရား-၊

တကာမကြီးတွေ ဈေးရောင်းတာက ဘာလုပ်ထာလဲ အသက်မွေးမှုဘဲ မဟုတ်လား၊ ပွဲကြီးလျှော် လျှော်ရောင်းကြတာ ဘာလုပ်ထာလဲ၊ အသက်မွေးမှုဘဲ မဟုတ်လား အသက်မွေးမှုကို မြန်မာလို နားလည်အောင် ပြန်လိုက်တော့ ဘယ်လိုခေါ်မလဲ ဒေါ်အေးစိန်၊ မြန်မာမကြီးတွေ ဗမာလို မပြန်တတ်သေးတာက ခက်နေသေးတယ်။

ဒေါ်လှပိုင်း ပြန်လိုက်ဆန်းပါ"ဘယ်လိုမှမလျှောက်ကြ" ဒေါ်ဆွဲမိ-က တော်သေးတယ်၊ အသက်မွေးမှု-ဆိုတာ အလွန် ယဉ်ကျေးတဲ့ ရေးစကားဘဲ၊ ယခုကာလစကားလဲ ရှိသေးတယ်၊ မြန်မာလို ပြန်ကြစမ်းပါ၊ အမှန်က အသက်မွေးမှု-ဆိုတာ အသက်ခလေးမသေအောင် အသက်ရှင်နေအောင်စားဘို့ဘဲ၊ ပဲကြီးလျှော်ရောင်းတာ ဘာလုပ်ဘို့လဲ စားဘို့၊ တံငါသယ်လုင်ထာ ခါးမြတိုက်တဲ့အလုပ် အထည်ရောင်းတဲ့အလုပ်၊ အလုပ်မှန်သမျှအားလုံးတို့ဟာ စားဘို့ အသက်မွေးမှုတွေဘဲ၊ ကိုယ့်ဝမ်းအတွက် ၂ ရက်လောက်သာမစားဘဲ နေရရင်တော့ မနေနိုင်တော့ဘူးဘဲ ဘာအလုပ်ဘဲဖြစ်ဖြစ် အထက်တန်းက အောက်တန်းထိ ဘုရားသခင် ဆွမ်းခံရတာနဲ့ ခါးမြတိုက်ထာ တောထဲက ကျားကြီးတွေပါ အစာရှာရတာဟာ စားဘို့ အတွက် အသက်မွေးမှုတွေ အာဇီဝ,အလုပ်တွေ လုပ်နေကြတာပါဘဲ၊ အဲဒီရဲ့အသက်မွေးမှုကလေးဟာ သက်ရှိသတ္တဝါ

များ နေ့ရှိသမျှ လုပ်နေကြရာတွင်၊ ကောင်းသောနဲ့ မှန်သော ဖြစ်စေရမယ်တဲ့။ ဘုရားသခင်က ရဟန်းများကြတော့ ဘာကြောင့် လယ်ထွန်ခြင်း ကုန်သွယ်ခြင်း တို့ကို တားမြစ်ထားခဲ့သလဲ ထို အလုပ်တို့ကို လုပ်ကြရင် မှန်သောချည့် မဖြစ်နိုင်ခြင်းကြောင့် လူတွေထံက တောင်းစားကြပေတော့လို့ ဆိုပြီး ထို တောင်းစားတဲ့ အလုပ်တို့ကိုလဲ မှန်သောဖြစ်စေရမယ်လို့ မိန့်ဟာတော်မူခဲ့တယ်။

အကယ်၍ ကျုပ်တို့ ဘုန်းကြီးတွေ လယ်ထွန်၍ လုပ်ကိုင်စားရလျှင် ဘာပြစ်မှုတော့ မရှိပါဘူး၊ ကောင်းသောလောက်ကိုသာ ဖြစ်နိုင်ပြီး မှန်သော ဖြစ်နိုင်ရန် ခဲရင်းသဖြင့် မလုပ်ကိုင်ကြရန် တားမြစ်ခဲ့ခြင်းဘဲ၊ ဆွမ်းခံစားရတာတောင် အမှန်ဖြစ်အောင် လုပ်မယ်လို့ဆိုလျှင် ဆွမ်းခံသွားရာ၌ မိမိတကိုယ်အတွက် ဝလောက်အောင် ရတဲ့နေရာက လှည့်ပြန်လာရပြီး၊ နေ့ဘို့ ညစာ မထားရဘဲ အကုန်စား၍ သပိတ်ကို ရေဆေး မှောက်ထားပြီးနောက် သစ်ပင်ရင်း၌သွားရောက် နေထိုင် တရားအားထုတ်နိုင်မှ မှန်သောအလုပ် ဖြစ်ထာကိုး၊

ယခုခေတ်ကြတော့ ကျုပ်တို့လို အသက်ခလေး တော်တော်ကြီးလာတဲ့ ဘုန်းကြီးတွေဟာ ငါ ကျောင်းထိုင်ဘုန်းကြီးဘဲ၊ ငါ အကြီးဆုံးဘဲနဲ့ ဟိတ်, ဟန်ကြီးတွေလုပ်ပြီး ကိုယ်တိုင် ဆွမ်းခံရမဲ့ အလုပ်ကို မလုပ်ချင်ကြတော့ဘူး၊ အဲသည်တော့ ဘယ်မှန်သော ဖြစ်နိုင်ကြတော့မလဲ၊ ဘုရား ရဟန္တာ များကြတော့ ဘုရားသခင်

ကိုယ်တိုင် ဆွမ်းခံတော်မူတယ်၊ရှင်မဟာကဿပ,ကြီးနဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်တွေ လက်ထက်တုံးက တော့ တကာ, တကာမ, တို့က ဆွမ်းပင့်၍ ကြွေးနေတဲ့ နွေများတောင် ဆွမ်းမခံဘဲမနေ ကြဘဲ ကိုယ့်ဟာကို ဆွမ်း-ကိုယ်တိုင်ခံရအုံးမှ ကိစ္စပြီး ခဲ့တယ်၊ တခါကသာ မကျန်းမာခြင်းဖြစ်ထာနဲ့ ရှင်-သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးအတွက် အရှင် မောဂ္ဂလာန် ကိုယ်တော်က ပျားရည် ဆွမ်းကလေး ခံပေးခဲ့ ဘူးတယ်လို့ ကြားဘူးခဲ့ရတယ်။ ရပ်ရွာထဲက သံဃာ ငါးရာ, တထောင်, ဆွမ်းပင့်၍ ကြွေးပြန်လျှင်လဲ သပိတ် ကိုယ်စီယူလါကြပြီး ဈေးကပေါ်တဲ့ ရောက်ဂျိုကြီးတွေနဲ့ ညီညီမျှမျှ သပိတ်ထဲသို့ လောင်းထည့်၍ လှူလိုက်ကြတာ ဘဲ၊ မှန်သောမဟုတ်ဘဲ မှားသောဖြစ်သွားမှာကို စိုးရိမ် ကြလွန်းလို့ ကျုပ် သပိတ်ထဲကိုထပ်၍ ပိုပိုကလေး ထည့် လိုက်စမ်းပါလို့ ဘယ် ရဟန်းတော်များမှ မပြောမဆိုကဲ့ ကြဘဲ ဝိနည်းကိုရှိသေကဲ့ကြတယ်၊ယခုလုပ်နေကြတာလို စားပွဲခုန်ကြီးတွေနှင့် သံဃာ ငါးရာ,တထောင်,စာ ဆွမ်း ပြင်နေရရင်တော့ မိုးချုပ်သွားတော့မှာဘဲ၊ယခု ကျုပ်တို့ ခေတ်ကြတော့ ငဲ့ညှာစရာကလေးတွေကို ထောက်ထား ပြီး တပည့် ကျောင်းသားကလေးတွေ အတွက် ကျန် အောင်နဲ့ မွေးထားတဲ့ ခွေးနဲ့,ကြောင်,တို့ အဘို့ပါဆိုပြီး လမ်းဆုံးအောင် တန်းပေါက်ခံပြီး သပိတ်ပြည့်မှဘဲ ပြန်ခဲ့ ကြတော့ တာပါဘဲ.တခါတလေ မုန့်ပဲသရေစာနှင့် ငှက် ပျောသီး ကလေးများ ရလာရင် ငါ့တကာရင်း မည်သူ့

လာလျှင် ကြွေးဘို့ပဲ့ဆိုပြီး ချန်ထားတဲ့အလုပ်တွေကိုပါ လုပ်နေရလေတော့ ဘယ်မှာ မှန်သောအလုပ် ဖြစ်နိုင်ပါ တော့မလဲ၊ တကယ်တန်း မှန်သော အလုပ် ဖြစ်နိုင်ရန် ကတော့ ဘုရားရှင်ရဲ့ လမ်းစဉ်အရ သင်တန်းပြန်ပြီး ဆင်းကြအုံးမှဘဲ ဖြစ်တော့မှာဘဲ၊ လူ့လောက လူတွေ လုပ်နေကြတာလဲ ပဲကြီးလှော် ၁-ပိဿာလျှင် အရင်းက ၁-ကျပ်/ ကျတယ်၊ လုပ်ခ, ကိုင်ခ, ကူလီခ, အနေဖြင့် ဘမတ်အမြတ်ထားပြီး၊ ၁-ကျပ်/လေးပဲနှင့် ရောင်းပါ တယ်လို့ အမှန်အတိုင်း ပြော၍ ရောင်းကြရင် မှန်သော အလုပ် ဖြစ်ပါ၏။သို့သော် ထိုကဲ့သို့ အမြဲမှန်သော အလုပ် ချည့် ဖြစ်နိုင်ပါမလား။ ကျုပ်တို့ ဘုန်းကြီးတွေမှ မဖြစ် နိုင်လျှင် လောက လူတွေက သာ၍ မဖြစ်နိုင်ကြဘူးပေါ့ သို့သော် အပြစ်ပင် ရှိသော်လဲ ထောင်မကျလျှင် တော် သေးရဲ့ ဆိုတဲ့ အနေနဲ့ မှန်သော မဖြစ်နိုင်လျှင် ရှိစေဦး တော့ ကောင်းသော အလုပ်လောက်နဲ့ဘဲ ရောင့်ရဲ တင်း တိမ်၍ လုပ်ကိုင်နေကြရတော့ တာပါဘဲ၊ ဆွမ်းခံရတဲ့ အလုပ်ဟာ လောဘ, ဒေါသ, မောဟ, တရားတွေ နိမ် သွားအောင် တရားရစရာ အလုပ်တခု ပါဘဲ၊ ဘုရားနေ ဘုရားထိုင် အတိုင်း လုပ်ကိုင်သွားနိုင်လျှင်တော့ ကောင်း သောနဲ့ မှန်သော အလုပ်ဖြစ်နိုင်ပါရဲ့၊ သို့သော်- သာ မန်နဲ့မဖြစ် တော်တော်ခက်တဲ့ အလုပ်တွေဘဲ၊ ကျုပ်တို့ မန္တလေးနေခဲ့တုံးကတော့ သမ္မာအာဇီဝ ဖြစ်ခဲ့ပါတယ် နံက် ၆-နာရီကတည်းက ခဲခဲရင်းရင်း ဆွမ်းခံသွားလိုက် ရတာ ၉-နာရီထိုးမှ ကျောင်းပြန်ရောက်တော့ အများ

No. 25

ဆိုး ရကဲ့တဲ့နေ့ဟာ ဆွမ်းဟင်း ၃-ခွက်ဘဲ၊ အဲသည်လို ပဲပြုတ်ခလေးအစ၊ ဟင်းကလဲ ၃-ခွက်ထဲရပြီး တထပ် ထည်း လဲစားရပြန်တော့ နယ်ရင်းဖြတ်ရင်းနဲ့ဘဲ ကုန် သွားတော့တာဘဲ၊ ငွေညှာစရာ တပည့်ကလဲ မရှိလေတော့ သမ္မာအာဇီဝ ဖြစ်ခဲ့ရဘူးပါတယ်၊ ယခုတော့ငွေညှာမှုတွေ က များလာတော့ နှစ်ရာ့,နှစ်ဆယ်,ခွန်နှစ်သွယ်သော သိက္ခာပုဒ်တွေကို လုံချင် လုံပေမယ်လို့ သမ္မာအာဇီဝ တော့ လုံမှာ မဟုတ်တော့ဘူး၊ အဲဒီ ငွေညှာမှုတွေကြောင့် ဟို-ဟာကလေး ချန်ထားလိုက်၊ ဟို-ပစ္စည်းကလေးတွေ သိမ်းဆည်းထားလိုက်နဲ့ လုပ်နေကြခြင်းကြောင့် သူခိုး အခိုးခံရခြင်း၊ ဓါးမြ အတိုက်ခံရခြင်း အမှုတို့နှင့် ပွေ့ကြို နေရတာဘဲ၊ မှန်သော နေနည်းဖြစ်တဲ့ ဘုရားလက်ထက် က နေနည်းကတော့ ကိုယ်ပိုင်ဆို၍ သပိတ်နဲ့ပရိက္ခရာဘဲ ရှိတယ်၊ ပုဂံမရှိ ဖန်ခွက်မရှိ လဘက်ရည်ခရားမရှိ ပရိက္ခရာ အပြင် ဘာတခုမျှမရှိသည့်ပြင် ခါး၌ ဝတ်ထား တဲ့ သင်္ကန်းကလဲ သုဿာန်ရှိ လူသေတို့ထံက ကောက် ယူ၍ ဆိုးထားသော ဖြစ်သလို စပ်ဟပ်၍ မိမိတို့လက်နှင့် ချုပ်ထားတဲ့ သင်္ကန်းစုတ်တွေ သာလျှင် ဖြစ်လေသော ကြောင့် သူခိုး ဓါးမြတို့ကလဲ မျက်စောင်းမ မထိုးကြဘဲ သမ္မာအာဇီဝ မှန်သော အသက်မွေး နေထိုင်နည်း ဖြစ် သည့် အတိုင်း ဗဟိဒ္ဓ ရန်အပေါင်း ဒုက္ခ ဘေးတို့မှလဲ အေးသွားတော့တာပေါ့၊ သို့သော်လဲ ဂေါတမ,ဘုရေး တရားဟာ ၅-ပါးသီလ၊ ၈-ပါး၊ ၉-ပါး၊ ၁၀-ပါး,သီလတို့ လောက်တော့ တယ်မြန်ပါလား၊ တယ်လွယ်ပါလားလို့

အောင်းမေ့လောက်စရာ ပေမယ်လို့ ဟောဒီ တကဲ့အခြေခံဖြစ်တဲ့ မဂ္ဂင်-ကြတော့ သမ္မာအာဇီဝ-မှာ ခံနေပါလေရော အဲ-ဒါကြောင့် ဘုန်းကြီးများတောင် ထပဲပြီး သင်တန်းဆင်းရအုံးတော့မှာဘဲလို့ ပြောခဲ့ရခြင်းဘဲ၊ ယခုတော့ဖြင့် ကောင်းသောလောက်နဲ့ဘဲ နေပြီး မှန်သော နေထိုင်နည်းက မလွယ်လှသဖြင့် နောက်မှဘဲ သင်တန်းထပ်၍ ဆင်းတန် ဆင်းကြဘို့ဘဲ။

ဦးပဥ္စင်းတို့ မဟာဂန္ဓာရုံ ဆရာတော်ကြီးများ နေသွားပုံကတော့ ၄-တိုင်စင် ကျောင်းကလေးနဲ့ နေပြီး အပေါက်ခလေး တခုသာ ဖေါက်ထားတယ်၊ အဲဒီအပေါက်ခလေးက အချိန်ကြလျှင် ဆွမ်းခွဲကလေးကို သွားတင်ထားရတာဘဲ၊ ဆွမ်းချည့် တင်ထားလဲ ဆွမ်းတမျိုးထဲစားပြီး မည်သူကိုမျှ စကားမပြောဘဲ နေတော့တာဘဲ။

**သမ္မာဝါယာမ,မဂ္ဂင်** ၎င်းမဂ္ဂင်က ဘာလဲ၊ဝါယာမဘဲ ဝါယာမ-ဆိုတာ ဝီရိယ-ဘဲ၊ ထိုဝီရိယ-ဟာ မဂ္ဂင် အားလုံးတို့အတွက် လှည်းမှာ တပ်ထားတဲ့ ဝန်ဆောင် နွားလားကြီး ၂-ကောင်ကဲ့သို့ ဘဲသို့ ဥပမာ ပေးထား၏ သူကလဲ ကောင်းသောနဲ့ မှန်သော ထို ၂-ခုကို အခြေပြုပြီး ဝါယာမ စိုက်ကြဘို့ဘဲ။

**ဝါယာမ,မဂ္ဂင်-၏ အခြေခံကတော့**

၁။ ဥပ္ပန္နာနံ။ ။ အ,ကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော၊

ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ရန် ကြိုးစားတဲ့။

၂။ အနုပ္ပန္နာနံ ။ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါယာမော၊
မဖြစ်သေးတဲ့ အကုသိုလ် တရားကို မဖြစ်ရန် ကြိုးစားတဲ့။

၃။ အနုပ္ပန္နာနံ။ ။ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာမော။
မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်အောင် ကြိုးစား။

၄။ ဥပ္ပန္နာနံ။ ။ ကုသလာနံ ဓမ္မာနံ ဘိယျော ဘာဝါယ ဝါယာမော။
ဖြစ်ပြီးသော ကုသိုလ် တရား တို့ကို တိုးပွါးအောင် ကြိုးစားတဲ့။

ဤင်း သမ္မပ္ပဓာန် တရား ၄-ပါးကို ဟောတော်မူခဲ့၏။ သို့သော် ထို သမ္မပ္ပဓာန် တရား ၄-ပါးအရ မဖြစ်သေးတဲ့ အကုသိုလ်တရားမဖြစ်အောင်နှင့် မဖြစ်သေးတဲ့ ကုသိုလ် တရားဖြစ်အောင် အားထုတ်ကြရန် နားလည်သိရှိ လုပ်ကိုင်တတ်ကြသော်လည်း ဖြစ်ပြီးသား အကုသိုလ်တရားများနှင့် ပြုလုပ် ဖြစ်ရှိ ပြီးခဲ့သော ကုသိုလ် တရား တို့ကို တိုးပွါးအောင် ကြိုးစားရမည်ဟု ဆိုရာ၌ ဖြစ်ပြီးသော

အကုသိုလ်တရား၊ ဖြစ်ပြီးသော ကုသိုလ် တရား တို့က ဘယ်အနား နေသလဲ-ဟု သိရှိကြရန် လိုလာ၏၊ ရှိသော နေရာကို သိကြမှ ပါတ်တတ်မည်၊ ပွားများ ဖြည့်စွက် တတ်ကြမှာကိုး၊ ထို တရားတွင် မိခိုဌ်ရှိသော ဟာဒယ ဝတ္ထုရုပ်ကို ပဌမ နားလည်ထားကြရမည်၊ ထို ဟာဒယ ဝတ္ထုရုပ်သည် အာရုံ ၅-ပါးတို့ကို သိမှီး သိမ်းဆည်း ထားရာ ဌာနဖြစ်၏။ စ-သ-ဃ-ဇ-က,တို့က ပြုလုပ်ထား သော အကုသိုလ်, ကုသိုလ်,တရားတို့ဟာ ဟာဒယ ဝတ္ထု မှာ ထင်နေတော့၏။ ၎င်း ထင်နေသည်တို့ကို မကောင်း လျှင် ဖျက်ပြစ်ရမည်ဖြစ်၏။ဥပမာ မကောင်းသောတရား ဝင်လာလျှင် ဟာဒယမှာ ဝ-လုံးထင်သည်၊ ကောင်းသော တရားဝင်လျှင် က-လုံးထင်နေသည် ဆိုကြပါစို့၊ လက် နှိပ်စက်နှင့် စာလုံးများ ရိုက်သကဲ့သို မျက်စိ,နား,နှာ လျှာ-နှင့် ကိုယ်တို့က အောက်ခံ ဟာဒယ ဝတ္ထုရုပ်ပေါ်ကို မကောင်းသော အာရုံ အကုသိုလ် တရားဝင်က ဝ-လုံး တွေ ထင်နေမည် ဖြစ်၏၊ ကောင်းသော အာရုံ ကုသိုလ် တရားဝင်လျှင် က-လုံးကို ထင်၏၊ ထိုကဲ့သို့ အရင်ထင် နေသော ဝ-လုံး တရားတွေသည် မကောင်းမှန်းသိကြ၍ နောက်ထပ်ထင်မည်၊ ဝ-လုံးကို မရိုက်မိစေဘဲ၊ ထင်ပြီး သော ဝ-လုံးတို့အပေါ် ကောင်းသော က-လုံးတရား ထပ်၍ ထပ်၍ ရိုက်ခဲ့သော် မူလ ရှိရင်းစွဲ ဝ-လုံးပျက်၍ က-လုံးသာလျှင် ထင်နေတော့မည် ဖြစ်၏၊ ထို့ကြောင့် အားထုတ်ကြိုးစားရမည့်တရား ၄-ပါးအနက် မကောင်း တရား ပါယ်ရန်နှင့်၊ ကောင်း,တရား တိုးပွားအောင်

ပြုလုပ်ရန်မှာ“**ဟဒယ**”ကို မှတ်တည်ထား၍ စ-သ-ယ-ဇ-က တို့မှ မကောင်း,တရား၊ကောင်း,တရား ဝင်တတ်ပုံများကို သဘောပေါက်၍ အားထုတ်ကြရမယ်၊ လောကီ,လောကုတ္တရာ အလုပ်ဟူသမျှ တို့၌ သူမပါလျှင် မပြီးကြောင်း သိထားကြရမယ်၊ လောကထဲ၌ တကာမကြီးတို့ ဈေးထွက်ရောင်းကြရာမှာလဲ ‘ဝါယာမ’ ဆိုတဲ့ လုံးလ ဝိရိယ မရှိဘဲ ပျင်းရိ၍ နေရင်တော့ ကိုယ့်ရဲ့လိုလားချက်မပြည့်စုံတော့ဘူးဘဲ၊ ထို လုံးလ-ဆိုတဲ့ ဝါယမပါမှ-ဟု မြင်ထားပြီး ဆုံးဖြတ်ချက် ချထားမှ အောင်မြင်အောင် အားထုတ်နိုင်မယ်၊ မဂ္ဂင်တိုင်းကို အားထုတ် လုပ်ကိုင်နိုင်အောင် ဒါနပြုမှုအတွက် သီလ ဆောက်တည်မှုအတွက် ဟောဒီ ဝါယာမ ဝိရိယနှင့် ပြည့်စုံလျှင် လောကီ,,လောကုတ္တရာပါ မှန်သော ကောင်းသော အလုပ် ၂-ရပ်လုံးနှင့် ပြည့်စုံနိုင်ပါတယ်။ ယခုလုပ်လို့ ယခုရမျိုးမဟုတ်ဘဲ အမြဲမျှော်လင့်ချက်နှင့် လုပ်မှလဲ ဝါယာမ ဖြစ်နိုင်တယ်၊ ဥပမာ မြို့ထဲရှောက်သွားလျှင် စ-သ ယ-ဇ-က, တို့သည် မကောင်းတဲ့ အာရုံ ၅-ပါးတို့ တတွေ့နှင့် တွေ့ကဲ့လျှင် သမ္မာဒိဋ္ဌိ အလင်းရောင် ဆလိုက်နှင့် ရုပ်ပါရုံတွေကို အမှန်အတိုင်း မြင်အောင် ထိုးကြည့်ပြီး မစွဲအောင် မကပ်ငြိအောင် ဝါယာမ လုံးလနဲ့ ဆွဲယူနိုင်စေရမယ် သို့မှသာလျှင် တကာမကြီးတွေ ဂျောက်ထဲ အကျ မခံကြရမယ်၊ အဲဒါကြောင့် မပျင်းကြနဲ့ ဝိရိယရှိကြ၊ ဝိရိယ တိုက်ပွဲမှာ ငပျင်းဆိုတဲ့ ဟို အကောင်ကို မနိုင်ရင်တော့ ဂျောက်ထဲက မတက်နိုင်ဘဲ နေကြမှာဘဲ၊ ယခုတော့ အလုပ်ခလေး

တခု လုပ်မဲ့ကြိုလျှင် ဆေးပေါ့လိပ်ခလေးအရင်သောက်လိုက်ချင်သေးတာနဲ့ ဘာကလေး စားချင်နေသေးတာနဲ့ဘဲ အချိန်ကုန်လာခဲ့ကြတယ်၊ ဆေးပေါ့လိပ်ခလေး ခဏဖယ်ထားပြီး ဝါယာမ လုံးလကလေးလဲ စိုက်ကြအုံးမှပေါ့၊ ယခုတော့ တရားလာနာကြဘာ နာတာဘဲ ရှိနေကြသေးတယ်၊နောက်သတင်း သမ္မာသတိနဲ့သမ္မာသမာဓိ မဂ္ဂင်ကြရင်တော့ တကာ့မကြီးတွေကို လုပ်ငန်းရဲ့လမ်းစဉ်ကို ပေးတော့မယ်၊ ပျင်းရိမှုနဲ့ ဝါယာမဆိုတာနဲ့ ကတော့ အမြဲဘဲ တိုက်ပွဲဖြစ်နေတာဘဲ၊ ယခုနေ့လို မိုယ်းမပြတ်ရွာပြီး လမ်းဆိုးနေတဲ့အခါ ကျောင်းရောက်လာတဲ့လူစုဟာ မောင်ပျင်းကို တိုက်ပြီး ဝါယာမက နိုင်လာလို့ယခု တရားနာနေကြတဲ့ လူစုတွေတော့ဖြင့် ချီးကြူးရမှာပေါ့လေ၊ မနိုင်လို့ အရှုံးပေးပြီး အိမ်မှာ ကုသိုလ်လဲမရ ခွေခွေကလေးအိပ်နေကြတဲ့ သူတို့တော့ သနားစရာပေါ့ ထိုကြောင့် မိမိဘဝရဲ့ အောင်မြင်ရေးဖြစ်အောင် သမ္မာမှန်သော၊ ဦဝ၊ အသက်မွေးမှုတွင် မှန်သော ကောင်းသော အသက်မွေးမှုနှင့် နေထိုင်ကြလျက် ရှေ့တက်လမ်းတွင်လည်း၊ သမ္မာ၊ မှန်သော ဝါယမ လုံးလ ဝိရိယနှင့်ပြည့်စုံကြအောင် မောင်ပျင်း တည်းဟူသော အမှောင်တရားကို တော်လှန် ပါယ်ဖျက် သုတ်သင်ကြ ကုန်ရာသတည်း။

## သီတင်းကျွတ်လပြည့်ကျော် (၄) ရက်နေ့ ဟောသော "ဓမ္မစကြာ" တရား၊

**သမ္မာသတိ** မဂ္ဂင်-နှင့် **သမ္မာသမာဓိ၊** သမ္မာသတိ ဆိုတာ မှန်သော ကောင်းသော သတိ အမြဲရှိကြဖို့ဘဲ၊လောက ထဲ၌ ကုန်နုပ် ရောင်းစားတဲ့ လူများ ထို သတိသာ လိုမှာဘဲ အဲဒီ သတိကို အပ္ပမာဒေါ၊ သတိ အမြဲရှိစေရမယ်၊ သတိ အမြဲရှိတဲ့ လူဟာ မသေနိုင်ဘူးတဲ့၊ ပမာဒေါ မစ္စုနောပဒံ သတိမရှိ တဲ့ လူဟာ အမြန်သေရမယ်လို့ ဗုဒ္ဓဘာသာ တရားက သတိကို၊ အပ္ပမာဒေန သမ္ပါဒေထ-ဟု ပဓါန ထား၍ ဟောတော်မူခဲ့တယ်။ဘယ်လောက် သတိ ရှိရမလဲဆိုရင် တနှစ်မှာ ၁၂-လ, တလမှာ ရက်ပေါင်း-၃၀။ ၁၂-လမှာ ရက်ပေါင်း ၃၆၀-ရက်၊ တရက်မှာ ၂၄-နာရီ၊ တနာရီ လျှင် မိနစ် ၆၀၊ တမိနစ်လျှင် စက္ကန့်ပေါင်း ၆၀-ရှိရာ၌ အဲသည့် စက္ကန့်တိုင်း မိနစ်တိုင်း ရက်တိုင်း လတိုင်း နှစ် တိုင်း ဘယ်အချိန် ဘယ်ကာလမှ မလစ်စေရ၊ စက္ကန့် တိုင်း ကစ၍ အချိန်အပြည့် သတိ ရှိစေရမည် ဖြစ်၏။ အခြားနိုင်ငံအချို့ ဘာသာတို့ကတော့ **Once a week religious.** ခုနှစ်ရက် တပါတ်တနက်နွေနေ့၌သာ ဘုရား ကျောင်းသွားပြီး ကျန်ရက်တွေမှာ ဘယ်လိုဘဲ နေနေ ဘာကိုဘဲလုပ်လုပ် လုပ်ချင်ရာလုပ်နိုင်တဲ့ သတင်းတပါတ် ဘာသာဘဲ၊ အချိန်ပြည့် သတိနဲ့ တရား အဲ့ထုတ်ရမယ် ဆိုတဲ့ ကျုပ်တို့ ဗုဒ္ဓဘာသာဝင်များလဲ သတင်းပါတ်

ဘာသာ သမားများကဲ့သို့ အလားတူ ဖြစ်နေကြတော့ တာပါဘဲ၊ ဘာကြောင့်လဲ ယခု ဗုဒ္ဓဘာသာဝင်တွေ ဖြစ်တဲ့ တကာမကြီးတွေရဲ့ လုပ်နေပုံတွေ ကြည့်လိုက်တော့ သတ်မှတ်ထားတဲ့ ဥပုသ် အဖိတ်နေ့ကြမှ ဈေးထဲသွားပြီး နောက်နေ့ ကျောင်းရောက်တဲ့အခါ စားဘို့ဆိုပြီး စားချင်တဲ့ အမဲသား, ငါးတွေ, အကုန်ဝယ်၊ နောက်နေ့နံက်၌ ချက်ပြုတ်ကြ၍ ကျောင်းသို့ ယူလာ စားလား သောက်လား လုပ်ကြ၍ ညနေကြ အိမ်သို့ ပြန်ကြပြီး နောက် သတင်းအဖိတ်နေ့ရောက်လာပြန်တော့တောင် ကိုယ်တိုင် သတိ မရကြဘဲ၊ အိမ်နားနီးခြင်းက လှမ်း- သတိပေးမှ သတိရလာပြီးဟုတ်ပါတော် ဟင်းချက်စရာ ငါးချောက် ခလေးတောင် မဝယ်ရသေးဘူးဟဲ့ ဘာဟဲ့နဲ့ ဈေးသို့ တဖန်သွားရောက် ကြိုက်ရာတို့ကို ဝယ်ယူချက်ပြုတ် စားသောက်တဲ့ အလုပ်တွေလောက်ကိုဘဲ လုပ်နေကြသဖြင့် အဖိတ်နေ့၌ သာ၍ ဈေးရောင်းကောင်းခြင်း၊ ဈေးရောင်းတဲ့ တကာမကြီးတွေက သာ၍ သိကြမှာပေါ့၊ အဲသည်တော့ သူများရဲ့ ဘာသာရေး၌သာ သတင်းပါတ် ဘာသာမထင်နဲ့ တကာမကြီးတို့ ဗုဒ္ဓဘာသာလဲ သတင်းပါတ် ဘာသာဘဲ၊ ဘာမှ သွေးကြီး မွေးကြီး မလုပ်ကြနဲ့ အတူတူဘဲ၊ အဲဒီလို သတင်းပါတ်နေ့ကြခါမှ ဝတ်ကောင်း စလှတွေ ဝတ်ဆင်၍ လာရောက်ကြလျက် ပါလာသော ဟင်းကောင်း ဟင်းမွန်တို့ကို ဗိုက်ကားအောင် စားပြီး ပြန်ပြန်သွားလေ့ရှိတဲ့ အလုပ်တို့ကို လုပ်နေကြခြင်းသည် FANCY AND VANITY FAIRS.

No. 27

ဖင်းဆီးနှင့် ဘဲနတီး ဖဲယား-ခေါ်တဲ့ ဝတ်ကောင်း စလှ ဘာသာခေါ်တယ်၊ လှလှကလေး ဝတ်လာကြပြီး လှလှ ဝဝစား ကောင်းကောင်းအိပ် ပြန်ကြတာဘဲမဟုတ်လား ဂေါတမ,ဘုရားသခင်ရဲ့ တရားက ဤသို့မဟုတ် အချိန် ပြည့် အမြဲဘာသာဖြစ်ပါစေတဲ့၊ သို့မည်သူလုပ်နိုင်မလဲလို့ မေးရင်တော့ အားထုတ် လုပ်နိုင်ကြသူ နဲ့သပေါ့၊ သို့ရာ တွင် တောင့်တကြသည့် အတိုင်း နိဗ္ဗာန်ကို တကယ် လိုလားကြ၍ သုခ,ချမ်းသာ ရလိုကြရင်တော့ ဘုရားရဲ့ အလိုကြ အားထုတ် ကြရမှာဘဲ၊ သို့သော်လဲ ကျုပ်တို့ ဘုန်းကြီးများတောင် အစတုံးကတော့ အမ္ဗဋ္ဌာန်နဲ့ပေါ့ လေ **WHOLE TIME WORKER.** အရှင်ဘုရား သာသနာမှာ အချိန်ပြည့် လုပ်ပါရစေလို့ ဝန်ခံပြီး လုပ်ခဲ့ တာပါဘဲ၊ ယခုတော့ ရဲဘော်ဝါတွေ လုပ်ထာနဲ့ အလွန် တူနေတယ်၊ အစတုံးကတော့ အချိန်ပြည့် အမ္ဗဋ္ဌာန်နဲ့ လုပ်ပြီး ဝင်ခဲ့ကြတာပါဘဲ၊ သို့သော်လဲ ခင်ဗျားတို့ ဒါယ ကာ ဒါယကာမတွေက ဘုန်းကြီးတွေ အချိန်ပြည့် မလုပ် ချင်လျှင် နေပေစီလေ ဆိုပြီး မျက်နှာသာပေးလျက် ဝတ် ဘို့ သင်္ကန်းနှင့် အသုံးအဆောင် အမျိုးမျိုးတို့ကလဲ လို- သလို အသာကလေး ရ-ရ-နေတဲ့ အပြင် စားစရာ ဆွမ်း ဘောဇဉ် ဆိုတာကတော့ နံက်တချိန် နေ့တခါ ဖူလုံစွာ စားနေရလေတော့အချိန်ပြည့် **Whole Time Worker** အလုပ် လုပ်ပါမယ်သို့ ဝန်ခံလာခဲ့ကြတာ ယခုအခါ၌ ဘာကို ဘယ်လို လုပ်နေကြသလဲဆိုရင် နံက်စော အိပ်ရာ က ထပြီး နံက်စာ စားကြ၍ နေ့ဆွမ်းအတွက် ဆွမ်းခံကြ

ပြန်အလာ တရားအလုပ်ကိုလုပ်နိုင်ကြလိမ့်အုံးမယ် မထင် နှင့် ပါလာတဲ့ ဆွမ်းဟင်းက အေးနေသဖြင့် နွေးရတာ နဲ့ အချိန်ကုန်၊ နေ့ဆွမ်းစားပြီးလဲ တရေးတမော ကြိမ်း စက်ရတာနဲ့ တရား၌ အားထုတ်ရန် နေ့အဘို့ မအား သော်လဲ ညကြတော့ သာအိပ်သေး ဆိုတဲ့ အလုပ်တွေနဲ့ အချိန်ကုန်နေကြတော့ တာပါဘဲ၊ ဘုရားသခင်ကတော့ အပ္ပမာဒေါ အမတံ ပဒံ၊ သတိရှိခြင်းသည် မသေ၊ ပမာ ဒေါ မစ္စုနော ပဒံ၊ သတိမရှိခြင်းသည် သေ၏-ဟု အမြဲ သတိတရားနဲ့ နေကြရန် ဟောတော်မူခဲ့ခြင်းဘဲ၊ ထို.... အလုပ်ဟာ လောကုတ္တရာ အလုပ်မှ မဟုတ်၊ လောက ထဲ၌ ကုန် ကူးသန်းရောင်းဝယ်၍ နေကြသောသူများပင် အချိန်ပြည့် သတိမရှိ၊ စာရင်းမလုပ်ဘဲ မေ့မေ့ ရော့ရော့ နေကဲ့ကြမူ တော်တော်ကြာ ဒေဝါလီ ခံရမဲ့ အလုပ်မျိုး ဖြစ်သွားတတ်ခြင်း ဖြစ်တတ်သောကြောင့် အမြဲ သတိ ရှိကြစေရမယ်။

ရန်ကုန်မြို့ ဆီရောင်းစားလာတဲ့ အညာသားကြီး ဦးဘိုးသာ့တို့ကြတော့ ပိုက်ဆံရှိလာလို့ကြွားချင်ရင်သာ တမင်ကြွားပေမယ်လို့ သူ့အိမ်သွားကြည့်တော့ ယခုတိုင် သတိကို လက်ကိုင်ထားပြီး မြေအိုးကလေးနဲ့ ချက်ပြုတ် စားတုံးဘဲ ရှိသေးတယ်၊ လောကထဲ၌ ဘယ်အလုပ်တွေ ဘဲ ဖြစ်ဖြစ် လယ်လုပ်စားကြတဲ့ လူတွေဘဲဖြစ်ဖြစ် လယ် ထည်းသို့ တခေါက်ရောက်တိုင်း ဝက်လာပင်ကို တခါ နှုပ်ပြစ်တဲ့အလုပ်ကို သတိနဲ့ လုပ်ကြလျှင် စပါးတွေရလာ ကြရောပေါ့၊ အဲဒီလို အရာရာမှာ လေ့ကျင့်ခမ်း သတိ

လုပ်ကြရမယ်၊ လေ့ကျင့်ခမ်း သင်တန်းဆိုတာ ဘာဘဲ အထူးအဆန်း မဟုတ်ပါဘူး၊ ကမ္ဘာကြီး တခုလုံးဟာ ဒါဘဲ လုပ်နေကြတာပါဘဲ၊ သို့သော်.... ဘုရားတောင် မေ့မောအောင်ဟောပြီး အလျှော့ပေးနေရတဲ့လူတွေ ဖြစ်နေ ရင်တော့ ခက်ထာပေါ့၊ လုပ်ရမဲ့အလုပ်ကတော့ ဆီအိုး ကြီးမဖိတ်အောင် ရွက်နေရတဲ့လူလို ဆိဖိတ်လျှင်အသတ် ခံရမယ်ဆိုတာမျိုး လုပ်ကြရမဲ့ သတိဘဲ၊ ယခုတော့ သတင်းတပါတ် ဥပုသ်ဘဲ ဖြစ်နေကြသည့်ပြင် ကျောင်း ရောက်လာတဲ့ နေ့ကလေးတောင် နံက်ခင်း၌ ရှစ်သောင်း လေးထောင် အကျိုးမရှိတဲ့ ရပ်ရွာက စကားတွေစုပြော တော်တော်ကလေး နေမြင့်တော့ ထမင်းစား ထမင်းစား ပြီးအိပ် အိပ်ရာကနိုးလာတော့ တောင်မြောက်လေးပါး ရောက်ပြီး အကျိုးမဲ့လေပန်းနေတဲ့ စကားတွေ ပြောဆို နေကြခြင်းကိုသာ ကြားနေရတယ်၊ ကျောင်းရောက်လာ တဲ့နေ့မှာ စားခမ်း သောက်ခမ်းနှင့် ပြောခမ်းတွေအပြင် ၂-နာရီလောက်တော့ အလုပ်,လုပ်ကြရန် အချိန်ရနိုင်ပါ တယ်၊အလုပ်,လုပ်တဲ့အချိန်တော့ ရှိစေကြရမယ်၊ အလုပ် လုပ်တယ်ဆိုတာ နာရီကိုကြည့်ဘို့ မဟုတ်ပါဘူး၊ ဟော သည်၊မိမိနှာခေါင်းဖျားကလေးကိုလေတိုးတာသိအောင် လုပ်ကြရမယ်၊ ထို ၂-နာရီအတွင်းမှာ မိမိ၏နှာခေါင်းကို လေတိုးတာ မပြတ်သိကဲ့လျှင် နောက်မှ သမာဓိ တရား ဘာ ထက်ချပ်မကွာ လိုက်ပါလာခဲ့ တာပါဘဲ၊ အဲသည်လို တနေ့တချိန် သတ်မှတ်ထားပြီး အိမ်မှာနေတဲ့ နေ့များလဲ လုပ်နိုင်ကြပါတယ်။ ယခုတော့ တမင်ကလာ ကျောင်း

ရောက်လာကြသော်လဲ ငါ့ ဥပသကာတွေ ဘာများလုပ်ကြမလဲလို့ ကျောင်းပေါ်က ကြည့်နေလိုက်ပါ မောင်းတိုင်က၊ ဦးလေးမောင့်တို့များ လဘက်ရည်အိုး စောစော မတယ်နှင့်ကောင်းလားလို့ ကိုရင်တွေကို ဆူနေသံကြားရလေတော့၊ ငါ့ လူတွေ တရားအလုပ် စောစောများ အားထုတ်မလားလို့ ကြည့်နေမှိတာ၊ သူတို့ရဲ့ ပဋ္ဌမဆုံး လဘက်ရည် အရေးကြီးနေသံ ကြားရတော့ အော် ငါ့ ဥပသကာတွေဟာ သည်လိုကိုး သို့ သိရတော့ တာပါဘဲ၊ သတိကို ဘာကြောင့် မမေ့အောင် လုပ်ကြရသလဲ အမှန်ကကိုယ်၏ သေမဲ့နေ့ သေမဲ့အချိန်ကလေးကို မသိကြလို့ မလစ်အောင် လုပ်ကြရတာဘဲ၊ သိထားနှင့်ရင်တော့ ကိစ္စမရှိ အမှုမဲ့ အမှတ်မဲ့ လစ်လစ်နဲ့ဘဲ နေနိုင်ပါတယ်။ ယခုတော့ တကယ်သိရမဲ့ သတိကို အမှတ်မရကြဘူး၊ ဘိုင်စကုတ်နဲ့ ပွဲကြည့်ဘို့ဆိုတဲ့ သတိမျိုးကြတော့ ဘစက္ကန့်မှ အလစ်မခံကဲ့ဘဲ အိမ်၌ ညှိသည်ရောက်နေတာတောင် လဘက်ရည်တိုက်လိုက်ပါ ဘာလုပ်လိုက်ပါနဲ့ မှာကဲ့ပြီး ရုပ်ရှင်နဲ့-ပွဲ အမှီပြေးတော့တာဘဲ သမ္မာမှန်သော သတိ၌လဲ မလစ်အောင် အမြဲရှိစေကြရမယ်။

**သတိဆိုတာ မှူရင်းကတော့ သတိပဋ္ဌာန် ၄-မျိုးပါဘဲ။**

**၁။ ကာယ နုပဿနာ သတိ၊ ကိုယ်၌ သတိရှိခြင်း။**
**၂။ စိတ္တ နုပဿနာ သတိ၊ စိတ်၌ သတိရှိခြင်း။**
**၃။ ဝေဒနာ နုပဿနာ သတိ၊ ခံစားခြင်း၌ သတိရှိခြင်း။**
**၄။ ဓမ္မာ နုပဿနာ သတိ၊ တရား၌ သတိရှိခြင်း။**

ထို အရင်းခံ သတိပဋ္ဌာန် ၄-မျိုးမှာ ကိုယ်နဲ့အလုပ် စိတ်နဲ့အလုပ်-တို့ကို ပဋ္ဌမ,သိအောင် လုပ်ကြရမယ်၊ ဥပမာ စကားပြောတော့မယ်ကြီုလျှင် ငါ ဘာကြောင့် ပြောမလဲ၊ ပြောကဲ့ပြန်လျှင် ပြောသောစကား၌ လောဘ စိတ်,ပါသလား၊ ဒေါသစိတ်,ပါသလား သိစေရမယ်၊ ဒေါသစိတ် ဖြစ်မှန်းသိတော့ မဖြစ်အောင် ဆင်ချင်လာ တဲ့အခါ လူရိုင်းတွေ မဖြစ်တော့ဘူးပေါ့၊ ဒေါသဆိုတာ ဖြစ်တဲ့အခါ ဖြစ်ကြဘာပေတယ်သို့ ဖြစ်မှန်းကို သိမှ နှိမ် တတ်တယ်၊ ဖြစ်မှန်းသိအောင် လုပ်၍ နှိမ်ကြရမယ်။ နှိမ်ပါများလာတော့ ပျောက်သွားနိုင်အောင် ဖြစ်စေရ မယ်၊ စိတ်ဆိုတာ တာ်ခုဘဲရှိ၏၊ သို့သော် အရောင်အမျိုး မျိုးသုတ်ထားခြင်းကြောင့် များနေ၏။ စိတ်ဓါတ်အင်အား ဆိုတာလဲ ရှိသေးတယ်၊ စိတ်ဓာတ်အင်အားကြီးကြောင်း သိချင်ရင် စိတ်အလိုကို လိုက်ပြီး ထ၍ ယူစရာရှိတိုင်း စားစရာရှိတိုင်း သွားစရာရှိတိုင်း ရပ်တရက် ထ,မယူ ထ,မစား ထ၍ မသွားဘဲ ချုပ်တည်ပိတ်ပင်ထားလိုက် လျှင် ဘာမျှမဖြစ်ဘူးဟုဆင်ရသော်လဲ ဥပမာ ရေမြောင်း ရေကန်ကို ပိတ်ထားလိုက် သကဲ့သို့ အားဖြစ်လာတယ်၊ စ-သ ဃ-ဇ-က,တို့နှင့် ရူပ, သဒ္ဒ, ဂန္ဓ, ရသ ဖေါဋ္ဌဗ္ဗ-တို့ တိုက်ဆိုံကြတိုင်း လောဘ,ဒေါသ,တရားတို့ကို သတိနှင့် ပိတ်ပိတ်ထားလိုက်လျှင် စိတ္တအစဉ်မှာ သံဝရမှု များလာ တော့ စိတ်ကလဲ အသိဓါတ်ခလေးနဲ့ဘဲ ကြာတော့ တန် ခိုးပါဝါ ရင့်လာပြီး အရှိန်တွေတိုးလာနိုင်တယ်၊ထိုကဲ့သို့ သံဝရ လုပ်ပါများ၍ လက်သေလာလျှင် စုမိသော တန်

ခိုးပါဝါတွေနှင့်တကွ တည်ငြိမ်သော သမ္မာသမာဓိ ဖြစ်လာတော့၏။အဲသည် သမ္မာသမာဓိ ဖြစ်လိုလျှင် ဟောဒီ သတိက စ၍ လုပ်ကြရမယ်၊ ကိုယ်တိုင် သေချာအောင် မသိလိုက်ဘဲနဲ့ ကြည့်လိုက်ခြင်း ကြားလိုက်ခြား ထိလိုက်ခြင်းအမှုတို့ကို မဖြစ်စေရ၊ အားလုံးကို အသိပေးပြီး ဖြစ်စေမှ မကောင်းတရား ဝင်လာလျှင် မကောင်းမှန်းသိပြီး နွားများကို ကြိမ်သပြာနဲ့ သတိပေးရသည့်အလား မလုပ်နဲ့ မလုပ်နဲ့ဆိုတဲ့အသိက နောက်မှလိုက်ပြီး ပါယ်ဖျက်ပြစ်နိုင်စေရမယ် ဝိရိယ ဆိုတာလဲ၊ ဝန်ဆောင် နွားလားကြီးနဲ့ တူတယ်တဲ့၊ သတိ တည်းဟူသော ကြိုးနဲ့ ဝိရိယ တပ်ပြီး ဆွဲယူလျှင် လယ်ကန်သင်း ကျောင်းရတဲ့ နွားနှင့် လှည်းတပ်မောင်းတဲ့ နွားများလို ကြိုးဆွဲပါများလာတော့ ကြိုးနောက်ကို ပါလာပြီး အကျင့်ရလာကြတာဘဲ၊ကျုပ်တို့ တကာကြီး ဘိုးရွှေထပ်ဆိုတာ နွားမောင်းကောင်းပေါ့၊ ပဌမတော့ နွားကို ကြိုးနှစ်ချောင်းတပ်ပြီး ကြိမ်သပြာနဲ့တို့၍ မောင်းကျင့်ပေးတယ် နောက်ကျင့်ပါများလာတော့ ကြိုးမတတ်တော့ဘဲ ဟဲ့လို့ ဝေါက်ထာနဲ့ ကျင့်ပေးထားတဲ့ အတိုင်း ဖြောင့်ဖြောင့်ကြီး သွားတော့တာဘဲ၊ နွား-သတ္တဝါတောင်မှ ကြိုးနှစ်ချောင်းနဲ့ ကျင့်ပေးရုံဖြင့် ယဉ်ကျေးလာသော်လဲ ကျုပ်တို့ လူသားတို့မှာ ကြိုး ၆-ချောင်းရှိပါလျက် ထောင်ထဲရောက်နေကြတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ သတိဆိုတဲ့ တရားနဲ့ လမ်းမှန်အောင် မကျင့်ကြလို့ မယဉ်ကျေးဘဲ ဖြစ်နေကြတာဘဲ တိရိစ္ဆာန် မျောက် သတ္တဝါများတောင်မှ ဒုတ်နဲ့ သတ်

ပေးပြီး သင်ထားတော့ ၃-ချက်ခေါက်လျှင် ကျားခေါင်းကလေးကို ဆောင်းလိုက်၊ ၄-ချက်ခေါက်လျှင် ခုန်လိုက်ဆိုတဲ့ အလုပ်တွေကို ဒုတ်နဲ့ပုတ်ပြတဲ့ သတိနဲ့ သင်ပေးထားတော့ မတတ်တပ်ရပ်ပြီး ကတတ်တဲ့ လုပ်ငန်းတွေပါလုပ်ဘတ်လာကြတော့ တာပါဘဲ၊ `ကျုပ်တို့လို လူသားတွေက ဗောဓိပင်ကို သိတယ်၊ ဘုရားသိဘယ်၊ ကျောင်းသိတယ်၊ဟိုဟာသိ ဒီဟာသိ အသိတရားတွေ ပိုပါလျှက်နှင့် တိရိစ္ဆာန် မျောက်လောက်မှ သတိ မရှိ၊ သတိမရကြလျှင် ဘယ်ကောင်းကြပါမလဲ၊ တကာ တကာမကြီးတွေ ကျောင်းလာကြတာ ဘာလုပ်ဘို့ လာကြတာလဲကျောင်းလာတာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒါတွေသင်နေတာဘဲ မဟုတ်လား၊ ဗောဓိပင်ကို ရှိခိုးလိုက်လဲကာယကံဘဲ၊ မိန်းမတယောက်ကို ခုန်ဘိနပ်နဲ့ ရိုက်လိုက်လဲ ကာယကံဘဲ၊အဲဒီလို ကာယကံမှုတွေဟာ လက်ဖြင့် လုပ်လိုက်သည် ခြေဖြင့် လုပ်လိုက်သည် လုပ်ကိုင်သမျှ အလုပ်တို့၌ လောဘစိတ် ပါသည်၊ ဒေါသစိတ် ပါသည်တို့ကိုသိရမယ်၊ မှတ်မိစေရမယ်၊မကောင်းတဲ့တရားမကောင်းတဲ့ အလုပ်ကို မကောင်းမှန်းသိပြီး ချုပ်တည်းနိုင်ကြရမယ်၊တကယ်လုပ်ချင်တဲ့ လူကြတော့ လပ်ပေးပြီးတမင်ကျင့်ရတယ်၊ ရှေးက ငါ့လခွီးလို့ အမြဲတိုင်းလေ့ရှိတဲ့ အဘိုးကြီးတယောက် ရှိသတဲ့၊ တနာရီအတွင်းမှာ ငါ့လခွီး မဘိုင်းဘဲ နေနိုင်လျှင် ပုပါတပိုင်းပေးမယ်လို့ ဂတိ လုပ်ထားကြသတဲ့၊ ထို အဘိုးကြီးဟာ အချိန်နာရီစေ့ခါနီးမှာ မင်းတို့ အ ချိန် က လဲ ကွာ ကြာ လိုက် ထာ

ငါ့ လခွီး-မ့,ဘဲလို့ ပြောမိတာနဲ့ ပုဝါ မရတော့ဘူးတဲ့၊ အဲ သည်လိုလဲ မဖြစ်ကြရအောင် သံဝရမှု လုပ်ကြတဲ့ အခါမှာ သတိ မြဲမြဲ ရှိစေကြရမယ်။ ကျုပ် ကျောင်းက ကလေးတွေလဲ ဆဲသံကြားလျှင် ဒဏ်ပေးမယ်လို့ လုပ်ထားတော့ ယခု အကျင့်ရလာပြီး ဘယ်ကလေးမှ မဆဲတတ်ကြတော့ဘူး၊ ကလေးတွေက အတုံ့အလှဲ့အားဖြင့် ဆရာတော် ဆဲရင်ကောလို့ မေးနေပြန်တော့ ငါ့ကိုလဲ ဖမ်းကြကွလို့ ပြောထားရတယ်၊ အဲဒီလိုဘဲ ကိုယ့်ဝသီဖေါ်တွေကိုလဲ ဖျားရောင်းပြီး သတိနဲ့ အုပ်ချုပ်ပေးလျှင် ကြာတော့ သမ္မာသမာဓိ ဖြစ်လာနိုင်တာဘဲ၊ သတိက ရင့်ကျက်လာတော့ သမ္မာသမာဓိ ဖြစ်လာတာဘဲ၊ တောထဲက ကြက်တူရွေး မျောက်,တို့တောင် သတိ လုပ်ပေးလို့ ရသေးလျှင် အသိတရားတွေနဲ့ နေတဲ့ လူတွေဟာ ဘုရား၏ အဆုံးအမကို မျက်စိကလဲ သိနိုင်တယ်၊ နားကလဲ ယူနိုင်တယ် မဟုတ်လား၊ ကြက်တူရွေး,မျောက်,သာလိကာ,တို့ဟာ မျက်စိနဲ့ နားဖြင့် အသိတရားကလေးရခြင်းကြောင့် သူတို့ရဲ့ တိရစ္ဆာန် ဘဝခြင်းပင် မြင့်မြတ်တယ်ဟု ဆိုရမှု သတိတရား များများရှိသော ကျွန်ုပ်တို့ လူ-သားသည် အဘယ်ကြောင့် ပို၍ မမြင့်မြတ်ဘဲ နေရမည်နည်း၊ သို့မဟုတ် ပို၍ မြင့်လျှင် သူများက လောက်လေးနဲ့ ပြင်မှာစိုးလို့ ရောထွေး ရောထွေး လုပ်နေကြသလား သတိဘာစပြီး လုပ်သိုက်မှုလဲ ဝါယာမနဲ့ သမ္မာသမာဓိ ဖြစ်လာနိုင်တယ်၊ အဲသည်လို သမ္မာသမာဓိ ရပြီး တည်ကြည်လာတဲ့ လူဟာ ကမ္မာကိုတောင် လွှမ်းမိုးသွားနိုင်

တယ်၊ မှန်သော မဖြစ်တောင် ကောင်းသော သတိနဲ့ လုပ်လိုက်တဲ့ ဂျာမဏီက ဟစ်တလာဟာ အစက ပန်းချီ သမားပေါ့၊ အဲဒီ ပန်းချီသမားဘ၀နဲ့ နေတဲ့အခါတုံးက သူများရဲ့ အဖိအနှိပ်ကို ခံရလွန်းလို့ စိတ်ထဲက ကြိတ်ပြီး တနေ့တော့ နိုင်ငံတွေကို အုပ်စိုးမဟဲ့လို့ သတိနဲ့ လုပ် လိုက်ထာ အင်္ဂလိပ်သန်က လူတွေ မျက်လုံးပြူး ကုန်ကြရ တာဘဲ၊ အဲသည်လို စိတ်ခာတ်က စုမိပြီး ရင့်ကျက်လာ တော့ သူထိုးလိုက်တဲ့ လှန်ဟာ ကမ္ဘာတခုလုံးစုပြီး နှုပ် ယူရတယ်၊ အဲဒါ ကောင်းသောနဲ့သာ လုပ်လို့သာပေါ့ မှန်သောနဲ့များ လုပ်မယ်ဆိုလျှင် (၀ါ) သမ္မာ သမာဓိ နဲ့များ လုပ်မယ်ဆိုလျှင် ယခုထိ ကြီးကျယ်နေအုံးမှာဘဲ အဲဒါကြောင့် သတိနဲ့သမာဓိ ရှိစေကြရမယ်၊ ယခုတော့ တကာမကြီးတို့မှာ သမာဓိက မရှိကြလေတော့ ဘယ် နေရာမှာမှ ခုန်မချ၀န့်ဘဲ ဖြစ်နေကြတယ်၊ အကယ်၍ ယခုအခါ ကျားကြီးများ လာရင်တော့ ဘယ်သောက် အမြင့်ကဘဲ ဖြစ်ဖြစ် ခုန်ချကြတော့မှာဘဲ၊ ကျားကြီးတည်း ဟူသော သမာဓိက အုပ်စိုးသွားတာကို၊ ရှေးအရင် ငယ်ငယ်တုံးက နွားလှည်းနဲ့ မြို့သစ် မြို့ကို သွားရာတွင် လမ်း၌ နွားလွတ်ပြေးတာနဲ့ နွားကိုသာ ရှေးရှုပြီး နောက်မှလိုက်တဲ့အခါ ခြေထောက်ကို ကျားရှာဆူးတွေ စူးတာကို မသိကဲ့ဘူး၊ အဲဒီလိုဘဲ ကြက် သမာဓိ၊ အင်္ဂလိယ သမာဓိ၊ ပွဲက မင်းသား သမာဓိ၊ မင်းသွီး သမာဓိ-မျိုး တောင် အိပ်ကပ်ထဲက ပိုက်ဆံ လူနှိုက်ယူတာ မသိလိုက် သော သမာဓိ မျိုး၊အကျိုးပေးသေးလျှင် မှန်သော သမ္မာ

သမာဓိ-မှာ ဘာကြောင့် အကျိုးမရဘဲ နေရမှာလဲ၊ အဲ-ဒါကြောင့် ဘုရားသခင်က သတိကို အပ္ပမာဒေန သမ္ပာဒေထ၊ ဘယ်အခါမှ မမေ့ကြနဲ့လို့ ဟောတော်မူခဲ့ခြင်းဘဲ ထို သတိနဲ့ သမာဓိ ရလာလျှင် လူတယောက်ကို သရဖူဆောင်းပေးလိုက်ခြင်းဘဲတဲ့၊ အရင်မဂ္ဂင် ခွန်နှစ်ဖေါ်နှင့် နောက်ဆုံး သမ္မာ သမာဓိ-ကို အားထုတ်လိုက်လျှင် ဆွမ်းလောင်းတဲ့ကိစ္စ၊အလှူအမျိုးမျိုးပေးတဲ့ ကိစ္စ၊ ဗောဓိပင်ကြည့်တဲ့ အလုပ်ကိစ္စတို့ကို သတိနဲ့မှန်သောဖြစ်ပြီး သမ္မာ သမာဓိ အားလုံးမှန်သော သမာဓိ ဖြစ်ကြလျှင် တကာမကြီးတို့ကို သရဖူ အမြဲ ဆောင်းလိုက်ခြင်း ဖြစ်သွားတော့တာပါဘဲ၊ထိုကြောင့် အပ္ပမာဒေါ အမတံ ပဒံ ပမာဒေါ မစ္စုနော ပဒံ-ဟူသော ဘုရားဟော ပါဠိတော်အရ အချိန်မလပ် သတိချပ်၍ သတိနှင့် သမ္မာ သမာဓိ အမြဲရှိကြစေရန် ကြိုးစား အားထုတ်ကြ ကုန်ရာသတည်း

ဣဒံ ဒုက္ခံ အရိယ သစ္စန္တိ မေ ဘိက္ခဝေ
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ
ဥဒပါဒိ အာလောကော ဥဒပါဒိ....ဟူ၍

ချစ်သားတို့ ဤသည်ကား ဒုက္ခသစ္စာ ဖြစ်၏။ ဤသို့ အားဖြင့် ငါသည် ရှေးက ကြားမှ မကြားဘူးကုန်သော တရားတို့၌ မျက်စိပွင့်လာ၏၊ဉာဏ်လင်းလာ၏၊ နားလည်မှု ရလာ၏၊ သိမှုပေါ်ထွက်လာ၏ အလင်းရောင် ထွန်း၍ လာ၏ဟု သစ္စာ ၄-ပါးတွင် သိအပ်တဲ့တရား ပါယ်ရမည့်

ဘုရား၊ မျက်မှောက်ပြုရမည့် တရား၊ ပွားများအပ်တဲ့ တရားဟုခွဲခြား၍ ဟောတော်မူခဲ့တယ်၊သိအပ်တဲ့ တရားဟု ဆိုလိုရင်းမှာ ဒုက္ခကို ဒုက္ခမှန်းမသိ သိသယောင်ယောင်နဲ့ မသိကြခြင်းကြောင့် သိကြစမ်းပါ၊ သိလျှင်သုခ-ရမယ်တဲ့၊ ရှေးက မကြားဘူးကုန်သော ဆိုရာတွင် ဘုရားရှင် ကိုယ်တိုင် ဝန်ခံသွားခြင်းမှာ သူသည် နန်းမသုံးဆောင်နှင့်တကွ ယသော်ဓရာ သားရာဟုလာတို့နှင့် လောက ခံစား စံစား ခဲ့ရတာတွေကို ဒုက္ခလို့ မသိခဲ့ခြင်း ဒုက္ခလို့ မသိခဲ့သည့်အပြင် သုခပင် ထင်မှတ်၍ အမျိုးမျိုး အဖုံဖုံတွေကို ကြုံခပွဲ ပျော်မြူး ခဲ့ရခြင်းသည် ဒုက္ခ ဇာတိ ဇရာ ဗျာဓိ မရဏ, တရားတို့ကိုလည်းမသိခဲ့၊ ယခုမှပင် အမှန်တရားကို အမှန်အတိုင်း သိတော်မူကဲ့သဖြင့်၊ ၎င်း-တရား အတိုင်း မိမိတို့ ဖြစ်အင်ကို တပ်ဆင်၍ ဒုက္ခ-ကို ဒုက္ခမှန်း သုံးမျိုးပိုင်း၍ သိကြရန် ဟောတော်မူခဲ့တယ်။ ထို ၃-မျိုးသော တရားကို သစ္စာ-ဉာဏ်၊ ကိစ္စ-ဉာဏ် ကတ ဉာဏ်,ဟု ခေါ်၏။

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာမှာ ဒုက္ခသစ္စာကို ကမ္ဘာရှိ ဘာသာတိုင်းက သဘောတူလက်ခံကြသော်လည်း ဒုက္ခ၏ အကြောင်းရင်း ဖြစ်သော သမုဒယ သစ္စာကြတော့ သဘော မတူကြချေ။

ဒုက္ခတရားသည် ဘုရားသခင် အလိုတော်အရ ဖန်ဆင်းထားတာ ဟု ညွှန်းနေကြ၏။ ကံကြောင့် ဖြစ်ထာ ဟု ယူဆနေကြသဖြင့် အီတာလီပြည်၌ မီးတောင်ကြီး

ပေါက်ကွဲတာ ဘုရားသခင်ကို ရှိခိုးတောင်းပန်ပြီး ဆုတောင်းနေကြ၏၊ မှားလေစွ တကား…. ကျွန်ုပ်တို့ ဂေါတမ,ဘုရားရှင်က ဤသို့မဟုတ်၊ မီးတောင်ပေါက်ကွဲတာ သဘာဝ အကြောင်းကြောင့် ဖြစ်ထာတဲ့၊ ဒုက္ခဖြစ်ကြောင်းတွေရှာတော့လဲ အကြောင်းတွေ ရှိတယ်တဲ့ အိဿရ နိမ္မာန ဖန်ဆင်းလို့ ဖြစ်ထာဟာ မကောင်းဘူးတဲ့ အသင်တို့ ထင်သည့်အတိုင်း သတ္တဝါတွေကို ဘုရားသခင် ဖန်ဆင်းထားတာဆိုလျှင် ဒုက္ခ ဖြစ်ထာတွေကို သုခ-ဖြစ်အောင် ဖန်ဆင်းပါတော့လား-ဟု ပြောခဲ့ဘူး၏၊ အမှန်တရားက ဒုက္ခ၏ အကြောင်းမှန်ကို ပါယ်ရမယ်တဲ့၊ ၎င်းအကြောင်းမှန်ကို ပါယ်မှ ဒုက္ခက လွတ်၍ သုခ ချမ်းသာရမယ် ဟု ဟောတော်မူခဲ့၏။ သမုဒယ-ဆိုတဲ့ ဥပါဒါန်ကလေးဟာ ထင်ရှားရှိတဲ့ တရားမဟုတ်၊ မရှိတဲ့တရားတွေ ရှိတယ် ထင်နေကြ၍ ဥပါဒါန်စွဲနေကြလို့ ဒုက္ခဖြစ်နေကြ၏။ မပေါ်သေးတဲ့ ပစ္စည်းကို လိုချင်နေကြ၏၊ သိုလှောင်၍ထားတာ ရှိပါသလား မရှိပါ၊ ကြုံဘူး တွေ့ဘူးတာတွေကိုသာ လိုချင်နေကြတယ်၊ မကြုံဘူး မတွေ့ဘူးတာများ လိုချင်ရမှန်း သိကြရဲ့လား၊ ကြုံဘူးသောတရားတို့ကိုသာ ဥပါဒါန် ဖြစ်နေကြ၏။ ပါယ်ဆိုတာလဲ မရှိတာမှ ပါယ်လို့ရတယ်၊ ရှိသောတရားတွေ မှန်လျှင် အပါယ်မခိုင်းချေ။ အကြောင်းကြောင့် သာလျှင် ပေါ်သော မရှိသော ပဋိစ္စ သမုပ္ပန္န ဓမ္မ တရားတွေလို့ ဆိုလိုသည် ဖြစ်သမျှ ဒုက္ခတွေဟာ အကြောင်း ရှိရမယ်တဲ့။ ဒုက္ခ ဖြစ်လာတာဟာ အကြောင်းမကင်းဘူးတဲ့၊ ၎င်း-

No. 30

ဒုက္ခ-ကို ဒုက္ခဒုနှန်းသိပြီးလျှင် ပါယ်ကြရမယ်၊ ပါယ်ပြီး လျှင် အပူအပင် မရှိတော့ဘဲ သုခ-ချမ်းသာ ဖြစ်လာမည် ဖြစ်၏၊ ဘုရားသခင်သည် မြို့အတွင်းရှိ အာရုံတွေ တော ထဲမှာ ဆွမ်းခံကြွနေတာဘဲ၊ ဖြစ်ကြောင်းတရားတွေကို ပါယ်ပြီးပြီဖြစ်သောကြောင့် ဒုက္ခမဖြစ်တော့ပေ၊ ဝိသာခါ ကျောင်းအမကြီး လင်ယောကျ်ားနဲ့ နေတာဘဲ၊ အနာ တပိဏ်သူဌေးလဲ မယားနဲ့ နေတာဘဲ၊ သို့သော် တဏှာ နဲ့ တကွသော ဥပါဒါန် မထားကြဘဲ လင်ဝတ် ငါးပါး မယားဝတ် ငါးပါး ပြုကြရုံမှတပါး ဥပါဒါန် မရှိ၊ အနု ပါဒါန်တရားနှင့် နေထိုင်ကြသဖြင့်၊ သောတာပန်ဖြစ်၍ သုခတရားရနေကြ၏။ ယခု မိမိတို့ ပိုင်ဆိုင်သည် ဆိုသော ပစ္စည်း အားလုံးတို့သည်လည်း သေသောအခါ ထား ထား ပြစ်ခဲ့ရမှန် အသိကြသားနဲ့၊ မခွဲမခွါနိုင် လောက် သော ဥပါဒါန် တရားများ မဟုတ်ပေ။ ထို့ကြောင့် ဒုက္ခ ကို ဖြစ်စေတတ်သော သားသမီး ခင်ပွန်းနှင့် ပိုင်ဆိုင်သည် ဆိုသော ပစ္စည်းဥစ္စာဟူသမျှတို့နှင့် တကွ၊ မိမိ၏ ကိုယ် ကာယ-ကိုပါ တဏှာ သမုဒယ အစွဲမထားကြဘဲ အနု ပါဒါန တရားနှင့် သုခ ချမ်းသာရအောင် သမုဒယ တဏှာစွဲဘိုကို ပါယ်သတ်ကြရမယ်။

သစ္စာလေးပါးမှာ တပါး-တပါးလျှင် ၃-မျိုးစီခွဲခြား ဟောရာ၌ တပါးနှင့်-တပါး မတူချေ၊ ထို ၃-မျိုးကို သစ္စာ-ဉာဏ်၊ ကိစ္စ-ဉာဏ်၊ ကတ-ဉာဏ်ဟူ၍ ဟောတော် မူခဲ့၏၊ ဘာ့ကြောင့် သစ္စာလေးပါး ဟောခဲ့ရသလဲ လော ကကြီး တခုလုံးတွင် ဒုက္ခတရားတွေ နှင့် တွေ့ကြုံနေရ

သော လူသားတို့အား အလွန်လျှင် သနားဂရုဏာ ရှေထား၍ ဒုက္ခ၏ ချုပ်ငြိမ်းရာ(ဝါ)ဒုက္ခမှ လွတ်မြောက်ရာ သုခ-ချမ်းသာ ရရှိနိုင်သော တရားလည်း ရှိသေးကြောင်း သူကိုယ်တိုင် သိရှိရခြင်းများကို လမ်းစဉ်နှင့်တကွ ဟောတော်မူခဲ့တယ်၊ အခြားသော ဘာသာဝင်တို့က ဒုက္ခ-သည် ထာဝရ ဘုရားဖန်ဆင်းလို့ ဖြစ်ရသည်ဟု ဆိုသော်လည်း ကျွန်ုပ်တို့ ဂေါတမ,ဘုရားက ဤသို့မဟုတ် သူ့ကိုယ်တိုင် ဥလုံ့ဝလတောမှာ ဒုက္ကရ စရိယာကျင့်၍ ရှာကြံရရှိခဲ့သော တရားမှာ ဒုက္ခတရားသည် မည်သူမှ ဖန်ဆင်း၍ မဟုတ်၊ မိုယ်းပေါ်ကျ တရားလည်း မဟုတ်၊ ပရမတ္ထ တရားမျိုး မဟုတ်၊ သဘာဝ,ဖြစ်နေတာတွေကို ကိုယ်နဲ့ မတွေ့လျှင် ဆန္ဒကျင်ဘက် ဖြစ်ခဲ့လျှင် ဒုက္ခတဲ့၊ ဘယ်သူက ဆန္ဒကျင့်သလဲ ကိုယ်က ဆန္ဒကျင်ကြတာဘဲ အကြောင်းတိုက်ဆိုင်မှ ပေါ်လာတဲ့ ဒုက္ခတဲ့၊ ပရမတ္ထ ထင်ရှားရှိလာသော တရားမဟုတ်၍ ဒုက္ခချုပ်အောင် ဒုက္ခငြိမ်းအောင် လုပ်လျှင်လည်း ရ-ရမယ်တဲ့၊ ၎င်း ဒုက္ခတရားပြုတ်အောင် လမ်းစဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါးကို လုပ်ရမယ်၊တကယ်လုပ်လျှင် သမ္မာဒိဋ္ဌိ မဂ္ဂင်တခုတည်းနှင့်ဘဲ ဒုက္ခပြုတ်နိုင်ကြောင်း ဟောတော်မူခဲ့တယ်၊ သမ္မာဒိဋ္ဌိ သဘောက ဥပမာ မှောင်မိုက်နေသော ညဉ့် လမ်းတွင် ကြိုးကလေးတချောင်းကို တက်နင်းမိသော အခါ၊ မြွေကလေးထင်၍ ကြောက်လာမည် ဖြစ်၏ ထို အခါ အမှန်သိအောင် ဓာတ်မီးနှင့် ထိုးကြည့်သော အခါ ကြိုးမှန်းသိ၍ အကြောက်တည်းဟူသော ဒုက္ခ

တရား ပျက်ချုပ်သွားရမည်ဖြစ်၏၊ ထို့အတူ မမှန်သော အပါယ ဒုက္ခတရားတို့ကို အမြင်မှန် သမ္မာဒိဋ္ဌိ တရားနှင့် ပါယ်သတ်၍ ရရှိနိုင်ကြောင်း ဟောတော်မူခဲ့၍၊ ယာဝ ကိဝဥ္စ၊ အကြင်မျှလောက်သော ကာလ ပါတ်လုံး ပိုင်း ခြားထင်ထင် မသိမြင်ခဲ့သေးသည့်အခါ၌၊ ထိုတရားတို့ကို ငါဘုရား မဟောခဲ့သေးဘဲ....

ယတောစခေါ မေ ဘိက္ခဝေ ဉာဏ ဒဿနံ
သုဝိသုဒ္ဓံ သမ္မာ သမ္ဗောဓိံ အဘိ သမ္ဗုဒ္ဓေါ
တိ ပစ္စညာသိံ ဟု

ထို ၄ ပါးသော သစ္စာတရား တို့ကို သုံးစပ်လေးလွှာ ၁၂-ပါးသော အချင်းအရာဖြင့် တကယ် ကေန်တိတိ အမှန်ကို အမှန်အတိုင်း သိမြင်ခြင်းသို့ရောက်တော်မူသေါ အခါမှ၊ ငါဘုရားသည် လူရော ရှင်ပါ နတ် ဗြဟ္မာ နှင့် တကွသော သူအပေါင်းတို့ထက် ဤ လောကတွင် အတု မရှိသော ဉာဏ်အမြင်ကို ရရှိခဲ့လေပြီ-ဟု ဝန်ခံဟော ကြားတော်မူခဲ့လေသည်မှာ....

ဘိက္ခဝေ ပဥ္စဝဂ္ဂီ သညီဘွဲ့သူး တပည့်ဦးတို့....၊ အထ ထို အခါမှ၊ ပထာယ၊ အစပြု၍။ အဟံ၊ သင်တို့ ရှေ့သွား ငါဘုရားသည်။ သဒေဝကေ၊ နတ်နှင့်တကွသော၊ သမာ ရကေ၊ မာန်မင်းနှင့်တကွသော၊ သဗြဟ္မာကေ ဗြဟ္မာ မင်းနှင့်တကွသော။လောကေ၊ လောက သုံးထပ် ဘုံသုံး ရပ်၌။ သ သမဏ ဗြဟ္မဏိယာ၊ ရဟန်း ပုဏ္ဏား နှင့် တကွသော သဒေဝ မနုဿာယ၊ နတ်-လူ ဗြဟ္မာ အကျန်

ပါသော၊ ပဇာယ၊ သတ္တဝါအပေါင်း၌ဋ္ဌင်း၊ အနုတ္တရ၊ အမြတ်ခေါ်ထိ ထို့တက်မြတ်မရှိသော၊ သမ္မာသမ္ဗောဓိ အရဟတ္တ မဂ်ဉာဏ်၊သဗ္ဗညု၊တဉာဏ်ကို၊ အဘိသမ္ဗုဒ္ဓေါ ဆရာကင်းမဲ့ တပည့်မခံ အမှန်ထွင်းဖေါက် အလင်းသို့ ရောက်ခဲ့လေပြီ။ ဉာတိ၊ ဤသို့။ ပစ္စညာသိံ၊ ရဲရဲ ဝန့်ဝန့် ကြောက်မရွန့်ဘဲ မတွန့်မဆုတ် အဟုတ်ဝန်ခံနိုင်ခဲ့လေပြီ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ဒဿနံ၊ ကြောင်း ကျိုးဖြစ်စဉ် အကုန်မြင်သော။ ဉာဏဉ္စ ပနံ၊ သစ္စာလေး တန် အသိဉာဏ်သည်လည်း။ ဉဒပါဒိ၊ ထင်ရှားဖြစ် ပေါ်ခဲ့လေပြီ။ မေ၊ သင်တို့ရှေ့သွား ငါဘုရား၏၊ဝိမုတ္တိ၊ သုံးဘွဲ့ဝင်ဇာတ် ကရွတ်ထပ်မှ လွတ်လပ်အေးငြိမ်းမှု သည်။ အကုပ္ပါ၊ မလှုပ်မယိုင် အဟုတ်ခိုင်ခဲ့လေပြီ၊ အယံ ခန္ဓာငါးလီ စုံညီပေါင်းကြ ဤဘဝသည်။ အန္တိမာဇာတိ၊ နောက်ဆုံးလာဘိ နှစ်ခါမရှိသော ဇာတိပင် ဖြစ်ချေ၏။ ဒါနိ၊ ယခုအခါ၌၊ ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ်ယူသော စနစ်သည်။ နတ္ထိ၊ ဝဋ်မြစ်မကြွင်း အကုန်ရှင်း၍ အလျှင်း မရှိသည်သာလျှင်တည်းဟု ဟောတော်မူခဲ့လေသတည်း

**ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စဉ် အပေါင်းတို့သည်**

ယောဟိ ပဿတိ သဒ္ဓမ္မံ သောမံ ပဿတိ ပဏ္ဍိတော
အ ပဿ မာနော သဒ္ဓမ္မံ မံ ပဿံပိ န ပဿတိ-ဟု

ဓမ္မပဒ ပါဠိတော်မှာ- ဝက္ကလိ ရဟန်းကြီးအား ဟော တော်မူခဲ့သည်မှာ အကြင် လူ၊ ညာ၊ရှိသည် အမှန်တရား ကို မြင်၍ ကျင့်၏။ သော၊ ထို သူသည် ငါဘုရားကို မြင်

သည် မည်၏။ (ဝါ) ဗုဒ္ဓဘာသာဝင်မည်၏။ အကြင်သူမှုကား အမှန်တရားကို မမြင်မကျင့်ချေ။ ထိုသူကား…. ငါ့ အနီးကပ်နေသော်လည်း ငါ့ကို မြင်သည် မ-မည်၊ (ဝါ) ပိတ်ဖြူပုဆိုးနှင့် အရိုးပုတီးကိုင်ပြီး ဘုရားအတွင်းမှာ ထိုင်ပေမဲ့ ဗုဒ္ဓ ဘာသာဝင် မဟုတ်၊ (ဝါ) ဖိတ်ဝါသက်န်းနှင့် သပိတ်ကို ထမ်းပြီး ဆွမ်းခံပင် ကြွ နေတိုင်းလည်း ဗုဒ္ဓဘာသာ မခေါ်နိုင် မခေါ်ထိုက်ချေတဲ့။

စတုသစ္စာ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ-ဟု ဆိုပြန်သဖြင့် ဓမ္မစကြာ (ဝါ) သစ္စာလေးပါးမှ လွတ်သော အခြားတရား မရှိဟု ဆိုလေသည်၊ အခြားသော တရားစကားစာပေတို့သည်၊ -ဓမ္မစကြာ တရားနှင့်မှ မကိုက်ညီလျှင် အမှန်မဟုတ်ချေ။ ဂေါတမ,ဘုရားသည်ပင် ဟောသမျှ တရားတို့ကို သစ္စာလေးပါး သွင်း၍ ဟောပြ၏။မ္မေစကြာ တရား လမ်းစဉ်အတိုင်း လိုက်နာ ကျင့်ကြံ အားထုတ်မှလည်း ဗုဒ္ဓဘာသာအစစ် ဆိုနိုင်၏။ အကြင် ပုဂ္ဂိုလ်တယောက်သည် ဗုဒ္ဓဘာသာသို့ ဝင်လိုကြောင်း ဆိုခြားအံ့၊ ဘာလုပ်ရမလဲ "ဗုဒ္ဓံ ဓမ္မံ သံဃံ ဂစ္ဆာမိ"ဆိုရမည်ဟု အခမ်း အနားတွေနှင့် နဖူးထိ ဒူးထိ ရှိခိုး ရွတ်ဆိုရရုံနဲ့ ဗုဒ္ဓဘာသာ ဖြစ်ပြီလား၊ ပဉ္စဝဂ္ဂီ ၅-ဦးတို့ဟာ ဗုဒ္ဓံ ဓမ္မံ သံဃံ ဂစ္ဆာမိ မသိ:ယခု ဘုန်းကြီးတွေရဟန်းခံသလို မလုပ်ခဲ့ကြပေ။ သို့သော် ဗုဒ္ဓဘာသာ အစစ်,သောတာပန်ဖြစ်နေကြ၏။ ဗုဒ္ဓဘာသာ ဖြစ်သော တရားက တမျိုးအခမ်း အနားလုပ်ထာတွေက တခြားစီဖြစ်ကြောင်း နား

လည်ကြရမယ်၊ မှန်သော သစ္စာ ၄-ပါး မဂ္ဂင်ရှစ်ပါးနှင့် ဓမ္မစကြာ လမ်းစဉ်မှန် တရားတို့ကို လိုက်ပါကျင့်ကြံ အားထုတ်ကြမှသာလျှင် ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်နိုင်ကြောင်း ဟောတော်မူခဲ့သဖြင့် ထို ဓမ္မစကြာတရားတော်ကို တရား၌ ပါရှိသည့်အတိုင်း အသက်ရှည်သမျှ ကာလပတ်လုံး မွန်မြတ်လေးစားစွာ ဂရုတစိုက် ကြိုးစား အားထုတ်ကြရာ ကုန်သတည်း။

**ဗုဒ္ဓ တက္ကသိုလ်။**

# 'ဓမ္မစက္က ပဝတ္တန'

ကျွန်ုပ်တို့ ယခု တည်ဆောက်ခဲ့သော ဗုဒ္ဓဘာသာ ငြမာန်ကား ဓမ္မစက္က ပဝတ္တန၊ (ဝါ) တရားစကြာ လှည့်ခြင်း၊ (ဝါ) တရားမြို့ တည်ထောင်ခြင်း တည်းဟူသော အထွဋ် ဒုပိကာ မတတ်ဆင်ဘဲ ပြည့်စုံသော ကြက်သရေ မင်္ဂလာကို ဆောင်လိမ့်မည် မဟုတ်ချေ၊ ၎င်း သုတ်သည် ဗုဒ္ဓ ဂေါတမ-၏ ပထမ ဗုဒ္ဓဝစန ဖြစ်၏ (ဝါ) လက်ဦးဆုံး ဟောပြသော တရားဖြစ်၏။ ၎င်းသည် ဗုဒ္ဓဘာသာ၏ အုဋ္ဌမြစ်လည်း ဖြစ်၏၊ ခိုင်ခန့်သော ဒုဒယ ထယ်ဝါသော ကုယ် တည် လည်း ဖြစ်၏၊ ဝင်း လက် တောက် ပြောင် အရောင်ထွက်သော အထွဋ်ပိဒုကာ ငှက်မြတ်နားလည်း ဖြစ်ခဲ့၏။ ဤသုတ်၌ ကျွန်ုပ်တို့သည် ဗုဒ္ဓ ဂေါတမ၏၊ မုက္ခ ပတ် စကားအစစ်ကို ပွေ့ရ၏၊ ၎င်း ကိုယ်တိုင် သုံးလေ့ နှုန်းလေ့ ဟောလေ့ ပြောလေ့ တို့ကို ဆောင်သော အသုံးအနှုန်းများကိုလည်း တွေ့မြင်ရလေသည်၊ နောက်ခေတ် ပေါက်ပွား ပညာရှိ များ၏ ထိသွင်းချက်များမှ လုံးဝ ကင်းစင်သော သုတ်ဖြစ်၏၊ ၎င်းသည် ဗုဒ္ဓဝါဒ တခုလုံး၏ အခြေခံဖြစ်သည်ဟု မယုံကြည်နိုင်အောင် တိုလှ၏။ ကျဉ်းလှ၏၊ သို့သော် လိုရင်းကို ထိမိခြင်းကြောင့် ပိဋကတ် သုံးပုံ နိကာယ် ငါးရပ်ကို အကုန်သိမ်းခြုံမိလေသည်၊ ၎င်း သုတ်သည် အမှန် နှင့် အမှားကို ခွဲခြားဝေဖန်၍ အမှန်ကို သိမြင်စေရန်အတွက် မှတ်ကျောက်အစစ်ဖြစ်၏ ၎င်းမှတ်ဖြင့် တိုက်ကြည့်သော အခါ အရည် မမှီသော

တရားသည် ဘယ်ကျမ်း ဘယ်စာ ဘယ်ပါဠိ ဘယ်အဋ္ဌကထာမှာ ပါသည်ဖြစ်စေ၊ အမှန်ဟူသော နာမံကို မခံယူနိုင်တော့ချေ၊ ထို့ပြင် ဤသုတ်၏ ထူးခြားချက်တခုရှိသေး၏ ကမ္ဘာ၌ ပေါ်ပေါက် ဖြစ်ထွန်းခဲ့သမျှသော ဘာသာရှင်အားလုံးတို့သည်၊ ဌာဝယ ဘုရားနှင့် မြဲသော အတ္တကို လက်သုံးပြု၍ ၎င်းတို့ တည်ထောင်သော ဘာသာ၏ အုဋ်မြစ် ပြုလုပ်ခဲ့ကြကုန်သည်၊ ဤ ဗုဒ္ဓဘာသာ၏ အုဋ်မြစ်ဖြစ်သော ဓမ္မစက္က ပဝတ္တန-သည် ထို ဘာသာတိုင်း၏ လက်သုံးအခြေခံဖြစ်သော အချက်ကြီးများ အလေးမပြုဂရုမထားခဲ့ချေ။ ထိုဒုတာပါး မဟုတ်မမှန်သော အချက်များကို စွဲလမ်းတတ်သော ဥပါဒါန်မှ ကင်းခြင်း ဌာဝယ ဘုရားတို့၏ ကောင်းကင်ဘုံနန်းတို့ကို ဂရုမထား အရေးမစိုက်ခြင်း၊ ရုပ်ထု ဆင်းထု ကိုးကွယ်မှု နတ်ကောင်း နတ်ဆိုးတို့ကို အားထား ယုံကြည် ပ-သ-မှု မန္တာန် မန္တရားလိုက်စားယုံကြည်မှု ဆုတောင်းမေတ္တာကို အားထားမှု စသည်တို့မှ လွတ်ကင်းစင်ကြယ်ခြင်းတို့သည် အပို ထူးခြားချက်တို့ပင် ဖြစ်သတည်း၊ ထို့ကြောင့် ဤသုတ်၌ ပါဝင်သော အချက် အလက် တို့သည် ဘာသာရှင် အားလုံးတို့၏ တရားတို့တွင် အနက်နဲ အသိမ်မွေ့ဆုံး ဖြစ်ကုန်၏။ အနှစ်အသား အပါဆုံးဖြစ် ကြကုန်၏၊ ၎င်းသည် ဘာသာအားလုံးကို စုပေါင်းသိုက်း၍ထားသော ပုတီးကုံး၌ ပင်လယ်ကူးပုတီးခေါင်းသဘွယ်ဖြစ်၏။ ၎င်းသည် ကမ္ဘာ့သရဖူ၌ အဖိုးအတန်ဆုံး အရောင်အလက်ဆုံး ရတနာအစစ်ဖြစ်၏။ ထို့ကြောင့်ကျွန်ုပ်တို့သည်လူအများ

နားလည် နိုင်လောက်သောစကား အသုံး အနှုန်း တို့ဖြင့် ထိုသုတ်ကို ဘာသာပြန်ဆိုပေအံ့။

## "ဓမ္မစက္က ပဝတ္တန" တရားစကြာလှည့်

**ချစ်သား....တို့**

အပူနယ် လွတ်ထွက်၍ အေးကွက်ရရှိရန် အဟုတ်ကြိုးပမ်းရှာဖွေသူများ သွေ့ကွင်းရှောင်ဖယ်ရမည့် အစွန်းနှစ်ဖက် ရှိကုန်၏။

**ချစ်သား....တို့**

တဖက်စွန်းကား လူသား၏ ဓာတ်ကြိုက်ဖြစ်သော (ဝါ) ယုတ်သော ညံ့သော ကြမ်းသော တမ်းသော ပျော်မှု ပါးမှုငါးပါးအာရုံ ကာမဂုဏ်လိုက်စားမှု ဘက်သို့ အုပ်မနိုင်ထိမ်းမရ သိမ်းမနိုင် ချုပ်မရ အလွန်အကြူး စည်းလွတ် ကမ်းလွတ် တရားလွတ် လိုက်စားခြင်းပင်တည်း၊ အခြားအစွန်းတဖက်သော်ကား ·

**ချစ်သား....တို့**

မိမိ၏ ကိုယ်ခန္ဓာကို ပင်ပန်းစေတတ်သော နွမ်းနယ်စေတတ်သော (ဝါ) နာကျင်ခြင်းကို ဖြစ်စေတတ်သော၊ အတ္တကိလမထ၊ ကိုယ်ကို ညှစ်နွမ်းစေတတ်သော အကျင့်ကြမ်း အကျင့်မှားတို့ အားထုတ် ကျင့်ကြံခြင်း ပင်ဖြစ်သတည်း။

**ချစ်သား....တို့**

ထို အစွန်းနှစ်ဖက်တို့၏အလယ်၌ ကြယ်ပြော ပြန့်ပြူး

ဖြောင့်စင်းညီညာသော ခလုပ်ကန်သင်း ဆူးငြောင့် ရှင်းသော အလယ်လမ်းစဉ်ကို ငါကိုယ်တိုင် သိရှိတွေ့မြင်ခဲ့လေပြီ၊ ထို လမ်းစဉ်ကား အဘယ်နည်း ကောင်းစွာ

**ချစ်သား... တို့**

ထို လမ်းစဉ်ကား....

၁။ မှန်သောအမြင်။

၂။ မှန်သောကြံစည်မှု

၃။ မှန်သောနှုပ်မှု

၄။ မှန်သောကိုယ်မှု

၅။ မှန်သော အသက်မွေးမှု

၆။ မှန်သော အားထုတ်မှု

၇။ မှန်သော မှတ်သားမှု

၈။ မှန်သော စိတ်တည်ငြိမ်မှု ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လမ်းစဉ်ပင် ဖြစ်ချေသည်။

**ချစ်သား... တို့**

ပထမဖြစ်သော ဒုက္ခသစ္စာ(ဝါ)ဆင်းရဲမှန် ဟူမှုကား ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏၊ ထို့အတူ အိုရခြင်း နာရခြင်း သေရခြင်းတို့လည်း ဆင်းရဲကုန်၏။ မလိုသော အလိုကိုရခြင်း၊ လိုသောအရာများနှင့် ကွေကွင်းရခြင်း အလိုမပြည့်ခြင်းတို့သည်လည်း ဆင်းရဲပင် ဖြစ်ကြကုန်၏။ တိုတို ကျဉ်းကျဉ်းနှင့် လိုရင်းဆိုရသော်

**ချစ်သား....တို့**

စွဲလမ်းမှုနှင့် တကွဖြစ်သော ရုပ်အစုနာမ်အစုတို့လည်း ဆင်းရဲဒုက္ခပင် ဖြစ်ကြကုန်၏။

**ချစ်သား... တို့**

ဤ သည်တို့ကား ပထမ ဆင်းရဲမှန် ဖြစ်သတည်း။

ချစ်သား .. တို့

ထို ဆင်းရဲ ဒုက္ခအပေါင်း၏ အကြောင်းမှန် ဖြစ်သော ဒုတိယ သစ္စာကား အဘယ်နည်း၊

**ချစ်သား .. တို့**

ဘဝအသစ်ကိုဖြစ်စေတတ်သော ကာမအာရုံကို ခုံမင် တွယ်တာခြင်းနှင့် တကွသော (ဝါ) ထိုဘဝ ဤဘဝတို့၌ ကြေနပ်ခြင်းကို ရှာကြံတတ်သော အမိပ္ပါယ်ကား.... လူသား၏၊ ကာမအာသဝ ပြည့်စုံမှုအတွက် တောင့်တ စွဲလမ်းခြင်း (ဝါ) အနာဂါတ်ဘဝကို တောင့်တခြင်းဟူ သော တဏှာ သမုဒယ-ကို စွဲလမ်းမှုပင် ဖြစ်သတည်း၊

ချစ်သား....တို့

စွဲလမ်းမှုသည် ဒုက္ခဆင်းရဲအပေါင်း၏ အကြောင်းမှန် ရေသောက်မြစ် ဖြစ်သော ဒုတိယ အကြောင်းမှန် ဖြစ် သတည်း၊ ၎င်းကား အဘယ်နည်း။

၁။ ကာမဆာခြင်း

၂။ ဘဝဆာခြင်း

၃။ ဘဝပြတ်မှုကို ဆာခြင်းတို့ပင်တည်း။

ချစ်သား… တို့

ထိုဆင်းရဲအားလုံး၏ ကုန်ဆုံးခြင်းဟူသော အကြိုးမှန် ဖြစ်သော တတိယ သစ္စာကား အဘယ်နည်း၊

ချစ်သား….တို့

ထိုဘဏှာဟူသော စွဲလမ်းတပ်မက်မှု၏ မရှိခြင်း ကုန်ဆုံးခြင်း၊ ချုပ်ငြိမ်းခြင်း အညွန့် မထွက်နိုင်ခြင်း၊ တဖန် ပြန်၍ မယှဉ်နိုင်ခြင်း(ဝါ)ထိုစွဲလမ်းမှု ရေသောက်မြစ်ကို အပြီးတိုင် ဖြတ်တောက်လိုက်ခြင်းပင်ဖြစ်၏။

ချစ်သား… တို့

ဤ သည်ကား တတိယ အကြိုးမှန်တရား ဖြစ်သတည်း။

ချစ်သား….တို့

ဒုက္ခဆင်းရဲ အားလုံး၏ ကုန်ဆုံးခြင်းကို ဖြစ်စေတတ်သော စတုတ္ထ အကြောင်းမှန်ကား အဘယ်နည်း၊

ချစ်သား….တို့

၁။ စွဲလမ်းခြင်း ယုံမှားခြင်းတို့မှ ကင်းသော အမြင်မှန်

၂။ မြင့်မြတ်သော အထက်တန်းစား လူ့-အဘိုးတန်တို့ နှင့်သာ ထိုက်တန်သော မှန်သော ကြံစည် တွေးတောမှု

၃။ ကျင်နာခြင်း ဖြောင့်မှန်ပွင့်လင်းခြင်းနှင့်တကွသော မှန်သောပြောဆိုမှု။

၄။ ငြိမ်းအေးသာယာခြင်း ရိုးဖြောင့်စင်ကြယ်ခြင်း ချစ်ခင်သနားခြင်းနှင့် ယှဉ်သော မှန်သော လုပ်ကိုင်မှု။

No. 33

၅။ သက်ရှိ သတ္တဝါတို့အား ထိခိုက် နာကျင် စေခြင်း သေကြေ ပျက်စီးစေခြင်း အကြိုး ဆုတ်ယုတ်စေခြင်းတို့မှ၊ ကင်းသော မှန်သော အသက်မွေးမှု။

၆။ မိမိကိုယ်တိုင် လေ့ကျင့်ခြင်း အုပ်ထိန်းခြင်း စောင့်စီးခြင်းနှင့် တကွသော မှန်သော အားထုတ်မှု။

၇။ ပေါ့ပါးလျှင်မြန် သွက်လက်သော သိမ်းချုပ် ထိန်းအုပ်၍ ထားသော မေ့လျော့ ပျောက်ပျက်ခြင်း မရှိသော မှန်သော မှတ်သားမှု။

၈။ ဘဝ၏ အဖြစ်အပျက် အမှန်ကို စဉ်းစား ကြံစည်ခြင်းဖြင့် ရရှိအပ်သော မှန်သော စိတ်၏ တည်ငြိမ်မှု ဟူသော မဂ္ဂင်ရှစ်ပါး အလယ်လမ်း တရားအစုပင် ဒုက္ခ ဆင်းရဲခြင်း၏ ဇာတ်သိမ်းရန် အကြောင်းမှန်ဖြစ်သတည်း

ချစ်သား-တို့

ဤ သည်ကား ဒုက္ခသစ္စာ ဆင်းရဲမှန်ဖြစ်၏၊ ထိုဆင်းရဲမှန်ကား ပိုင်းခြား၍ သိမြင်ရမည့် သဘောတရားပင်ဖြစ်၏ ၎င်းကို ငါသည် ပိုင်းခြား သိမြင် ခဲ့ပြီ။

ချစ်သား-တို့

ဤသည်ကား ဒုက္ခသမုဒယ ဆင်းရဲ၏ အကြောင်းမှန် ဖြစ်၏၊ ထို အကြောင်းမှန်ကား ပယ်ထုတ် တိုက်ဖျက် ပစ်ရမည့် သဘောတရားတည်း၊ ၎င်းကို ငါသည် တိုက်ဖျက် ပယ်ထုတ်၍ ပြီးခဲ့ပြီ။

ချစ်သား-တို့

ဤ သည်ကား၊ ဒုက္ခ နိရောဓ ဆင်းရဲ ကင်းငြိမ်းခြင်း အမှန်ဖြစ်၏၊ ၎င်းကား အာရုံပြုရမည့် သဘောတရား ဖြစ်၏၊ ၎င်းကို ငါသည် အာရုံပြု၍ ပြီးခဲ့ပြီ။

ချစ်သား-တို့

ဤ သည်ကား၊ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ ဆင်းရဲ ငြိမ်းရာလမ်းစဉ်မှန်ဖြစ်၏၊ ထို လမ်းစဉ်မှန်ကား လက်တွေ့ လုပ်ကိုင်ရမည့် သဘောတရားဖြစ်၏၊ ၎င်းကို ငါသည် လက်တွေ့ သုံးသပ် လုပ်ကိုင်၍ ပြီးခဲ့ပြီ။

ဤသို့ သိမြင်သည်နှင့် တပြိုင်နက် ရှေးက ကြားမှ မ ကြားဘူးသော သဘာဝဓမ္မတို့နှင့် ပတ်သက်၍ ငါဘုရား ၌ မျက်စိပွင့်ခဲ့ပြီ၊ အသိဉာဏ် ပေါ်ခဲ့ပြီ ပညာထွန်းခဲ့ပြီ ဝိဇ္ဇာပေါက်ခဲ့ပြီ၊ အလင်းရောင် တောက်ခဲ့ပြီ။

ချစ်သား-တို့

ဤ အမှန်လေးချက်ကို ကွက်ကွက် ကွင်းကွင်း ထင် လင်းသေချာ အကြင်မျှလောက် ကာလပတ်လုံး ငါကိုယ် တိုင် မသိ မမြင်ခဲ့သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ဤ မြေပြင်ရော ကောင်းကင် ဘုံနန်း၌ပါ အတု မရှိသော ထိုးထွင်း၍ အမှန်မြင်တတ်သော ဉာဏ်ကို မရ ခဲ့သေးချေ။ ယခုသော် တမူကား

ချစ်သား-တို့

ငါသည် ထိုဉာဏ် အလင်းရောင်ကို ရရှိခဲ့ချေပြီ၊ ထို-ဉာဏ် အလင်းရောင်သည် ငါ၏စိတ်ဓာတ်၌ ကိန်းဝပ်ခဲ့ပြီ ငါ၏ စိတ်သည် အမှောင်ကင်း၍ အလင်းသို့ ရောက်ခဲ့ပြီ ငါ၏ လွတ်လပ်မှုကား မလှုပ်ရှား မယိမ်းယိုင်တော့ပြီ။

ချစ်သား-တို့

ဤကား ငါ၏ နောက်ဆုံး ဘဝဇာတ် ဖြစ်ခဲ့ပြီ၊ ဘဝ သစ်ဘဖန် ဖြစ်စေတတ်သော ဘဝ,ရေသောက်မြစ်ကို လက်စသပ် ခုတ်ဖြတ်ပြီးခဲ့လေပြီ။

ဤကား ဂေါတမ ဗုဒ္ဓ၏ **"ဓမ္မစက္က ပဝတ္တန"** သုတ်ကို အကျဉ်းချုပ် အများနားလည်လွယ်အောင် ဘာသာပြန် ဆိုချက်ဖြစ်၏။ဤသုတ်၏လိုရင်းအချုပ်ကား အကြောင်း အကြိုး မှ တပါး အခြားဘာမျှ မရှိ ဟူသော အချက်ဖြစ် ၏၊

အကြောင်း အကြိုးမှ လွတ်သော (ဝါ) ကင်းသော အရာသည်၊ အမှန်မဟုတ် ဟူသော အချက်ကို လက်ညှိုး ညွှန်ပြလေသည်။ဧင်းသုတ်သည် တိုလှ ကျဉ်းလှ၍ လွယ် မရောင် တိမ်မယောင် ထင်ရစေကာ၊ဗုဒ္ဓဘာသာ တရား အားလုံးကို သိမ်းကြုံး မိခြင်း၊ ကိုယ်ကျင့် တရားရော အဘိဓမ္မာ ပညာပါ အကြုံးဝင်ခြင်းတို့ကြောင့်၊ ဗုဒ္ဓဝါဒ၏ အခြေခံ ဖြစ်ထိုက်လေသည် အထပ်ထပ် ဖတ်၍ အကြိမ် ကြိမ် ကိုယ်ပိုင်ဉာဏ်ဖြင့်၊ စဉ်းစားဘို့ လိုလေသည်၊ ဤသို့

ဖတ်၍ စဉ်းစား တွေးတောမိ လေလေ နတ်နဲ၍ နက်နဲ၍ သွားလေဖြစ်သော သုတ်ပင်ဖြစ်၏။

မိမိ၏ ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြုသူ စဉ်းစား တွေး တောခြင်းကင်းသူများအတွက် အမြင်နက်၍အသိခက်သော တရားဖြစ်ခဲ့၏၊ **ထို့ကြောင့်-**

အို .. အချင်းလူသား၊ အထပ်ထပ် ဖတ်၍ အကြိမ်ကြိမ် စဉ်းစားလော့၊ အမှန်သို့ ထိရောက်အောင် ကြံလော့၊ စည်လော့ ကိုယ်ပိုင် ဉာဏ်ကို အသုံးပြု၍ တွေးတောပါ လေလော့။

# ဘုရားပင့်

၁။ ဘုန်းတော် နေ့လ ထွန်းပလျှံဆို
ခြောက်ရောင်ကွန့်မြူး လွှန့်လူး လူလူ
လူ-နတ် အားလုံး ညွှတ်ကုန်းရသူ
ကျွန့်ထိပ်ဦး....ကွန့်မြူးစံတော်မူ။

၂။ ထောင်ရောင်လျှပ်ဝင်း ရောင်မင်းသရဖူ
ဗုဒ္ဓနေဝန်း ပေါ်ထွန်းထွက်ပြူ
ပါမီစုံရင့် ငုံပွင့်စေသူ
ကျွန့်ထိပ်ဦး....ကွန့်မြူ စံဘော်မူ။

၃။ ဉာဏ်တော်ကွန်ယက် ပြိုးပြက်သရဖူ
တုဘော်ပြိုင်ဘက် ဆိုင်ဘက်မပြူ
တဏှာဝဋ်ဂျေး ချွတ်ဆေးနိုင်သူ
ကျွန့်ထိပ်ဦး....ကွန့်မြူးစံတော်မူ။

၄။ ကမ္ဘာ့ဆင်းရဲ ဖြိုခွဲဖျက်သူ
ကမ္ဘာ့မှောင်တွင်း အလင်းပြသူ
ကမ္ဘာအေးလမ်း ဖြောင့်တန်းညွှန်သူ
ကျွန့်ထိပ်ဦး....ကွန့်မြူးစံတော်မူ။

၅။ သံသာညွှန်ညစ် ကျွန်နစ် ဟိန္ဒဂူ
သားချစ်ရာဟု မျှော်ရှုပုံတူ
ကျဉ်းကုန်းတက်သို့ ဆွဲလျှက်တင်သူ
ကျွန့်ထိပ်ဦး....ကွန့်မြူးစံတော်မူ။

# ဘုရားဂုဏ်တော်

၁။ အရဟံအစ (နဝ) ဂုဏ်တော်
သုံးဘုံလွှမ်းမိုး တန်ခိုးတေဇော်
မြတ်စွာထွင့်ဖျား ညွှတ်တွားကော်ရော်
လွန်မြတ်နိုး ရှိခိုး ကျွန်ုပ်ဇော်။

၂။ နီလ,ပီတ,ခြောက်ဝ ရောင်တော်
အမောင်ပယ်ခွင်း ထွန်းလင်းပြန်သော်
မြတ်စွာထွင့်ဖျား ညွှတ်တွားကော်ရော်
လွန်မြတ်နိုး ရှိခိုးကျွန်ုပ်ဇော်။

၃၊ ဣသရိယ စသည့်ဘုန်းတော်
သုံးဘုံရိုက်ချိုး တိုက်လုံးလွှမ်းကျော်
မြတ်စွာထွင့်ဖျား ညွှတ်တွားကော်ရော်
လွန်မြတ်နိုး ရှိခိုး ကျွန်ုပ်ဇော်။

၄။ ညေးယျခံငါး ထင်ရှားသိသော်
သဗ္ဗညုတ ဉာဏတေဇော်
မြတ်စွာထွင့်ဖျား ညွှတ်တွားကော်ရော်
လွန်မြတ်နိုး ရှိခိုး ကျွန်ုပ်ဇော်။

၅။ ဒေဟိ ခံမစ် မာန်စစ် ငါးဖော်
ဗောဓိညောင်နန်း အောင်ပန်းဆင်သော်
မြတ်စွာထွင့်ဖျား ညွှတ်တွားကော်ရော်
လွန်မြတ်နိုး ရှိခိုး ကျွန်ုပ်ဇော်။

# တရားဂုဏ်တော်

၁။ ကောင်းစွာဟောကြား ဒို့ဖျားထိပ်တင်
လာလှည့် ကြည့်လှည့် ဆိုသည့်ပုံသွင်
သံဒိဋ္ဌိက ဒိဋ္ဌ ကျိုးမြင်
တရားမြတ် မလပ် ရှိဦးတင်။

၂။ ချိန်ခါမလင့် မဖင့်ဆောလျှင်
ချက်ခြင်း လက်ငင်း ထင်လင်းကျိုးမြင်
ဝဋ်စခမ်းမှ ကျွတ်လမ်းကိုထွင်
တရားမြတ် မလပ် ရှိဦးတင်။

၃။ သံသာစက်ကြီး ဖျက်ဆီးကုန်စင်
ဖြစ်မီး,အိုမီး သေမီးခရင်
ကိလေသာဝဋ် အလွတ်ရှောင်ကျဉ်
တရားမြတ် မလပ် ရှိဦးတင်။

၄။ သိမ်မွေ့ခက်ခဲ နက်နဲကျင့်စဉ်
ပညာရှင်များ မျက်ဝါးထင်ထင်
ကိုယ်တိုင်ကျင့်မှ ကိုယ်သိ ကိုယ်မြင်
တရားမြတ် မလပ် ရှိဦးတင်။

၅။ သတ္တဝါများ သနားဒို့ရှင်
နှစ် ၄၅ ဟောကြားနေ့စဉ်
စ,လယ်,အဆုံး ပုလဲကုံးသွင်
တရားမြတ် မလပ် ရှိဦးတင်။

# သံဃဂုဏ်တော်

၁။ ကောင်းစွာဖြောင့်စင်း ကျင့်ခြင်းမှန်သော်
ရှိသေကျင့်ဘိ အသိမချော်
အရိယာဇာတ် အမြတ်ရှစ်ဖော်
လက်အုပ်ပန်း ရှင်လန်း ဒို့ပူဇော်။

၂။ ယောလည်းလေးချက် လယ်ခွက်ပုံလျှော်
ကုသိုလ်စေ့မျိုး စိုက်ပျိုးရာနှော်
အရိယာဇာတ် အမြတ်ရှစ်ဖော်
လက်အုပ်ပန်း ရှင်လန်း ဒို့ပူဇော်။

၃။ ကျင့်စခမ်းနှင့် ကျင့်လမ်းစုံသော်
မဂ္ဂင်ဖော်ကြီး တက်စီးပျော်ပျော်
အရိယာဇာတ် အမြတ်ရှစ်ဖော်
လက်အုပ်ပန်း ရှင်လန်း ဒို့ပူဇော်။

၄။ ကိလေသာညစ် ဝဋ်မြစ်ဆေးလျှော်
နိဗ္ဗာန်မြို့နန်း ဖြောင့်တန်းရည်ရော်
အရိယာဇာတ် အမြတ်ရှစ်ဖော်
လက်အုပ်ပန်း ရှင်လန်း ဒို့ပူဇော်။

၅။ လောကထွင့်ထား ဒို့ဖျားမိန့်တော်
အားသစ်ကြိုးပန်း ရွက်ထမ်းပျော်ပျော်
အရိယာဇာတ် အမြတ်ရှစ်ဖော်
လက်အုပ်ပန်း ရှင်လန်း ဒို့ပူဇော်၊

No. 35

# ခန္ဓာ ငါးပါး သရုပ်၊

၁။ ပြုပြင်ဆေးသုတ် ပေါင်းထုပ်မွန်းမံ
ဤရုပ် ထိုရုပ် ရေမြှုပ်သဏ္ဌာန်
မခိုင်မြဲလို့ ဆင်းရဲပူပန်
အကာကျ သာရ ကင်းမဲ့ပြန်။

၂။ သာယာနှစ်သက် ခံခက်နှစ်တန်
ဝေဒနာစက် ရေပွက်သဏ္ဌာန်
မခိုင်မြဲလို့ ဆင်းရဲပူပန်
အကာကျ သာရကင်းမဲ့ပြန်။

၃။ ကြောင်းအကျိုးနှင့် ကောင်းဆိုးမှတ်ရန်
သညာနာမ်ဓာတ် တံလျှပ်သဏ္ဌာန်
မခိုင်မြဲလို့ ဆင်းရဲပူပန်
အကာကျ သာရ ကင်းမဲ့ပြန်။

၄။ ပြုပြင်ပြောင်းလဲ ဖေါက်လွဲဖေါက်ပြန်
သင်္ခါရကျွော ငှက်ပျောသဏ္ဌာန်
မခိုင်မြဲလို့ ဆင်းရဲပူပန်
အကာကျ သာရ ကင်းမဲ့ပြန်။

၅။ သွင်ပြင်ဖေါက်ပြား မှောက်မှားစေရန်
ဝိညာဏ်လက်လှဲ မျက်လှည့်သဏ္ဌာန်
မခိုင်မြဲလို့ ဆင်းရဲပူပန်
အကာကျ သာရ ကင်းမဲ့ပြန်။

၆။ ရုပ်ကိုငါစွဲ ငါထဲရုပ်မြင်
ငါတွင်ရုပ်ဆိုက် ရုပ်၌ငါထင်
ရုပ်ပြိုကွဲတော့ ငါလဲပျက်အင်
ငိုမည်ကြွေး ပူဆွေး သောကဝင်။

၇။ နာမ်ကိုငါစွဲ နာမ်ထဲငါမြင်
နာမ်တွင်ငါဆိုက် နာမ်၌ငါထင်
နာမ်ချုပ်စဲတော့ ငါလဲပျက်အင်
ငိုမည်ကြွေး ပူဆွေး သောကဝင်။

# မမ္ဗစက္ကပဝတ္တနသုတ် ပါဠိတော်

၁။ ဘိက္ခုနံ ပဉ္စ ဝဂ္ဂိနံ၊ ဉာသိပတနေ နာမကေ မိဂဒါ ခယေ မ္မေဝခံ၊ ယံ တံ နိဗ္ဗာန ပါပကံ။ သဟမ္ပတိ နာမကော န မဟာဗြဟ္မေန ယာစိတော၊ စတုသစ္စံပကာသေန္တော လောက နာထော အဒေ သယိ။ ။ နန္ဒိတံ သဗ္ဗဒေဝေဟိ သဗ္ဗ သမ္ပတ္တိ သာဓကံ၊ သဗ္ဗလောက ဟိ တတ္ထာယ၊ ဓမ္မ စက္ကံ ဘဏာမ ဟေ။

၂။ ဧဝံ မေသုတံ၊ ဧကံသမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဉာသိပတနေ မိဂဒါယေ၊ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

၃။ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိ တဗ္ဗာ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမ သု ခလ္လိကာ နုယောဂေါ ဟိနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထ သံဟိတော၊ ယောစာယံ အတ္တ ကိလ မထာ နုယောဂေါ၊ ဒုက္ခော အနရိယော၊ အနတ္ထ သံဟိ တော။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အန ပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိ သမ္ဗုဒ္ဓါ၊ စက္ခု ကရဏီ၊ ဉာဏကရဏီ ဥပသမာယ၊ အဘိညာယ၊ သမ္ဗော ဓာယ နိဗ္ဗာနာယ သံ ဝတ္တတိ။ ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိ သမ္ဗုဒ္ဓါ၊ စက္ခု ကရဏီ ဉာဏကရဏီ ဥပသမာယ၊ အဘိညာယ၊ သမ္ဗော ဓာယ၊ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

၄။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာ သင်္ကပ္ပေါ သမ္မာ ဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယမော သမ္မာသတိ သမ္မာ သမာဓိ၊

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ

၅။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယ သစ္စံ၊ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊ မရဏမ္ပိဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ။

၆။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယ သစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြ တတြာ ဘိနန္ဒိနီ။သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊

၇။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

၈။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၉။ ဣဒံ ဒုက္ခံ အရိယ သစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အန နုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

တံ ခေါ ပနိဒံ ဒုက္ခံ အရိယ သစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံဥဒပါဒိ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ အာလော ကော ဥဒပါဒိ။

တံ ခေါ ပနိဒံ ဒုက္ခံ အရိယ သစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ၊ အာလော ကော ဥဒပါဒိ။

၁၀။ ဣဒံ ဒုက္ခ သမုဒယံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံ ခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒ ပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာ လောကော ဥဒပါဒိ။

တံ ခေါ ပနိဒံ ဒုက္ခ သမုဒယံ အရိယ သစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု စက္ခုံ ဥဒ ပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာ လောကော ဥဒပါဒိ။

၁၁။ ဤဒံ ဒုက္ခ နိရောခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံ ခေါ ပနိဒံ ဒုက္ခ နိရောခံ အရိယ သစ္စံ သစ္ဆိကာ တဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံ ခေါ ပနိဒံ ဒုက္ခနိရောခံ အရိယသစ္စံ သစ္ဆိကတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၂။ ဤဒံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိသစ္စန္တိ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံ ခေါ ပနိဒံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံ ခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၃။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သ,ဒေဝကေ လောကေ သ,မာရကေ သ,ဗြဟ္မကေ သ,ဿမဏ ဗြဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏ ဒဿနံ သုဝိသုဒ္ဓံ အဟောသိ အထာဟံ ဘိက္ခဝေ သ,ဒေဝကေ လောကေ သ,မာရကေ သ,ဗြဟ္မကေ သ,ဿမဏ ဗြဟ္မဏိယာ ပဇာယ သ,ဒေဝ မနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ

၁၄။ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယ မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

## ဗုဒ္ဓ တက္ကသိုလ်၏ "ဓမ္မစကြာ" အနက်

(၁) ဘိက္ခဝေ ပဉ္စဝဂ္ဂီ၊ သညီဘွဲ့ထူး တပည့်ဦးတို့ ...။ ပဗ္ဗဇိတေန·ဘဝဝင်ဘောင်အလွတ်ရှောင်၍ကျွတ်အောင် ရည်မှန်း ထွက်ရပ်လမ်းကို ရှာမှီးသောသူသည်။ နသေဝိတဗ္ဗာ၊ အလျှင်းမစပ် မချဉ်းကပ်အပ်ကုန်သော။ အန္တာ၊ လက်ဝဲ-လက်ျာ, ဘယ်-ညာ,လွန်သွား အစွန်းတရား တို့သည်။ဣမေဒွေ၊ ဆိုလတံ့ပိုင်းခြား ဤနှစ်ပါးတို့ပင်တည်း

ကတမေဒွေ၊ အဘယ်နှစ်ပါးတို့ နည်းဟူမူကား။ ယော စာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ၊ ဝတ္ထု ကိလေ နှစ်တွေကာမ ဟူသမျှတို့ကို၊ အားရ နှစ်ခြိုက် အပျော်ဆိုက်၍ အင်တိုက်မနား အကြင်သုံးဆောင် ခံစား ခြင်း သဘောတရားသည်လည်း။ အတ္ထိ၊ ထင်လျှားမသွေ ရှိပချေ၏။ သော၊ ထို သဘောတရားသည်။ ဟီနော၊ ယုတ်ညံ့၏။ ဂမ္မော၊ ရိုင်းပြ၏။ ပေါ ထုဇ္ဇနိကော၊ အများ လူရှင် ပုထုဇဉ်တို့၏ အစဉ်မေ့မိုက် အလေ့စရိုက်သာ ဖြစ်ချေ၏။ အနရိယော၊ အရိယာ မကြိုက် အမိုက်တရား သာ ဖြစ်ချေ၏။ အနတ္ထ သံဟိတော၊ ခုရောနောင်ပါ ချမ်း သာတိုးပွား အကျိုးမများသော လုပ်ငန်း ဖြစ်ချေ၏။

ယောစာယံ အတ္တ ကိလ မထာ နုယောဂေါ၊ ကိုယ် ကို ညှဉ်းပန်း ကိလေခမ်းအောင် အရမ်းကျင့်ကြံ အကြင် မမှန်သော သဘောတရားသည်လည်း။ အတ္ထိ၊ ထင်လျှား မသွေ ရှိပချေ၏၊ သော၊ ထို သဘောတရားသည်။ ဒုက္ခော ပူပန်ကိုက်ခဲ အလွန် ဆင်းရဲလှချေ၏။ အနရိယော၊ အရိ ယာ မကြိုက် အမိုက်တရားသာ ဖြစ်ချေ၏။ အနတ္ထ သံဟိ တော၊ ခုရောနောင်ပါ ချမ်းသာတိုးပွား အကျိုးမများ သော လုပ်ငန်း ဖြစ်ချေ၏။

(၂) ဘိက္ခဝေ ပဗ္ဗဇိတ၊ သညီပြန့်ဖြူး တပည့်ဦးတို့ ဧတေ ခေါ ဥဘော အန္တေ၊ လက်ဝဲ-လက်ျာ,များစွာ ခြား နား ဤ ဆိုအပ်ခဲ့ပြီးသော အစွန်းတရား နှစ်ပါးတို့ကို။ အနုပ ဂမ္မ၊ မချဉ်းမကပ် မနီးစပ်ဘဲ ကင်းပြတ် ရှောင်ရှား

ဖယ်ပြစ်ထား၍။ မဇ္ဈိမာ ပဋိပဒါ၊ မကွေ့မကောက် အမှန်ရောက်အောင် ဖြောင့်ဖြောင့်တန်းတန်း အလယ် လမ်းကျင့်စဉ်ကို။ တထာဂတေန၊ သင်တို့ရှေ့သွား ငါ ဘုရားသည်။ အဘိ သမ္ဗုဒ္ဓါ၊ ဗောဓိပင်ခြေ ပလ္လင်ဘွေ့၌ သေချာထင်ထင် သိမြင်ခဲ့လေပြီ။ သာ၊ထို မကျယ် မဝှမ်း တကာယ်မြန်းရမည့် အလယ်လမ်း ကျင့်စဉ်သည်။ စက္ခု ကရဏီ။ သမ္မာချက်စီ၊ ရာနှုန်းပြည့်အောင် အတိအလင်း သိမြင်ခြင်းကို ဖြစ်စေနိုင်၏။ ဉာဏ ကရဏီ၊ ကြောင်းကျိုး အမှန် အသိဉာဏ်ကို ကောင်းဖြစ်စေနိုင်၏။ ဥပသမာယ၊ ငြိမ်းချမ်းခြင်းငှာရင်း။ အဘိညာယ၊ ထိုးထွင်း၍ သိမြင် ခြင်းငှာရင်း။ သမ္ဗောဓာယ၊ အမှန်အတိုင်း သိမြင်ခြင်းငှာ ရင်း။ နိဗ္ဗာနာယ၊ ကိလေအားလုံး ကုန်ဆုံးချုပ်ငြိမ်းခြင်း ငှာရင်း။ သံဝတ္တတိ၊ ကောင်းစင်စစ် အမှန်ပင် ဖြစ်ချေ၏။

(၃) ဘိက္ခဝေ၊ ငါးဦးစုံညီ လက်အုပ်ချီ၍ ရှင်ကြည် စိတ်ပွား ရဟန်းများတို့၊ အဋ္ဌာဂတေန၊ သင်တို့ရှေ့သွား ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ဗောဓိပင်ခြေ ပလ္လင်ဘွေ့၌ သေချာထင်ထင် သိမြင်တော်မူခဲ့သော။ယာမဇ္ဈိမာ ပဋိ ပဒါ၊မကွေ့မကောက် အမှန်ရောက်အောင် ဖြောင့်ဖြောင့် တန်းတန်း အကြင် အလယ်လမ်း ကျင့်စဉ်သည်။ စက္ခု ကရဏီ၊ သမ္မာမျက်စိ ရာနှုန်းပြည့်အောင် အတိအလင်း သိမြင်ခြင်းကို ဖြစ်စေနိုင်၏။ဉာဏ ကရဏီ၊ ကြောင်းကျိုး အမှန် အသိဉာဏ်ကို ကောင်းဖြစ်စေနိုင်၏။ ဥပသမာယ၊ ငြိမ်းချမ်းခြင်းငှာ ရင်း။ အဘိညာယ၊ ထိုးထွင်း၍ သိမြင် ခြင်းငှာရင်း။သမ္ဗောဓာယ၊ အမှန်တရားကို အမှန်အတိုင်း

သိမြင်ခြင်းငှာရင်း။ နိဗ္ဗာနာယ၊ ကိလေသာအားလုံး ကုန်ဆုံးချုပ်ငြိမ်းခြင်းငှာရင်း။ သံဝတ္တတိ၊ ကောင်းစွာ အမှန်ပင်ဖြစ်ချေ၏။သာစ၊ မကွေ့မကောက် အမှန်ရောက်အောင် ဖြောင့်ဖြောင့်တန်းတန်း ထိုသည့် အလယ်လမ်းကျင့်စဉ်သည်ကား။ ကတမာ၊ အဘယ်နည်း။ အရိယော၊ အရိယာတို့၏ လက်သုံးဖြစ်သော။ အယမေဝ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ အင်္ဂါရှစ်တန် ဝေဘန်ပိုင်းခြား ဤမဂ္ဂင်တရားပင်ဖြစ်ပေသတည်း။

ဉာဒံ၊ မဂ္ဂင် ရှစ်ပါး အမြတ် တရား ဆို သည် ကား။ သေယျထာ ကတမာ၊ အဘယ်တရားတို့ပေနည်း။ သမ္မာဒိဋ္ဌိ၊ မှန်သောအမြင်ကိုရင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်သောတွေးတောမှုကိုရင်း။ သမ္မာဝါစာ၊ မှန်သော ပြောဆိုမှုကိုရင်း။ သမ္မာကမ္မန္တော မှန်သော လုပ်ကိုင်မှုကိုရင်း။ သမ္မာအာဇီဝေါ၊ မှန်သော အသက်မွေးမှုရင်း။ သမ္မာဝါယာမော၊ မှန်သော အားထုတ်မှုကိုရင်း။ သမ္မာသတိ၊ မှန်သော အောင်းမေ့မှုကိုရင်း။ သမ္မာသမာဓိ၊ မှန်သော တည်ငြိမ်မှုကိုရင်း၊

(၄) ဘိက္ခဝေ ပဉ္စ ဝဂ္ဂီ၊ သညီဘွဲ့ထူး တပည့်ဦးတို့ တထာဂတေန၊သင်တို့ရှေ့သွား ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ဗောဓိပင် ခြေ ပလ္လင်ဘွေ၌ သေချာထင်ထင် သိ မြင် တော် မူ ခဲ့ သော။ ယာမဇ္ဈိမာ ပဋိပဒါ၊ မကွေ့မကောက် အမှန်ရောက်အောင် ဖြောင့်ဖြောင့်တန်းတန်း အကြင် အလယ်လမ်း ကျင့်စဉ်သည်။စက္ခုကရဏီ သမ္မာမျက်စိ ရာနှုန်းပြည့်အောင် အတိ အလင်း သိမြင်ခြင်းကို

ဖြစ်စေနိုင်၏။ ဉာဏ ကရဏီ၊ ကြောင်းကျိုးအမှန် အသိ ဉာဏ်ကို ကောန်ဖြစ်စေနိုင်၏။ဥပသမာယ၊ ငြိမ်းချမ်းခြင်း ငှာရင်း။ အဘိညာယ၊ ထိုးထွင်း၍ သိမြင်ခြင်းငှာရင်း။ သမ္ဗောဓာယ၊ အမှန်တရားကို အမှန်အတိုင်း သိမြင်ခြင်း ငှာရင်း။ နိဗ္ဗာနာယ၊ ကိလေအားလုံး ကုန်ဆုံးချုပ်ငြိမ်း ခြင်းငှာရင်း။သံဝတ္တတိ၊ ကောန်စင်စစ် အမှန်ပင်ဖြစ်ချေ၏ သာ။ မကွေ့မကောက် အမှန်ရောက်အောင် ဖြောင့် ဖြောင့် တန်းတန်း ထို အလယ်လမ်း ကျင့်စဉ်သည်။အယံ ခေါ၊ ဤ မဂ္ဂင်ရှစ်ပါး အမြတ်တရားသာတည်း။

(၅) ဘိက္ခဝေ ပဋ္ဌဝဂ္ဂီ၊ သညီဘွဲ့ထူး တပည့်ဦးတို့.... ဣဒံ ခေါ ပန၊ ဤ ဟောလတံ့သည်ကား၊ ဒုက္ခံ အရိယ သစ္စံ၊ ဆင်းရဲခြင်း၏ မယွင်းကောန် ဒုက္ခသစ္စာအမှန်ဖြစ်ပေ ၏။ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ဒုက္ခာ၊ ဆင်း ရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း၊ ဒုက္ခာ၊ ဆင်းရဲ၏၊ ဗျာဓိပိ၊ နာရခြင်းသည်လည်း၊ ဒုက္ခော၊ ဆင်းရဲ၏။ မရ ဏမ္ပိ၊ သေရခြင်းသည်လည်း၊ ဒုက္ခံ၊ ဆင်းရဲ၏။ အပိ ယေဟိ သမ္ပယောဂေါ၊ မချစ်မနှစ် သက်သော သူတို့နှင့် ပေါင်းဆည်းတွေ့ကြုံရခြင်းသည်လည်း၊ဒုက္ခော၊ဆင်းရဲ၏ ပိယေဟိ ဝိပ္ပယောဂေါ၊ ချစ်ခင်နှစ်သက်သော သူတို့နှင့် ကွေကွင်းရခြင်းသည်လည်း၊ ဒုက္ခော၊ ဆင်းရဲ၏။ ယံပစ္ဆံ အကြင်အလိုရှိသော အရာကို။ န လဗ္ဘတိ၊ လက်ဆုတ် လက်ကိုင် မရနိုင်။ တမ္ပိ၊ ထိုသို့ မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အတို အကျဉ်းနှင့် လိုရင်း ကို ဆိုရသည်ရှိသော်။ ပဉ္စုပါဒါနက္ခန္ဓာပိ ‘ဥပါဒါန်

စွဲကပ်သည့် ရုပ်နာမ်တရား ငါးရပ်သော ခန္ဓာတို့သည်လည်း၊ ဒုက္ခာ၊ ဆင်းရဲထင်ရှား ဒုက္ခသဘောတရားတို့သာ ဖြစ်ကြကုန်၏။

(၆) ဘိက္ခဝေ ပဥ္စဝဂ္ဂီ၊ သညီပြန့်ဖြူး တပည့်ဦးတို့....၊ ဣဒံ ခေါ ပန၊ ဤ ဆိုလတံ့သည်ကား၊ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဝဋ်ဆင်းရဲ၏ မလွဲကေန် အကြောင်းမှန်သစ္စာ တရားပေတည်း။ ယာယံတဏှာ အကြင်တဏှာသည် ပေါနောဗ္ဘဝိကာ၊ ဘဝ အသစ်ဘဖန် ဖြစ်စေတတ်၏။ နန္ဒီရာဂ သဟဂတာ၊ နှစ်သက် စွဲလန်းမှုတို့နှင့် ခွဲခြမ်းလို့ မရအောင် ပူးတွဲယှဉ်ကပ်လျက် နေချေ၏၊ တတြတတြာ ဘိနန္ဒိနီ၊ ထိုထိုဖြစ်လေရာ ဘဝဇာတ်တို့၌ အပြင်းတလစပ် ယှင်းမလပ်အောင် တွဲကပ်နှစ်သက်၍ နေချေ၏ ဣဒံ၊ ဤသို့ တွဲကပ်နှစ်သက်တတ်သော တဏှာသည်။ သေယျထာကတမံ၊ အဘယ်နည်းဟူမူကား၊ ကာမတဏှာစ၊ ဝတ္ထုကိလေ နှစ်ထွေကာမတို့၌၊ ခွာမရအောင် စွဲကပ်တတ်သော တဏှာသည်၎င်း။ ဘဝတဏှာစ ဤဘဝ ထိုဘဝတို့၌ မြဲချမတတ် စွဲလန်းတတ်သော တဏှာသည်၎င်း၊ ဝိဘဝတဏှာစ၊ ဘဝဇာတ်မြုံ အားလုံးချုံ၍ စွဲလန်းတတ်သော တဏှာ၎င်း။ ဣတိ၊ ဤ သုံးပါးတို့ပေတည်း။

(၇) ဘိက္ခဝေ၊ ငါးဦးစုံညီ လက်အုပ်ချီ၍ ရှင်ကြည်စိတ်ပွား ရဟန်းများတို့။ ဣဒံ ခေါ ပန၊ ဤ ဆိုလတံ့သည်ကား၊ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဆင်းရဲခပင်း ကျန်

မကြွင်းအောင် ပြောက်ကင်းအဟုတ် ငြိမ်းချုပ်ကေန် နိရောဓ သစ္စာမှန်ပေ၏။ တဿယေဝ တဏှာယ၊ ပုပ္ပရူရူ သဗ္ဗာဝ ါဟူသမျှတို့၏ မူလအမြစ် ပင်ရင်းဖြစ်သော စွဲခြင်း သမုဒယ၏ သာလျှင်။ယော အသေသ ဝိရာဂ နိရောဓော အကြွင်းအကျန်မထင် ကော်ဂျေးစင်၍ အကြင်ချုပ်ငြိမ်း ခြင်း သဘောတရားသည်။ အတ္တိ မုချကေန် အမှန်ရှိချေ၏ သော၊ ထို သဘောကရားသည်၊စာဂေါ၊ စင်းလုံးကွင်း ကျွတ် အပြီးစွန့်လွှတ် လိုက်ခြင်းသည်။ ပဋိနိဿဂ္ဂေါ၊ ပြောင်တိုက်ညင်းဆန် အတင်းကန်၍ ပယ်လှန်လိုက်ခြင်း မည်၏။ မုတ္တိ၊ သမုဒယ ကျော့ကွင်း နှောင်ကြိုးတွင်းမှ ကင်းရှင်း လွတ်မြောက် ခြင်း မည်၏။ အနာလယော၊ တဏှာရစ်မှေးကော်အစေးနှင့်ဝင့်ဆေးပျက်ပြယ် အတွယ် အတာ မရှိခြင်းမည်၏။

(ဂ) ဘိက္ခဝေ ပဋ္ဌ ဝဂ္ဂီ၊ သညီဘွဲ့ထူး တပည့်ဦးတို့.... ဣဒံ ခေါ ပန၊ ဤ ဆိုလတံ့သည်ကား။ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲကွာရှောင် နိဗ္ဗာန် သောင်သို့ ရောက်အောင်မနှေး ဝင့်ဘေးတော်လှန် လမ်း စဉ်မှန်သည် သာလျှင်တည်း။အယမေဝ အရိယော အဋ္ဌင်္ဂိ ကော မဂ္ဂေါ၊ မွန်မြတ်မှန်ကန် ရှစ်တန်ပိုင်းခြား ဤမဂ္ဂင် တရားသာလျှင် ဖြစ်ပေသတည်း၊ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါး ကျင့်စဉ် တ ရား ဆို သည် ကား။ သေယျထာ ကတမံ၊ အဘယ်နည်း၊ သမ္မာဒိဋ္ဌိ၊ မကွေ့မကောက် မဖေါက်မပြန် တည့်မတ် မှန်ကန်သော အမြင်မှန်ရင်း။ သမ္မာသင်္ကပ္ပေါ မကွေ့မကောက် မဖေါက်မပြန် ဖြောင့်မှန်သော ကြံစည်

မှုရင်း။ သမ္မာဝါစာ၊ မကွေ့ မကောက် မဖေါက် မပြန် တကယ်မှန်သောဝစီကံမှုကိုရင်း။သမ္မာကမ္မန္တော၊မကွေ့ မကောက် မဖေါက် မပြန် တကယ်မှန်သော ကာယကံ မှုကိုရင်း။ သမ္မာအာဇီဝေါ၊ မကွေ့မကောက် မဖေါက် မပြန် တကယ်မှန်သော အသက်မွေးမှုကိုရင်း။ သမ္မာ ဝါယမော၊ မကွေ့မကောက် မဖေါက် မပြန် တကယ် မှန်သော အားထုတ်မှုကိုရင်း။ သမ္မာသတိ၊ မကွေ့ မကောက် မဖေါက်မပြန် တကယ်မှန်သော အောင်းမေ့ မှုကိုရင်း။ သမ္မာသမာဓိ၊ မကွေ့ မကောက် မဖေါက် မပြန် တကယ်မှန်သော တည်ငြိမ်မှုကိုရင်း။ ဉာတိ၊ ရေတွက် ပိုင်းခြား ဤ ရှစ်ပါးတို့ သာတည်း။

(၉) ဘိက္ခဝေ ပဌ ဝဂ္ဂိ၊ သညီပြန့်ဖြူး တပည့်ဦးတို့ ဉာဒံ၊ ဤ သဘောတရားသည်။ ဒုက္ခ အရိယ သစ္စံ၊ ဆင်း ရဲကေန် အမှန်ဖြစ်ပေသော အရိယသစ္စာ ဖြစ်ပေ၏။ဉာတိ ဤသို့ သိမြင်သည်နှင့် တပြိုင်နက်။ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ပုဗ္ဗေ၊ လွန်ပြီးကာလ ရှေးသမယ၌။ အနနုဿု တေသု၊ ကြားမှ မကြားဘူး အလွန်ထူးကုန် သော။ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။ စက္ခုံ၊ မျက်စိ သည့်။ ဥဒပါဒိ၊ ထင်လျှားဖြစ်ပေါ်ခဲ့လေပြီ။ဉာဏံ၊အသိ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ပညာ ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ဝိဇ္ဇာ ထူးခြားသော အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ် ပေါ်ခဲ့လေပြီ။ အာလောကော အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

တံခါပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ဆင်းရဲအမှန်ဟု ဆို အပ်သော ထို ဒုက္ခသစ္စာသည်ကား၊ ပရိညေယျံ၊ ပိုင်း ခြားဝေဖန် အမှန်သိမြင်ရသော တရားပေတည်း။ ဉာတိ၊ ဤသို့ သိမြင်သည်နှင့် တပြိုင်နက်။ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ပုဗ္ဗေ၊ လွန်ပြီးကာလ ရှေးသမယ၌။ အန နုဿုတေသု၊ ကြားမှ မကြားဘူး အလွန်ထူးကုန်သော ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။ စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဉာဏံ၊ အသိ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဝိဇ္ဇာ၊ ထူးခြားသော အသိဉာဏ်သည်၊ ဥဒပါဒိ၊ ထင်ရှား ဖြစ် ပေါ်ခဲ့လေပြီ။ အာလောကော၊ အလင်းရောင်သည်။ ဥဒ ပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

တံခါပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ဆင်းရဲအမှန်ဟု ဆို အပ်သော ထို ဒုက္ခသစ္စာတရားကိုလည်း။ ပရိညာတံ၊ ပိုင်းခြားဝေဖန် ကောန်ထင်ထင် သိမြင်ခဲ့လေပြီ။ ဉာတိ၊ ဤသို့ အသိဉာဏ်ရသည်နှင့်တပြိုင်နက်။ မေ၊ သင်တို့ရှေ့ သွား ငါဘုရားအား။ ပုဗ္ဗေ၊လွန်ပြီးကာလ ရှေးသမယ၌ အနနုဿုတေသု၊ ကြားမှ မကြားဘူး အလွန် ထူးကုန် သော၊ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။ စက္ခုံ၊ မျက်စိ သည်။ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဉာဏံ၊ အသိ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဝိဇ္ဇာ၊

ထူးခြားသော အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ် ပေါ်ခဲ့လေပြီ။ အာလောကော၊ အလင်းရောင်သည် ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

(၁၀) ဘိက္ခဝေ ပဉ္စ ဝဂ္ဂီ သညီဘွဲ့ထူး တပည့်ဦးတို့။ ဣဒံ၊ ဤ သဘောတရားသည်ကား။ ဒုက္ခ သမုဒယံ အရိယ သစ္စံ၊ ဆင်းရဲခြင်း၏ ပင်ရင်းဇာကန်အကြောင်းမှန် ဖြစ် ပေသတည်း။ဣတိ၊ ဤသို့ အသိဉာဏ်ရသည်နှင့် တပြိုင် နက်။ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ပုဗ္ဗေ၊ လွန် ကာလ ရှေးသမယ၌။ အနနုဿုတေသု၊ ကြားမှ မကြားဘူး အလွန်ထူးကုန်သော။ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။ စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ထင် ရှားဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ထင် ရှား ဖြစ်ပေါ်ခဲ့လေပြီ၊ ဝိဇ္ဇာ၊ ထူးခြားသော အသိဉာဏ် သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ အာလော ကော၊ အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့ လေပြီ။

တံခေါ ပနိဒံ ဒုက္ခ သမုဒယံ အရိယသစ္စံ၊ ဆင်းရဲခြင်း ၏ ပင်ရင်းဇာကန် အကြောင်းမှန်ဖြစ်သော ထို သဘော တရားသည်ကား။ပဟာတဗ္ဗံ၊ မညီမတွယ် စွန့်ပယ်ရမည့် တရားပေတည်း။ ဣတိ၊ ဤသို့ အသိဉာဏ်ရသည်နှင့် တပြိုင်နက်။ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ပုဗ္ဗေ၊ လွန်ပြီးကာလ ရှေးသမယ၌။ အနနုဿုတေသု ကြားမှ မကြားဘူး အလွန်ထူးကုန်သော။ ဓမ္မေသု၊ သဘာဝ

တရားမှန်တို့၌။ စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ ထင်ရှား ဖြစ်ပေါ် ခဲ့လေပြီ။ ဝိဇ္ဇာ၊ ထူးခြားသော အသိ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ အာ လောကော၊ အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ် ပေါ်ခဲ့လေပြီ။

တံခေါ ပနိဒံ ဒုက္ခ သမုဒယံ အရိယသစ္စံ ဆင်းရဲခြင်း ၏ ပင်ရင်းကြောင်း အကြောင်းမှန်ဖြစ်သော ထို သဘော တရားကိုလည်း။ ပဟီနံ၊ ကြွင်းမဲ့ဥဿုံ အကုန်ပယ်ခဲ့ လေပြီ။ ဣတိ၊ ဤသို့ အသိဉာဏ်ရသည်နှင့် တပြိုင်နက် မေးသင်တို့ရှေ့သွား ငါဘုရားအား။ပုဗ္ဗေ၊လွန်ပြီးကာလ ရှေးသမယ၌။ အနနုဿုတေသု၊ ကြားမှ မကြားဘူး အလွန်ထူးကုန်သော၊ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌ စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့ လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ် ခဲ့လေပြီ။ ဝိဇ္ဇာ၊ထူးခြားသော အသိဉာဏ်သည်၊ ဥဒပါဒိ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။အာလောကော၊ အလင်းရောင် သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

(၁၁) ဘိက္ခဝေ ပဥ္စ ဝဂ္ဂီ သညီပြန့်ဖြူး တပည့်ဦးတို့ ဣဒံ၊ ဤ သဘောတရားသည်ကား။ ဒုက္ခ နိရောဓံ အရိ ယ သစ္စံ၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းကြောင်း နိရောဓ သစ္စာ အမှန်ဖြစ်ပေသတည်း၊ဣတိ၊ ဤသို့အသိဉာဏ်ရသည်နှင့်

တပြိုင်နက်။ ခေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ပုဗ္ဗေ၊ လွန်ပြီးကာလ ရှေးသမယ၌အနနုဿု၊တေသု၊ ကြားမှ မကြားဘူး အလွန် ထူးကုန်သော၊ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ် ပေါ်ခဲ့လေပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင် ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ပညာသည်။ ဥဒပါဒိ၊ ထင် ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဝိဇ္ဇာ၊ ထူးခြားသော အသိဉာဏ် သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ၊ အာလော ကော၊ အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ် ခဲ့လေပြီ။

တံခေါ ပနိဒံ ဒုက္ခ နိရောဓံ အရိယ သစ္စံ၊ ဆင်းရဲ ခပ် သိမ်း ချုပ်ငြိမ်းကြောင်း နိရောဓံ ဆိုတဲ့ ထို အမှန်သဘော တရားသည်ကား။ သစ္ဆိကာတဗ္ဗံ၊ မုချဆတ်ဆတ် မျက် မှောက်ပြုအပ်သော သဘောတရားပေတည်း။ ဣတိ၊ ဤသို့အသိဉာဏ်ရသည်နှင့်တပြိုင်နက်။ မေ၊ သင်တို့ရှေ့ သွားငါဘုရားအား။ ပုဗ္ဗေ၊လွန်ပြီးကာလ ရှေးသမယ၌။ အနနုဿု တေသု၊ ကြားမှ မကြားဘူး အလွန် ထူးကုန် သော။ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။ စက္ခုံ၊ မျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ဉာဏံ၊အသိ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ပညာ ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ဝိဇ္ဇာ၊ ထူးခြားသော အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ် ပေါ်ခဲ့လေပြီ။ အာလောကော အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

တံခေါ ပနိဒံ ဒုက္ခ နိရောဓံ အရိယ သစ္စံ၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းကြောင်း နိရောဓ ဆိုတဲ့ ထို အမှန်သဘောတရားကိုလည်း၊ သစ္စိကတံ၊ မုချဆတ်ဆတ် မျက်မှောက်ပြုအပ်လေပြီ။ ဉာတိ၊ ဤသို့ အသိဉာဏ်ရသည်နှင့် တပြိုင်နက်။ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ပုဗ္ဗေ၊ လွန်ပြီးကာလ ရှေးသမယဉ္စ။ အန နုဿု တေသု၊ ကြားမှ မကြားဘူး အလွန်ထူးကုန်သော၊ ဓမ္မေသု သဘာဝတရားမှန်တို့၌။ စက္ခုံ၊ မျက်စိသည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ၊ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ဝိဇ္ဇာ၊ ထူးခြားသော အသိဉာဏ်သည် ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ၊ အာလောကော၊ အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

(၁၂) ဘိက္ခဝေ၊ငါးဦးစုံညီ လက်အုပ်ချီ၍ ရှင်ကြည်စိတ်ပွား ရဟန်းများတို့။ ဉာဒံ၊ ဤ သဘောတရားသည် ကား။ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ဆင်းရဲငြိမ်းကြောင်း တိမ်းမစောင်းဘဲ လမ်းကောင်းကျင့်စဉ် ဤ မဂ္ဂင် အမှန်ပင် ဖြစ်ပေသတည်း။ ဉာတိ၊ ဤသို့ အသိဉာဏ်ရသည်နှင့် တပြိုင်နက်။ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ပုဗ္ဗေ၊ လွန်ပြီးကာလ ရှေးသမယဉ္စ။ အန နုဿု တေသု၊ ကြားမှ မကြားဘူး အလွန်ထူးကုန်သော ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။ စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဉာဏံ၊ အသိဉာဏ်

သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ပညာ သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ဝိဇ္ဇာ ထူး ခြားသော အသိဉာဏ်သည်။ ဥဒပါဒိ ထင်ရှား ဖြစ်ပေါ် ခဲ့လေပြီ။ အာလောကော အလင်းရောင်သည်။ ဥဒပါဒိ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

တံခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဆင်းရဲသယိုက် အပြုတ်တိုက်ဘို့ အားတိုက်ကြိုးပန်း၍- အလယ်လမ်း ကျင့်စဉ်သည်ကား။ ဘာဝေတဗ္ဗံ မနား မရပ် ခြား,မလပ်အောင် အထပ်ထပ် ပွားများအပ်သော တရားပေတည်း။ ဣတိ၊ ဤသို့ အသိဉာဏ်ရသည်နှင့် တပြိုင်နက်။ မေ၊ သင်တို့ရှေ့သွား ငါဘုရားအား။ ပုဗ္ဗေ လွန်ပြီးကာလရှေးသမယ၌။ အနနုဿ၊ တေသု၊ကြားမှ မကြားဘူး အလွန်ထူးကုန်သော။ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌။ စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ထင် ရှားဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ထင် ရှား ဖြစ်ပေါ်ခဲ့လေပြီ၊ ဝိဇ္ဇာ၊ ထူးခြားသော အသိဉာဏ် သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ အာလော ကော၊ အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့ လေပြီ။

တံခေါ ပနိဒံ ဒုက္ခ နိရောခ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဆင်းရဲသယိုက် အပြုတ်တိုက်ဘို့ အားတိုက်ကြိုးပန်း ထို- အလယ်လမ်း ကျင့်စဉ်သည်ကား၊ ဘာဝိတံ၊ နေ့ခနား

No. 40

ညမရပ် ချိန်မလပ်အောင် အထပ်ထပ် ပွားများခဲ့လေပြီ၊ ဉာတိ၊ ဤသို့ အသိဥာဏ်ရသည်နှင့် တပြိုင်နက်။မေ၊သင်တို့ရှေ့သွား ငါဘုရားအား။ပုဗ္ဗေ၊လွန်ပြီးကာလ ရှေးသမယဝ္ဗ။ အနနုဿုတေသု၊ ကြားမှ မကြားဘူး အလွန်ထူးကုန်သော၊ ဓမ္မေသု၊ သဘာဝ တရားမှန်တို့၌၊ စက္ခုံ၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ ။ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်လေပြီ။ ဝိဇ္ဇာ၊ ထူးခြားသော အသိဥာဏ်သည်၊ ဥဒပါဒိ၊ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။ အာလောကော၊ အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

(၁၃) တိက္ခဝေ ပဥ္စ ဝဂ္ဂီ၊ သညီဘွဲ့ထူး တပည့်ဦးတို့ယာဝကီ ဝဥ္စ၊အကြင်မျှလောက် ကာလပတ်လုံး။ဉာမေသုစတူသု အရိယသစ္စေသု၊သစ္စာလေးပါး ဤ အမှန်တရားတို့၌။ ဇေ၀ံ တိပရိ ဝဋ္ဋံ၊ ဤသို့ သုံးထပ် သုံးလွှာရှိထသော ဒွါဒသာ ကာရံ၊ဤသို့ထူးခြား ၁၂-ပါးသော အချင်းအရာရှိထသော။ ယထာဘူတံ၊ သဘာဝကျကျ လေးနက် မှန်ကန်လှသော။မေ၊ သင်တို့ရှေ့သွား ငါဘုရား၏။ ဉာဏ ဒဿနံ၊အမှန်ဆင်ချင် ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ ညစ်ကြေးမတင် အလွန်သန့်ရှင်းစင်သည်။ န အဟောသိ မဖြစ်သေး။

တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အဟံ၊ သင်တို့ရှေ့သွား ငါဘုရားသည်။ သဒေဝတာ၊ နတ်နှင့်

တကွသော။ သမာရကော၊ မာန်မင်းနှင့် တကွသော။ သ,ဗြဟ္မကော၊ ဗြဟ္မာမင်းနှင့် တကွသော။ လောကော၊ လောကသုံးထပ် ဘုံသုံးရပ်၌ဝင်း။ သ,သမဏ ဗြဟ္မဏိယာ၊ရဟန်း ပုဏ္ဏားနှင့်တကွသော။ သ,ဒေဝ မနုဿာယ နတ် - လူ - ဗြဟ္မာ အကုန်ပါသော၊ ပဇာယ၊ သတ္တဝါ အပေါင်း၌ဝင်း။ အနုတ္တရံ၊အမြတ်ခေါင်ထိ ထို ထက်မြတ် မရှိသော။သမ္မာသမ္ဗောဓိ အရဟတ္တ မဂ်ဉာဏ်၊သဗ္ဗညုတ ဉာဏ်ကို၊ အဘိသမ္ဗုဒ္ဓေါ၊ ဆရာကင်းမဲ့ တပည့်မခံ အမှန် ထွင်းဖေါက် အလင်းသို့ ရောက်ခဲ့လေပြီ။ ဥတိ၊ ဤသို့ နပစ္စညာသိံ၊ ရဲရဲ ဝန့်ဝန့် မတွန့် မဆုတ် ကေခုတ်ဖြင့် အဟုတ်ကေန် ဝန်မခံနိုင်ခဲ့ချေ။

(၁၄) ဘိက္ခဝေ ပဉ္စဝဂ္ဂီ၊သညီပြန့်ဖြူး တပည့်ဦးတို့၊ ယတော၊အကြင်အခါ၌ကား။ပထာယ၊အစပြု၍၊ ဉာမေ သု စတူသု အရိယ သစ္စေသု၊ သစ္စာလေးပါး ဤ၌ အမှန် တရားတို့၌။ ဧဝံ တိပရိဝဋ္ဋံ၊ ဤသို့ သုံးထပ်သုံးလွှာ ရှိထ သော။ မေ၊ သင်တို့ရှေ့သွား ငါဘုရား၏။ ဉာဏဒဿနံ၊ အမှန်ဆင်ချင် ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ ညစ်ကြေး မတင် သန့်ရှင်းစင်သည်။ အဟောသိ ဖြစ်ပြီ။

အထ၊ ထို အခါမှ။ ပထာယ၊ အစပြု၍။ အဟံ၊ သင်တို့ ရှေ့သွား ငါဘုရားသည်။ သဒေဝကော၊ နတ်နှင့် တကွ သော။ သ,မာရကော၊ မာန်မင်းနှင့် တကွသော။သ,ဗြဟ္မ ကော၊ ဗြဟ္မာမင်းနှင့် တကွသော၊ လောကော၊ လောက သုံးထပ် ဘုံသုံးရပ်၌။သ,သမဏ ဗြဟ္မဏိယာ၊ ရဟန်း

ပုဏ္ဏားနှင့် တကွသော။ သဒေဝ မနုဿာယ၊ နတ်-လူ ဗြဟ္မာအကုန်ပါသော။ ပဇာယ၊ သတ္တဝါအပေါင်းဦးရင်း အနုတ္တရံ၊ အမြတ်ခေါင်ထိ ထို့ထက်မြတ် မရှိသော၊ သမ္မာ သမ္ဗောဓိံ၊ အရဟတ္တ မဂ်ဉာဏ်။ သဗ္ဗညုတဉာဏ်ကို အဘိသမ္ဗုဒ္ဓေါ၊ ဆရာကင်းမဲ့ တပည့်မခံ အမှန်ထွင်း ဖေါက် အလင်းသို့ ရောက်ခဲ့လေပြီ။ ဉာတိ၊ ဤသို့။ ပစ္စ ညာသိံ၊ ရဲရဲ ဝန့်ဝန့် ကြောက်မရွံ့ဘဲ မတွန့်မဆုတ် အဟုတ် ဝန်ခံ နိုင်ခဲ့လေပြီ။

မေ၊ သင်တို့ ရှေ့သွား ငါဘုရားအား။ ဒသနံ၊ ကြောင်းကျိုးဖြစ်စဉ် အကုန်မြင်သော။ ဉာဏဉ္စပန၊ သစ္စာ လေးတန် အသိဉာဏ်သည်လည်း။ ဥဒပါဒိ၊ ထင်ရှားဖြစ် ပေါ်ခဲ့လေပြီ။

မေ၊ သင်တို့ရှေ့သွား ငါဘုရား၏။ ဝိမုတ္တိ၊ သုံးထွေ ဝဋ်ဇာတ် ကျွတ်ထပ်မှ လွတ်လပ် အေးငြိမ်း မှု သည်။ အကုပ္ပါ၊ မလှုပ်မယိုင် အဟုတ်ခိုင်ခဲ့လေပြီ။ အယံ၊ ခန္ဓာ ငါးလီ စုံညီပေါင်းကြ ဤဘဝသည်။ အန္တိမာဇာတိ၊ နောက်ဆုံးလာဘိ၊ နှစ်ခါမရှိသော ဇာတိပင် ဖြစ်ချေ၏။ ဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ်ယူသော စနစ်သည်။ နတ္ထိ၊ ဝဋ်မြစ်မကြွင်း အကုန်ရှင်း၍ အလျှင်း မရှိ သာလျှင်တည်း။

( ပြီးပါပြီ )

ဗုဒ္ဓ တက္ကသိုလ်၏

# ဓမ္မစကြာ, အမေး-အဖြေ

(က) ဓမ္မစက်သုတ် ရွှေနှုတ်တော်ချွေ
သိလွယ်အောင်ရေး အမေး-အဖြေ
လေ့ကျင့်ပါကြ ဓမ္မမိတ်ဆွေ
သစ္စာပန်း ဆင်မြန်း နိုင်ကြစေ။

※

မေး။ ၁။ သစ္စာလေးဝ ဓမ္မစကြာ
တရားအုဌ်မြစ် အစစ်ဘယ်မှာ
ဘယ်သူတို့အား မှူးထားရှိသာ
မြိုက်စည်ကြီး တီးခဲ့ တို့မြတ်စွာ။

ဖြေ။ ၁။ မိဂဒါယ တောဝမြိုင်ခြေ
ဗာရာဏသီမြို့ကြီး အနီးမှာလေ
ဝဂ္ဂီ ငါးဦး မှူး၍ပုံသေ
မြိုက်စည်ကြီး တီးခဲ့ ထွင်ဘုန်းဟော။

မေး။ ၂။ သံသာဝဋ်ခမ်း ကျွတ်လမ်းကိုထွင်
လူရော ရှင်ရော ရဟန်းရောပင်
တိုရှည်နှစ်ခွ ဘယ်မှ ညာဝင်
ထွက်ရပ်လမ်း သိစမ်း လိုက်ပါချင်။

ဖြေ။ ၂။ ဘယ်လမ်းညာလမ်း သွယ်တန်းရှုပ်ပွေ
ရေခွလွှန်း တင်းလွှန်း အစွန်းနှစ်ထွေ
ပယ်ခွါဖြောင့်တန်း လယ်လမ်းမဋ္ဌေ
ထွက်ကြွမြန်း လိုက်စမ်း ခဲ့တော့လေ။

မေး။ ၃။ စိတ်လိုကိုယ်ကြိုက် လိုလိုက်တတွေ
အတင်းအကြမ်း ညှင်းပန်းကာယေ
အစွန်းနှစ်ပါး ရှောင်ရှားခွါသွေ
အလယ်လမ်း ဖြောင့်တန်း ပြပါလေ။

ဖြေ။ ၃။ မြင်မှန်တွေးတော ဆိုပြောကိုရည်
သက်မွေး လုပ်လှ မှတ်ရ တည်ကြည်
မဂ္ဂင် ရှစ်ခမ်း တက်လမ်းမှန်သည်
အလယ်လမ်း ဖြောင့်တန်း နိဗ္ဗာန်ရည်။

မေး။ ၄။ မိဂဒါယ တော၀မြိုင်ခွင်
စကြာတရား ဟောကြားဒို့ရှင်
သစ္စာလေးပါး ခြားနား ထင်ထင်
ကျဉ်းသရုပ် ဖေါ်ထုတ်ပြစေချင်။

ဖြေ။ ၄။ ဦးစွာဒုက္ခ ဇုဋ္ဌမြွက်ချေ
ထိုနောက်ကြောင်းပြု သမုဒယေ
နိရောနှင့် မဂ္ဂသစ္စေ
ကျဉ်းသရုပ် ဖေါ်ထုတ်ပြပြီလေ။

မေး။ ၅။ နိဗ္ဗာန်တရား စ,ထားသေချာ
ဟောသင့် ရက်သား ဘုရားမြတ်စွာ
ဘယ်ကြောင့် ဒုက္ခ ဗုဒ္ဓဦးစွာ
ဟောရကြောင်း ထပ်လောင်းဖြေလိုက်ပါ

ဖြေ။ ၅။ ထူပြောဆင်းရဲ ထူးကဲပေါ်လွင်
ကမ္ဘာသားတို့ မြက်ဝါးထင်ထင်
လွယ်ကူဟောပြ သိကြစေချင်
ဗိုဓ့ဗုဒ္ဓ ဒုက္ခရှေ့ဦးတင်။

မေး။ ၆။ သဘာ-သာရ ယခုဝေဖန်
သစ္စာ ဒုက္ခ မုချကေန်
ထင်ထင်ရှားရှား ပိုင်းခြားသိရန်
ဖြေပါကြောင်း ညွှတ်ပြောင်း ပဏ္ဍန်။

ဖြေ။ ၆။ မွေးခြင်း,အိုခြင်း,သေခြင်း,စက်လည်
မုန်းဆုံချစ်ကွဲ ဖြစ်မြဲအတည်
လိုဘာမရ ဒုက္ခမှန်သည်
ခန္ဓာတွဲ ဆင်းရဲမှန်လှသည်။

မေး။ ၇။ ထိုနောက်တခု သမုဒယေ
ဘယ်ပုံစေဖျား ဟောကြားမိန့်ချွေ
သဘောတရား ထင်လျားပုံသေ
ဆင်းရဲကြောင်းညာက်လောင်းဖြေတော့လေ

ဖြေ။ ၇။ စွဲကြွ မက်ကြွ ကာမဆာသည်
ဘဝအသစ် အချစ်မအိ
ဘဝပြတ်မှ မျှော်ရှုပြန်သည်
ကြောင်းဒုက္ခ ဖွင့်ဟာ ဖြေလိုက်ပြီ။

မေး။ ၁။ သာဓု-သာဓု မျှော်ရှုဝေဖန်
ကျိုးကြောင်းကွဲပြား ခြားနားသိရန်
တတိယမြောက် ကွန်းထောက် အမှန်
ဖြေပါလား ညွှတ်တွား ခွင့်တောင်းပန်။

ဖြေ။ ၈။ ထို တဏှာခု ဆာမှုမကျန်
စွန့်ခွာပယ်ရှင်း လွတ်ကင်းနိဗ္ဗာန်
နိရောဓ ချုပ်စဲရုပ်နာမ်
ဖြေပြီကော သဘော နှစ်ချိုက်ရန်။

မေး။ ၉။ လျှံဝါရှိန်ငြိုး ဝင့်မီးငြိမ်းရန်
လောကအားလုံး ချမှုံးတော်လှန်
အမတနန်း စုံလှမ်းတက်ရန်
မဂ္ဂင်လမ်း ဖွင့်စမ်း သော့ မြန်မြန်။

ဖြေ။ ၉။ မြင်မှု,တွေ့မှု နှုတ်မှု,ကာယ
သက်မွေး ဝိရိ သတိ လေးထွေ
သမာဓိငြိမ်း ဖြောင့်တန်းတည်စေ
မဂ္ဂင်လမ်း ခုလှမ်းလိုက်တော့လေ။

မေး။ ၁၀။ သမ္မာမှန်ဘိ ဒိဋ္ဌိအမြင်
ဘယ်လိုတရား ဘယ်များထင်
ဘယ်ပုံမြင်ရှု ထင်မှုကြောင့်ပင်
သိစေမှန်း ဖြေစမ်း ဤမဂ္ဂင်။

ဖြေ။ ၁၀။ သုခ,ဒုက္ခ ကျိုးနှစ်ဝတွင်
အဆိုး,အကောင်း အကြောင်းကိုမြင်
ရုပ်နာမ်မှလွဲ ရှိဘဲငါသင်
မြင်မှန်၏ ဒိဋ္ဌိ ဤမဂ္ဂင်။

မေး။ ၁၁။ သမ္မာမှန်သော တွေးတောဆင်ချင်
ဝိတက်အပေါင်း ထောင်သောင်းများဖြင့်
ဘယ်ပုံအရေး ကြံတွေးဆင်ချင်
သိစေမှန်း ဖြေစမ်း ဤ မဂ္ဂင်။

ဖြေ။ ၁၁။ ဖွဲ့နှောင်တုပ်ထား ချုပ်သားလူရှင်
လွတ်လပ်ဖို့ရေး မျှော်တွေးနေစဉ်
သံသာနှောင်ဂွင်း လွတ်ကင်းရာပင်
အမှန်တွေး စွေး ဤ မဂ္ဂင်း။

မေး။ ၁၂။ လောကလူသား နှုတ်မအားပင်
သမ္မာဆိုမလား ပြောကြားနေစဉ်
ဘယ်လိုစကား ပြောကြားပါလျှင်
မှန်စကား ပြန်ကြား ဖြေစေချင်။

No. 42

ဖြေ။ ၁၂။ ဝဇီကံဆိုး လေးမျိုးပယ်နှင့်
ဟုတ်သော မှန်သော ကောင်းသောနယည်
ကိုယ်ကျိုး သူကျိုး နှစ်မျိုးစုံယှဉ်
ထိုသို့ပြော မှန်သော ဤမဂ္ဂင်။

မေး။ ၁၃။ စားသောက်နေရေး ဖျော်ဖြေရေးပင်
လူရော,ရှင်ရော နေ့ရောညစဉ်
ဘယ်လိုအားထုတ် အလုပ်ကိုလျှင်
မှန်ကာယ ခေါ်ကြ ဤမဂ္ဂင်။

ဖြေ။ ၁၃။ သက်သတ်ခိုးမှု ကာမေသုကျဉ်
ဖြူစင်ရိုးသား သနားချစ်ခင်
မေတ္တာလွှမ်းမိုး ပြုရိုးလမ်းစဉ်
မှန်သဘော ကာယော ဤမဂ္ဂင်။

မေး။ ၁၄။ လောကလူသား မအားနေ့စဉ်
သက်ထိမ်းဝမ်းကြောင်း သောင်းပြောင်းများဖြင့်
ဘယ်လိုကျွေး၍ ဘယ်လိုမွေးလျှင်
မှန်ဇီဝ ဖြေပ ဤမဂ္ဂင်။

ဖြေ။ ၁၄။ ဒုစရိုက်မျိုး ပယ်ချိုးခွာနှင့်
ဖြူဟန့်စိုမကောင်း ဖြောင့်စင်းလမ်းစဉ်
သက်ထိမ်းကြောင်းမှု မွေးမှုကိုပင်
မှန်ဇီဝ ခေါ်ကြ ဤမဂ္ဂင်။

မေး။ ၁၅။ နာရီစက်ဘီး ထိုနည်းနှင်နှင်
လောကယန္တယား လှည့်သွားတွင်တွင်
ဘယ်ပုံကြိုးကုတ် အားထုတ်မှုလျှင်
ဝါယမ ဖြေပ ဤ မဂ္ဂင်။
ဖြေ။ ၁၅။ ဖြစ်ပြီး အ,ကု ခွာထုသုမ်သင်
နာဂါတ် အ,ကု တွေးရှုရှောင်ကျဉ်
နာဂါတ် ကုသလ ပြုကြအားနှင်
ဖြစ်ပြီးပွားမှတ်, မှတ်သား ဤ မဂ္ဂင်။
မေး။ ၁၆။ လောကလူချား မအားမှတ်စဉ်
သွီး-သား,နှင့် စီးပွား မြင်း-ဆင်
မှန်သည်ဆိုမလား မှတ်သားနေ့စဉ်
ဘယ်ပုံမှတ် အမြတ် ဤမဂ္ဂင်။
ဖြေ။ ၁၆။ ကိုယ်ရော, နှုတ်ရော,စိတ်ရောပြုစဉ်
တခုံမလပ် ရေးမှတ်ပုံတင်
သုခ,ဒုက္ခ,ဓမ္မစုံလင်
မှန်သတိ မှတ်ဘိ ဤ မဂ္ဂင်။
မေး။ ၁၇။ မိုယ်းပြန် မြေလျှိုး ဈာန်မျိုးစုံလင်
သမာဓိစိုး တန်ခိုးဘိညာဉ်
ဘယ်ပုံတည်ဘိ သမာဓိလျှင်
မှန်မည်လော ဖြေပြော ဤ မဂ္ဂင်။
ဖြေ၊ ၁၇။ အပ္ပနာထိ သမာဓိတွင်
ဝေါဒါန် ဂေါတြ ဘူနှ ဖြူကပ်ရှင်
မဂ်နှင့်ယှဉ်ဘိ သမာဓိလျှင်
ဖြေပြီကော မှတ်လော ဤ မဂ္ဂင်။

# သစ္စာလေးပါး အမေး-အဖြေ

မေး။ ၁။ ဒု-သ-နိ-မ္ဂ လေးဝသစ္စာ
ဉာဏ်တော်အပြား ထူးခြားချင်းရာ
ဘယ်မျှပွား၍ ဒို့ဖျားမြတ်ဖွာ
ဝေဖန်ကြောင်း ထပ်လောင်းဖြေလိုက်ပါ။

ဖြေ။ ၁။ သစ္စာလေးပါး တပါးပါးမှာ
ဉာဏ်တော်သစ္စ ကိစ္စကတာ
သုံးလီလေးခု ဆယ့်နှစ်ခုသာ
ဝေဖန်ထား ဒို့ဖျား ထွဋ်မြတ်စွာ။

မေး။ ၂။ သစ္စာ ကိစ္စ ကတဉာဏ်တော်
အမှန်ဒုက္ခ အစဖွေဆော်
ဘယ်ပုံဟောပြ လောကမြက်ဖျော်
ဖြေပါကြောင်း ခေညောင်းလွန်ကော်ရော်

ဖြေ။ ၂။ ရှိသဘာဝ ဒုက္ခသိသော်
သစ္စာ ဉာဏ ကိစ္စတဖော်
ဆင်းရဲသိအပ် သိပြီးတတ်သော်
ဉာဏ်ကတ ကြံဆ သိဘို့နှော်။

မေး။ ၃။ တဖန်ထပ်လောင်း အကြောင်းသဗ္ဗေ
သမုဒယ သစ္စကိစ္စွေ
ကတဉာဏ်များ စေ့ဖျားမုနေ
ဘယ်ပုံဟော ထပ်လော ဖွင့်ပါလေ။

ဖြေ။ ၃။ သမုဒယ ဒုက္ခမြစ်ခြေ
သိမှုသစ္စ ကိစ္စခွါသွေ
ကတပယ်ပြီး သိနည်းပုံသေ
ဤသို့ဟော ထပ်လော ဖွင့်ပါလေ။

မေး။ ၄။ ရုပ်နာမ်ချုပ်ထ နိရောဓတွင်
သစ္စာ ကိစ္စ ကတ,တပ်ဆင်
ဘယ်ပုံမြွက်ကြူး လူ့မှူးဒို့ရှင်
ဖြေပါစမ်း သစ်ဆန်း နှယ်ဉ့်ယဉ်။

ဖြေ။ ၄။ ချုပ်မှုသိထ သစ္စဉာဏ်ပင်
မျက်မှောက်ပြုအပ် ကိစ္စတပ်ဆင်
ကတဉာဏ်ကြီး ပြုပြီးခေါ်တွင်
ဖြေလျှာပန်း ဆင်မြန်း သိလွှင်လွှင်။

မေး။ ၅။ ဆင်းရဲငြိမ်းကြောင်း မဂ်ကောင်းလမ်းစဉ်
သစ္စာ ကိစ္စ ကတ,တပ်ဆင်
ဘယ်ပုံမြွက်ကြူး လူ့မှူးဒို့ရှင်
ဖြေပါစမ်း သစ်ဆန်း နှယ်ဉ်ယဉ်။

ဖြေ။ ၅။ လမ်းမှန်သိရ သစ္စဉာဏ်ပင်
သွားအပ်,ပွားအပ် ကိစ္စ တပ်ဆင်
ကတဉာဏ်ကြီး ပွားပြီးခေါ်တွင်
ဖြေလျှာပန်း ဆင်မြန်း သစ်လွှင်လွှင်။

No. 43

## ပဋိစ္စ သမုပ္ပါဒ် သရုပ်ပြ လင်္ကာ။

(၁) မျက်စိအဆင်း ပေါင်းသင်းဆုံသည်
သိထိညိမှု စွဲမှုပေါ်သည်
အစွဲစတော့ ဘဝဆုံလည်
သံသာစက် မထွက်နိုင်တော့ပြီ။

(၁) မျက်စိရုပ်ဆင်း ချုပ်ကင်းပျောက်ပြီ
သိထိညိစွဲ ချုပ်မြဲအတည်
အစွဲပြတ်တော့ ရဟတ်မလည်
ဝဋ်စက်ကြီး ဖျက်ဆီးပြစ်နိုင်သည်။

(၂) အသံနှင့်နား စုလျားဆင်ပြီ
သိထိညိမှု စွဲမှုပေါ်သည်
အစွဲစတော့ ဘဝဆုံလည်
သံသာစက် မထွက်နိုင်တော့ပြီ။

(၂) အသံနှင့်နား ချုပ်သွားပြန်သည်
သိထိညိစွဲ ပျောက်မြဲအတည်
အစွဲပြတ်တော့ ရဟတ်မလည်
ဝဋ်စက်ကြီး ဖျက်ဆီးပြစ်နိုင်သည်။

(၃) ဂန္ဓာရုံငွေ့ နှာနှင့်တွေ့သည်
သိထိညိစွဲ ပေါ်မြဲအတည်
အစွဲစတော့ ဘဝဆုံလည်
သံသာစက် မထွက်နိုင်တော့ပြီ။

(၃) နှာနှင့်အငွေ့ မတွေ့ပြယ်သည်
သိထိညိစွဲ ချုပ်မြဲအတည်

အစွဲဖြုတ်တော့ ရဟတ်မလည်
ဝဋ်စက်ကြီး ဖျက်ဆီးပြစ်နိုင်သည်။
(၄) လျှာနှင့်ရသ ဆုံကြပြန်သည်
သိထိညိစွဲ ပေါ်မြဲအတည်
အစွဲစတော့ ဘဝဆုံလည်
သံသာစက် မထွက်နိုင်တော့ပြီ။
(၄) လျှာနှင့်ရသ ကွဲကြပြန်သည်
သိထိညိစွဲ ချုပ်မြဲအတည်
အစွဲပြတ်တော့ ရဟတ်မလည်
ဝဋ်စက်ကြီး ဖျက်ဆီးနိုင်ခဲ့ပြီ။
(၅) ကိုယ်နှင့်ဖဿ တွေ့ကြပြန်သည်
သိထိညိစွဲ ပေါ်မြဲအတည်
အစွဲစတော့ ဘဝဆုံလည်
သံသာစက် မထွက်နိုင်တော့ပြီ။
(၅) ကိုယ်နှင့်အတွေ့ ကွဲရှုကုန်ပြီ
သိထိညိစွဲ ချုပ်မြဲအတည်
အစွဲပြတ်တော့ ရဟတ်မလည်
ဝဋ်စက်ကြီး ဖျက်ဆီးဒို့ နိုင်ပြီ။
(၆) နှလုံးဓမ္မ ဆုံကြပြန်သည်
သိထိညိစွဲ ပေါ်မြဲအတည်
အစွဲစတော့ ဘဝဆုံလည်
သံသာစက် မထွက်နိုင်တော့ပြီ။
(၆) နှလုံးဓမ္မ ကွဲကြပြန်သည်
သိထိညိစွဲ ချုပ်မြဲအတည်

အစွဲပြတ်တော့ ရဟတ်မလည်
ဝဋ်စက်ကြီး ဖျက်ဆီး ဒို့နိုင်ပြီ။

**အနတ္တ သရုပ်ပြ လင်္ကာ၊**

(က) ရုပ်ပင်ငါဘဲ ရုပ်ထဲငါထင်
ရုပ်မှပေါ်ထွက် ရောယှက်ငါမြင်
ရုပ်ပျိုကွဲတော့ ငါလဲပျက်အင်
ငိုမြည်ကြွေး ပူဆွေးသောကဝင်။
(ခ) နာမ်ပင်ငါဘဲ နာမ်ထဲငါထင်
နာမ်မှပေါ်ထွက် ရောယှက်ငါယှဉ်
နာမ်ချုပ်စဲတော့ ငါလဲချုပ်အင်
ငိုမြည်ကြွေး ပူဆွေးသောကဝင်။
(ဂ) မိဘသက်ထား စီးပွားခင်သည်
သားရော မြေးရော သံရောဇဉ်ချီ
ငါတလုံးပျောက် လွတ်မြောက်နိုင်သည်
ကျင့်စဉ်လမ်း ဖြောင့်တန်း နိဗ္ဗာန်ဆီ။
(ဃ) ချစ်၍မသီး ဇနီးဒါလီ
သားနှင့်သမီး ဖွဲ့ဆီးနှောင်ချီ
ငါတလုံးပျောက် လွတ်မြောက်နိုင်သည်
ကျင့်ကြံစမ်း မျှော်မှန်း နိဗ္ဗာန်ပြည်။
(င) နာမ်ရော,ရုပ်ရော ဒုက္ခောမှန်သည်
သူဘဲ့ ငါဘဲ မစွဲသင့်ပြီ
ဖြစ်ပျက်ဆိုတဲ့ သဘောတရားသည်
ကျင့်ကြံစမ်း မျှော်မှန်း နိဗ္ဗာန်ပြည်။